
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၁၁၀၃၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၀၅၀၇၀၇
ပုံနှိပ်ခြင်း - ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀၀ ကျပ်
အဖုံးဒီဇိုင်း - ဘိုဘိုထွန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၆၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွှန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးဦးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွှန့်၊ ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com

၃ တောင်ကုန်းတောင်တန်းတို့သာ ဝန်းရံထားသော ဒီဒေသသို့ သူမ၏ ပထမဆုံးဝန်ထမ်းဘဝအဖြစ် ယနေ့ ရောက်ရှိလာပါပြီ။ သူမ စတင်ရောက်သောနေ့မှာပင် ဒီတောင်တန်းဒေသလေးသည် အဖြူရောင်နှင်းမှုန်ဓာပဝါတို့ လွှမ်းခြုံထား၏။

"အား…အေးလိုက်တာ"

သူမက ဖြူနုပြည့်တင်းသော လက်လေးနှစ်ဖက်ကို အချင်းချင်း အသာပွတ်သပ်ကာ နှုတ်မှ အသာညည်းလိုက်၏။ ရန်ကုန်ဒေသမှ လာသော သူမအတွက် ဒီတောင်တန်းဒေသ၏ အချမ်းဓာတ် ပိုကဲလှတယ်ဟု ထင်မိသည်။

ထိုစဉ်…

"ဒေါက်တာယုယမေ ဆိုတာလား"

"ရှင်"

အနီးကပ်မေးသံကြောင့် သူမကြည့်လိုက်တော့ အသက်သုံးဆယ်ဝန်းကျင်ရှိ အရပ်မြင့်မြင့်၊ ကိုယ်ဟန်တောင့်တင်းတန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတွင် မုတ်ဆိတ်၊ ပါးမြိုင်းမွေးတို့ဖြင့် လူတစ်ယောက်။ သေချာတာကတော့ သူမအသည် ထိုလူကို တစ်ခါမှမမြင်ဘူးပါ။

"ကျုပ်က ရွာလူကြီး ဦးပန်းဆိုင်ကိုယ်စား ခင်ဗျားကို လာကြိုတာပဲ"

"ရှင်...ဟုတ်ကဲ့ ကျွန်မဒေါက်တာယုယမေပါ၊ ဒါနဲ့ ရှင်က"

"ကျုပ်နာမည် စဝ်ရန်နိုင်"

သူက အသံပြတ်ဖြင့် ဖြေသည်။ အစကတည်းက သူ့လေသံသည် အနည်းငယ်မာချင်သယောင်၊ တကယ်တော့ သူ့ပုံစံကလည်း နာမည်နှင့်လိုက်အောင် အချိုးအဆက်ပြေနေသူမဟုတ်ပါ။ မျက်ခုံးထူထူများ အနည်းငယ်တွန့်လျက် နှုတ်ခမ်းတင်းတင်းစေ့ထားပုံက တစ်လောကလုံးကို အလိုမကျဟန်။

မှန်တာပြောရလျှင် သူမအဖို့ ခရီးရောက်မဆိုက် ဒီလိုလူမျိုးနှင့် တွေ့တာ စိတ်ဘဝင်မကျစရာပါ။ သို့သော် သူမက ဒီဒေသ၏ဧည့်သည်၊ ပထမဆုံးအကြိမ် ရောက်ဖူးသည့်နေရာမို့ ဘယ်ကိုသွား၍ ဘယ်ကိုလာရမှန်းမသိတာမို့ ဦးပန်းဆိုင်ကိုယ်စား လာကြိုတဲ့သူကိုပင် ကျေးဇူးတင်ရမလိုပါ။

"ဒေါက်တာပစ္စည်းတွေ ဒါအကုန်ပဲလား"

"ရှင်...ဟုတ်ကဲ့"





"ဒါဆို ဒေါက်တာ ကားပေါ်ကြွပါ"

"ဟို ...ဒီပစ္စည်းတွေက"

"ရတယ်၊ ကျုပ်ယူခဲ့မယ်"

သူက ပြောပြောဆိုဆို သူမ၏ ကြီးမားလှသော အတက်ချိကျေစ် သေတ္တာကြီးနှစ်လုံးကို ဖျတ်ခနဲ ကောက်မလေသည်။

အို...ကြည့်စမ်း သူမအင်အားလေးနှင့် ထိုသေတ္တာတစ်လုံးတောင် ကောင်းကောင်းမနိုင်ခဲ့ရသမျှ သူကျတော့ ပန်းလေးနှစ်ပွင့် ကောက်ယူသလို ပေါ့ပါးလိုက်တာ။ အင်းလေ...သူ့ရဲ့ ခန္ဓာကိုယ်ကလည်း တောင့်တောင့်တင်းတင်းကြီးဆိုတော့ ထိုသေတ္တာနှစ်လုံးကို အသာလေးမနိုင်တာ မဆန်းပါ။

ထိုအတွေးဖြင့် သူမက မလှမ်းမကမ်းတွင် ရပ်ထားသော အစိမ်းရောင် အမေရိကန်ဂျစ်ကားလေးပေါ်သို့ တက်လိုက်၏။ သူက နောက်ခန်းတွင် သေတ္တာနှစ်လုံးကို သေချာစွာတင်ပြီး ရှေ့ခန်းကားမောင်းသူနေရာ ပြန်လာသည်။

"ဒေါက်တာ ဘာစားပြီးပြီလဲ"

"ရှင်"

"ဒီကနေသွားရင် သုံးနာရီလောက် မောင်းရမယ်၊ တကယ်လို့ ဒေါက်တာ ဘာမှမစားရသေးဘူးဆိုရင် ဆာနေမယ်၊ တစ်ခုခုစားထားတာ ပိုကောင်းမယ်ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ခ

သူလေသံတည်ပြတ်ပေမယ့် စေတနာစကားပါနေတာမို့ သူမ ခွင့်လွှတ်လိုက်၏။ တကယ်လည်း သူမ ယခုချိန်ထိ ဘာမှ မစားရသေးပါ။

"ရှင် အဆင်ပြေမယ်ဆိုရင်တော့ ကျွန်မ တစ်ခုခုစားချင်ပါတယ် ဦးစိပ်ရန်နိုင်"

"ဒါဆို…ကျုပ် ဈေးဂိတ်မှာ ခဏနားမယ်"

"ဟုတ်ကဲ့"

သူပြောတဲ့ဈေးဂိတ်ဆိုတာ မသိပေမယ့် ခေါင်းညိတ်လိုက်သည်။ သူမ၏အကျင့်မှာ ကိုယ့်ကြောင့် လူတစ်ဘက်သား အလုပ်ပိုမှာ၊ စိတ်အနှောင့်အယှက်ဖြစ်မှာမျိုး လုံးဝမလိုလားပါ။ ထို့ကြောင့် ဘယ်နေရာရောက်ရောက် အတတ်နိုင်ဆုံး အဆင်ပြေအောင်နေ၏။

နောက်ထပ် သူဘာစကားမှ မပြောတော့ဘဲ ကားကို သာမန်ထက် အနည်းငယ်ပို၍ မြင့်မောင်းလေ၏။ ပတ်ဝန်းကျင်မှာတော့ တစ်ဘက်တစ်ချက် တောင်ပြာတန်းများ ကာဆီးလျက်။ ကားအရှိန်ပိုမြင့်လာတာကြောင့် အအေးဓာတ်ရရှိမှုကလည်း ပိုလာသလိုပါပဲ။

သူမက ဆွယ်တာအင်္ကျီကို ရင်ဘတ်သို့ အသာဆွဲဆေ့လိုက်၏။ လေအရှိန်ကြောင့် သူမ၏ နက်မှောင်ရှည်လျားသော ဆံကေသာတို့ လေထဲလွင့်မျောလျက်။





မကြာခင် လူအနည်းငယ် စည်ကားသော နေရာသို့ ရောက်ရှိလာသည်။ သူကားကို တုံ့ခနဲရပ်၏။

"ဒါ…ဈေးဂိတ်ပဲ၊ ဟောဒီဆိုင်မှာ ရှမ်းခေါက်ဆွဲကောင်းတယ်၊ ခေါက်တာစားနှင့်ပါ"

"ရှင်က"

"ကျုပ် ဈေးထဲဝင်ပြီး မိုးစေ့အိတ်နဲ့ စာအုပ်တွေဝင်ယူရဦးမယ်"

သူပြောရင်း ကားပေါ်မှ ဖျတ်လတ်စွာ ဆင်းသွား၏။ ဇိုက်ထဲအနည်းငယ် ဆာလာတာမို့ သူမလည်း ကားပေါ်မှ ဆင်းကာ ဆိုင်ထဲဝင်ခဲ့သည်။

"ဘာစားမလဲ ဆရာမလေး"

ဆိုင်ထဲတွင် လူတချို့ စားနေတာ တွေ့ရ၏။ သူမဝင်လာတာတွေ့တော့ ဆိုင်ရှင်အမျိုးသမီးကြီးက လှမ်းမေးသည်။

"ကျွန်မကို ရှမ်းခေါက်ဆွဲတစ်ပွဲပေးပါ"

"အသုပ်လား၊ အရည်ဖျော်လား ဆရာမလေး"

သူမမှာ ထိုအမေးကြောင့် ရုတ်တရက် မျက်လုံးဝိုင်းသွားပြီးမှ ချက်ချင်း…

"အသုပ်ပဲပေးပါ"ဟု ကမန်းကတန်းလေး ဖြေလိုက်ရ၏။ ဆိုင်ထဲကလူတချို့မှာ သူတို့နဲ့ ပုံစံမတူ လှပချောမောသော



www.burmeseclassic.com

www.burmeseclassic.com



သူမကို တစ်ခါစီ လှည့်ကြည့်၏။

"ဆရာမလေးက ဧည့်သည်ထင်တယ်"

"ရှင်...ဟုတ်ပါတယ် ဒေါ်ဒေါ်"

ဆိုင်ရှင်အမျိုးသမီးကြီးက သူမကို ရှမ်းအသုပ်ပွဲချပေးရင်း ပြုံး၍မေး၏။ ခေါင်းပေါင်း၊ အင်္ကျီနက်၊ ဘောင်းဘီနက်တို့အပြင် တခြားတိုင်းရင်းသားတချို့ကိုလည်း တွေ့ရသည်။ သူတို့ကြားမှာ နက်ပြာရောင်ပါတိတ်မှာ အဖြူပွင့်နွယ်တို့ဖြင့် ဝမ်းဆက်ကိုဝတ်ကာ အဖြူရောင် ယုန်မွေးဆွယ်တာကို အပေါ်မှထပ်ဝတ်လျက် ခါးလည်ထိ ရှည်သောဆံပင်ထူထူတို့ကို ဖြန့်ချကာ အသားရောင် စလင်းဘက်ခ်အိတ် လွယ်ထားသော သူမပုံစံက တစ်မူထူးခြားနေသည်မဟုတ်လား။

"စောစောက စစ်ရန်နိုင်ကားပေါ်က ဆင်းလာတာမြင်တယ်၊ စစ်ရန်နိုင်နဲ့ ဘာတော်လဲဇေ့"

"အို...ဘာ...ဘာမှမတော်ပါဘူးရှင်၊ သူက ကျွန်မကို ကိုယ်စားလာကြိုတာပါ"

ရောက်မဆိုက် လူစွာဟန်နှင့် စစ်ရန်နိုင်ဖြင့် အထင်မှားမှုကြောင့် သူမ ကမန်းကတန်းလေး ရှင်းပြလိုက်ရ၏။

"မသိပါဘူးဇေ့...တို့က သူမိန်းမရလာတယ်ထင်လို့ မေးကြည့်တာပါ၊ အားနာပါတယ်"





ရိုးသားသော လူတွေမို့ စကားပြောတာ ပွင့်လင်းလှ၏။ 'တောင်းပန်ပါတယ်'ကို 'အားနာပါတယ်'ဟု ပြောခြင်းဆိုတာ သူမနားလည်သည်။

"ရပါတယ် ဒေါ်ဒေါ်၊ မသိလို့ ပြောမိတာပဲ ကျွန်မက ဒီကိုပြောင်းလာတဲ့ ဒေါက်တာ ယုယမေပါ"

သူမက ကိုယ့်ကိုယ်ကို မိတ်ဆက်လိုက်၏။ သူတို့အားလုံးက သူမကို ထူးဆန်းသလို ဝိုင်းကြည့်သည်။

"အို...ဒေါက်တာမလေးက ငယ်ငယ်ချောချောလေးပါလား၊ ဒီလောက်ငယ်ရွယ်ချောမောတဲ့ မိန်းကလေးက ဝေးလံတဲ့တို့ဒေသဆီလာတာ ကျေးဇူးတင်စရာပဲ"

"ဟုတ်တယ်ဇေ့၊ ဒီဆရာဝန်မလေးက သတ္တိရှိတယ်"

သူတို့ဝိုင်း၍ ချီးကျူးတော့ သူမ မနေတတ်သလိုပါ။ ထို့ကြောင့် သူတို့ကို ပြုံးပြလိုက်သည်။

"ဒီလိုလည်း မဟုတ်ပါဘူးရှင်၊ ကျွန်မက အမှုထမ်းဆိုတော့ ကျရာတာဝန်ယူရတာပါ၊ ဒါမှ ပြည်သူ့ဝန်ထမ်းကောင်းပီသမယ်မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် ငါတို့ကတော့ ဆရာဝန်မလေးကို ချီးကျူးတယ်၊ ခုလိုလာတဲ့အတွက် ကျေးဇူးလည်း တင်တယ်ဇေ့"

သူတို့အချင်းချင်း တိုင်းရင်းသားလိုလည်း ပြောလိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သေး၏။ သူမစားလို့ပြီး၍ ပိုက်ဆံရှင်းပေမယ့် ဆိုင်ရှင်က လက်မခံ။

"ဆရာဝန်မလေးကို ငါ ညှေ့ခံတာပါဝေ့၊ ပိုက်ဆံမပေးပါနဲ့"

"အို…ဒီလိုဘယ်ဟုတ်မလဲ ဒေါ်ဒေါ်၊ ဒါကအလုပ်ပဲယူပါရှင်"

သူမက ပိုက်ဆံဖွတ်တိုးပေး၏။ ဆိုင်ရှင်က ခေါင်းခါသည်။ ထိုစဉ် စဝ်ရန်နိုင်ရောက်လာသည်။

"ဘာဖြစ်နေတာလဲ ဒေါက်တာ"

"ဟို…ကျွန်မ မုန့်စားပြီး ပိုက်ဆံပေးတာ၊ ဒီကအဒေါ်မယူလို့ အဲဒါ"

သူလက်ကာပြပြီး ဆိုင်ရှင်နှင့် ရှမ်းလိုပြော၏။ ခဏနေမှ သူမဘက်လှည့်လာကာ…

"သူတို့က ဒေါက်တာကို လေးစားနေကြတယ်၊ ဒါကြောင့် သူတို့ညှေ့ခံတာ လက်ခံလိုက်ပါ ဒေါက်တာ"

သူမ သက်ပြင်းလေး ကြိတ်ချရင်း ပိုက်ဆံကို ပြန်သိမ်းလိုက်ရ၏။

"ဒီလိုသာလုပ်နေရင်တော့ ကျွန်မ နေ့တိုင်းလာစားရင် လက်ခံပါ့မလားဟင်"

"ရပါတယ် ဆရာဝန်မလေး၊ ဆရာဝန်မလေးတောင်





တို့ဒေသကို တန်ဖိုးထားတာ၊ တို့က ဆရာဝန်မလေးအပေါ် ဘာကြောင့် စေတနာမထားနိုင်ရမှာလဲဝေ့၊ နေ့တိုင်းလာစားပါ"

သူတို့စေတနာကို သူမ အလျှော့ပေးရမလိုပါလား။ သူမ ပြုံးလိုက်ရင်း…

"ကျေးဇူးတင်ပါတယ်ရှင်၊ နေ့တိုင်းလာစားချင်ပေမယ့် အားမှာမဟုတ်လို့ နောင်ကြုံရင် ဝင်လာပါ့မယ်"

"ခြော်"

သည်ထက်လည်း သူ့စကို ပို၍မမေးမိတော့ပါ။ လမ်းခရီးက အနည်းငယ်ကြမ်းတာကြောင့် ဗိုက်ထဲအဆာရှိ၍ ခံသာတော့၏။

"ရောက်တော့မှာပါ ဒေါက်တာ"

ငြိမ်သက်နေသော သူမကို သူ ဖျတ်ခနဲလှည့်ကြည့်ကာ ပြောသည်။ ကြည့်စမ်း မရောက်သေးဘူးလားဟု သူမ မေးချင်စိတ်ကို သူသိနေသလား။

မကြာခင်မှာပင် သူမတို့စီးလာသော ကားသည် တောမကျ မြို့မကျ အေးချမ်းတိတ်ဆိတ်သော ရွာကြီးထဲ ဝင်ရောက်လာ၏။ ထို့နောက် အုတ်နီတို့ဖြင့် တည်ဆောက်ထားသော အကြမ်းပုံသဏ္ဌာန်ရှိ နှစ်ထပ်တိုက်ခံရှေ့သို့ ကားကို ထိုးရပ်၏။

အိမ်ထဲမှ ခေါင်းပေါင်း၊ အနွေးထည်ထူထူ၊ ရှမ်းဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



ပွဖြင့် အသက်ငါးဆယ်ကျော်ဝန်းကျင် လူကြီးတစ်ဦး ထွက်လာသည်။

"စဝ်ရန်နိုင် ပြန်လာပြီ၊ ဆရာဝန်ကော"

"ကျွန်မ ဒေါက်တာယုယမေပါ"

"ဟာ့…ဆရာဝန်မလေးက ငယ်ငယ်ရှိပါသေးလား၊ ဆရာဝန်မလေးကို ကျုပ်ကိုယ်တိုင် လာမကြိုနိုင်တာ ခွင့်လွှတ်ပါ၊ ကျုပ် နေမကောင်း ဖြစ်သွားလို့ပါ"

"ကျုပ်က ရွာလူကြီး ဦးပန်းဆိုင်ပါ"

ဦးပန်းဆိုင်၏မျက်နှာမှာ နေမကောင်းရှိန်ကြောင့် အနည်းငယ် နီရဲနေသည်။

"ကိစ္စမရှိပါဘူး ဦးလေး၊ ကျန်းမာရေးက အရေးကြီးပါတယ်ရှင်၊ အခုကော ဦးလေး သက်သာရဲ့လား"

"ကျုပ် တိုင်းရင်းဆေးတော့ သောက်ထားပါတယ် ဆရာဝန်မလေး၊ ဆရာဝန်မလေးလည်း ခရီးပန်းလာတော့ အနားယူပါဦး"

ဦးပန်းဆိုင်က အိမ်ထဲဘက်လှည့်ကာ ရှမ်းလိုပြောသည်။ မကြာခင် မျက်လုံးအစ်အစ်၊ အသားဖြူဖြူနှင့် အသက်ငါးဆယ်ဝန်းကျင် ခပ်ဝဝ အမျိုးသမီးတစ်ဦး ထွက်လာ၏။

"ဒါ ဦးလေးရဲ့မိန်းမ မနော်လောင်ပဲ၊ ဆရာဝန်မလေး





သူနဲ့လိုက်သွားပါ"

"ဟုတ်ကဲ့ ဦးလေး၊ ဩော်"

ယခုမှ သူမကိုလာကြိုသော စဝ်ရန်နိုင်ကို သတိရ၍ ကြည့်လိုက်တော့ သေတ္တာနှစ်လုံးမှလွဲ၍ လူရိပ်လူယောင် မတွေ့ရ။ ဦးပန်းဆိုင်က သူမအဖြစ်ကို ရိပ်မိကာ…

"စဝ်ရန်နိုင် ပြန်သွားပြီ ဆရာမလေး"

"ရှင်"

"ဟုတ်တယ်၊ သူ တာဝန်ကျေပြီလို့ ထွက်သွားတာ"

"အို…ကျွန်မတောင် နှုတ်မဆက်လိုက်ရဘူး"

ဘယ်လိုပဲဖြစ်ပါစေ သူမကို လာကြိုပေါ်ရသော စဝ်ရန်နိုင်အား အနည်းဆုံး ကျေးဇူးတင်စကားလေးတစ်ခွန်းတော့ ပြောလိုက်ချင်ပါ၏။

ယခုတော့ သူမကိုတောင် တစ်ချက်နှုတ်မဆက်ဘဲ ထွက်သွားတဲ့ စဝ်ရန်နိုင်အား ဘယ်လိုနားလည်ရမလဲ။

"မီး…လာ"

ဦးပန်းဆိုင်၏ ဇနီးမှာ မြန်မာစကားပင် ကောင်းကောင်း တတ်ဟန်မတူ၊ သူမလက်ကို ဆွဲခေါ်လေ၏။ သူမ သေတ္တာနှစ်လုံးကို ကောင်လေးတစ်ယောက် သယ်လာပေးသည်။

"လောလောဆယ်တော့ ဆရာမလေး ဒီမှာနေပါ၊ ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



အားနာစရာမရှိပါဘူး"

ဦးပန်းဆိုင် နောက်မှ လိုက်လာကာ ပြောသည်။ အပေါ်ထပ်တစ်ခုလုံး သူမတစ်ယောက်တည်း နေစေ၏။

"ဟို…ဦးလေးတို့က"

"ကျုပ်တို့လင်မယား အောက်ထပ်မှာပဲနေတယ်၊ တစ်နေ့ကုန်လို့ အပေါ်ထပ် တစ်ခါမှ မရောက်ဘူးကွယ့်"

"သြော်…ဟုတ်ကဲ့"

လူကြီးတွေဆိုတော့ သွားရလာရ လွယ်ကူသည့် အောက်ထပ်မှာပဲ အချိန်ကုန်ပုံရ၏။ သူမအတွက် ပြင်ထားသော အခန်းမှာ ခုတင်တစ်လုံး၊ ဗီရို၊ မှန်တင်ခုံကြမ်းတို့သာ ရှိ၏။ ခုတင်ပေါ်မှာ မွေ့ရာမထူမပါး၊ ခေါင်းအုံးနှင့် ပွမ်းစောင်ထူတို့ တွေ့ရသည်။

"ရေချိုးခန်းနဲ့ သန့်စင်ခန်းကတော့ အောက်ထပ်မှာပါ ဆရာမလေး"

တောနေအိမ်မို့ အပေါ်ထပ်တွင် တစ်ဆက်တည်း ရေချိုးခန်း ဟို့ ရှိမနေပါ။ ရောက်ရာအရပ်တွင် အဆင်ပြေအောင်နေဖို့ ဆုံးဖြတ်ထားသော သူမအဖို့ ဒါတွေက ပြဿနာမဟုတ်ပေ။

"ရပါတယ် ဦးလေး၊ ကျွန်မအတွက် ဒီလောက်အဆင်ပြေတာပဲ ကျေးဇူးတင်ပါတယ်"

"ဒါဆို ဆရာမလေး ခဏနားပြီးမှ ထမင်းစားကြတာ





ပေါ့၊ လွတ်လွတ်လပ်လပ် အနားယူပါ"

"ဟုတ်ကဲ့"

ဦးပန်းဆိုင်တို့ လင်မယားက အပေါ်ထပ်မှ အလိုက်သိစွာ ထွက်သွားလေ၏။ ခရီးအနည်းငယ် ပင်ပန်းလာတာမို့ သူမခုတင်ပေါ်တွင် ကျောအနည်းငယ် ဆန့်လိုက်၏။ မကြာခင် နွေးထွေးသောဓာတ်ကြောင့် သူမမျက်လုံးလေး မှေးခနဲ စင်းကျလာတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

# ယုယမေ



"မေ…မေ ရှင့်ကို ဟိုမှာ မင်းဧယျာ လာစောင့်နေတယ်"

အနားကပ်၍ တိုးတိုးပြောလိုက်သော သူငယ်ချင်းဝါဝါ၏ စကားကြောင့် သူမမျက်တောင်ကော့များပင့်၍ ရှေ့သို့ကြည့်လိုက်တော့…

အို…ဟုတ်ပါရဲ့။ မင်းဧယျာတစ်ယောက် သူမလာမည့်လမ်းမှာ အဖြူရောင်လီမိတက်ကားကို မှီကာ လက်ပိုက်၍ ခပ်တည်တည် စောင့်နေပါလား။

ရုတ်တရက် သူ့ကိုမြင်တော့ သူမရင်ထဲ တိတ်တဆိတ် လှုပ်ရှားသွားရ၏။ မင်းဧယျာဆိုတာက သူမတို့ဆေးတက္ကသိုလ်ရဲ့ ဘုရင်တစ်ပါးလေ။ အဖေက ကုမ္ပဏီပိုင်ရှင်၊ အမေက စိန်ကုန်သည်တို့က မွေးဖွားလာသော သားတစ်ယောက် ဖြစ်တဲ့အပြင် စာကလည်းတော်ကာ ဆေးတက္ကသိုလ် တက်ရောက်ခဲ့၏။ ထို့အပြင် မင်းဧယျာက လူချောတစ်ယောက်၊ မပိန်မဝ အရပ်မြင့်မြင့်မှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် မိန်းမသား တွေကြား မင်းသားတစ်ပါးနှယ် ပေါ်လွင်ထင်ရှားသူပါ။

ထိုလိုလူက သူမကို လာစောင့်တယ်ဆိုတာ ရင်မခုန်ဘဲ နေနိုင်မလား၊ တကယ်ဆို မင်းဧယျာနှင့် သူမအခြေအနေက ကွာခြားလှ၏။ သူမမှာ ဖခင်မရှိတော့ဘဲ မိခင်မုဆိုးမကြီးနှင့် မရှိမရှားဘဝတွင် နေလာခဲ့ရသည်။

ဘဝအကြောင်းကို ငယ်စဉ်ကတည်းက နားလည်သော သူမသည် စာကိုသာ တစိုက်မတ်မတ် ကြိုးစားခဲ့၏။ နောက်ဆုံး သူမ ဝါသနာပါသော ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ရလေ သည်။

"ငါ့သမီးလေးဟာ တစ်နေ့ သူနာပြုနှင့်ထက်မြက်မယ့် မိန်းကလေး ဖြစ်မယ်ဆိုတာ အမေယုံကြည်ပြီးသားပဲ၊ ခုလို ဆရာ ဝန်လောင်းဖြစ်လာတော့ အမေဝမ်းသာမဆုံးဘူးကွယ်"

ဆယ်တန်းကို ဂုဏ်ထူးများနှင့် အောင်စဉ်က အမေသည် ကျေနပ်ပီတိဖြင့် သူမနဖူးမှ ဆံပင်လေးတို့ကို ဖွဖွသပ်လျက် ကြည်နူးမျက်ရည်ဝဲစွာ ပြောခဲ့၏။

"သမီး...ဆေးတက္ကသိုလ်တက်ရလို့ အမေပင်ပန်းမလား ပဲဟင်"

"အိုကွယ်...မဟုတ်တာ၊ အမေ့မှာ အင်အားတွေရှိပါ





တယ်၊ ပြီးတော့ သမီးအတွက်ဆိုပြီး အမေစုထားတာတွေ ရှိတယ်"

အမေက ပြောပြောဆိုဆို သေတ္တာဟောင်းလေးကို ဖွင့် သည်။ ထို့နောက် သူမ မျှော်လင့်မထားသော တစ်ကျပ်သားခန့် ရွှေဆွဲကြိုးဝင်းအိအိမှာ စိန်လော့ကတ်သေးသေး၊ စိန်နားကပ်သေး သေးတစ်ရံနှင့် ရွှေရည်ဝင်းအိနေသော လက်စွပ်ထူထူပြောင်ကွင်းတို့ ကို ပေးသည်။

"အမေ...ဒါတွေက"

ဆယ်တန်းအောင်ချိန်ထိ သူမကို ပုလဲနားကပ်လေးတစ်ရံ မှလွဲ၍ အမေ ဘာမှမဆင်ခဲ့ပါ။ ယခုလို မျှော်မှန်းမထားသော ဖစ္စည်းတွေ မြင်ရတော့ သူမအံ့ဩမိတာအမှန်။ အမေကိုယ်တိုင် လည်း ရိုးရိုးခြယ်နားကပ်လေးတစ်ရံဝတ်တာကလွဲပြီး ဒီပစ္စည်းများ တစ်ခါမှ ထုတ်ဝတ်ခဲ့တာ မတွေ့ဖူးပါ။ သူမ အံ့ဩနေတော့ အမေ ပြုံးသည်။

"ဒါတွေအားလုံး သမီးအတွက် အမေစုထားတာ၊ သမီး တက္ကသိုလ်တက်ရင် ဝတ်ဖို့လေ"

"အို"

"ကဲ...လာ သမီးကို အမေကိုယ်တိုင်ဆင်ပေးမယ်"

သူမ၏ ဖြူနုသော လည်တိုင်လေးကို အမေ့ရှေ့ အသာငုံ့ ပေးလိုက်သည်။ အမေကိုယ်တိုင် ဆင်ပေးသော ဆွဲကြိုးလေး



www.burmeseclassic.com

www.burmeseclassic.com



လှည့်ပင်းပေါ်ရောက်တော့ ပီတိအပြုံးဖြင့် အမေသည် သူမကိုကြည့်၏။

"တကယ်တော့ ငါ့သမီးလေးဟာ အထက်တန်းစားရုပ်ရည်လေးပါ၊ အမေသာ ချမ်းသာခဲ့ရင် သမီးကို ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်ခိုင်းမယ်"

"အို…အမေရယ်၊ ခုလည်း သမီး မချို့တဲ့ပါဘူး၊ အမေထားသလောက်နဲ့ သမီး ရောင့်ရဲကျေနပ်ပါတယ်"

အမေ့စေတနာကို သိတာကြောင့် သူမ နှစ်သိမ့်လိုက်၏။ အမေတစ်ယောက်ရဲ့ ခွန်အားနဲ့ သူမအဖို့ ဒီလိုနေနိုင်တာ ကျေးဇူးတင်ရမည်။

"အင်း…ငါ့သမီးလေး လိမ္မာတာ အမေသိပါတယ်၊ ငါ့သမီး အသားလေးတွေက ဒီရွှေလိုပဲ ဝင်းနှစ်နေတာ၊ ဒီဆွဲကြိုးလေးဝတ်လိုက်တော့ သိပ်ပဏာရတာပဲ၊ ကဲ…ကဲ နားကပ်လေးနဲ့ လက်စွပ်လေး ဝတ်လိုက်ပါဦး"

"ဟုတ်ကဲ့ အမေ"

အမေကျေနပ်စေရန် သူမက ပစ္စည်းတွေကို တစ်ခုချင်းဝတ်လိုက်၏။ အားလုံးဝတ်ပြီးချိန်မှာတော့ အမေက သူမကို ပြုံးပြုံးကြီး ကြည့်သည်။

"သိပ်ကိုလှတဲ့ အမေ့သမီးလေးပဲ၊ အမေ့သမီးဟာ တစ်နေ့





တကယ့်အထက်တန်းဘဝကို ပိုင်ဆိုင်မှာပါ"

"အမေပြောတဲ့အတိုင်း ဖြစ်ပါစေ"

သူမကတော့ ကိုယ့်ပညာသာ အားကိုး၏။ လူဆိုတာဘဝမြင့်ချင်လျှင် ကိုယ့်ကိုယ်ကို မြှင့်တင်ရမည်မဟုတ်လား။

ဆေးတက္ကသိုလ်ရောက်တော့ သူမသည် မမျှော်လင့်ဘဲ ဖရက်ရှာဝဲလ်ကမ်းမှာ 'ကွင်း' ဘွဲ့ရခဲ့၏။ တကယ်ဆို သူမထက်ခေတ်မီလှပချောမောသူတွေ အများကြီးပါ။ ပြီးတော့ သူတို့က ကိုယ်ပိုင်ကားနှင့် တက်နိုင်သူများ။

"ဘာကြောင့်များ ကျွန်မကို လာရွေးကြတာပါလိမ့်နော်"

မျက်တောင်ကော့ကြီးများ တစ်ဖျပ်ဖျပ်ခပ်လျက် မသိနားမလည်သော မျက်လုံးဝိုင်းကြီးများဖြင့် သူမပြောတော့ သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ဝေဖန်သည်။

"ဘာကြောင့် ဟုတ်လား ယုယမေ၊ ပထမဆုံးအချက်ကို ပြောရရင် ယုယမေဆိုတဲ့ ရှင့်ရဲ့အမည်ကိုက ထူးခြားနေပြီ၊ ယောကျ်ားတွေဘက်က စဉ်းစားကြည့်ပါလား၊ သူတို့ကို ယုယမယ့်မေ"

"ဟင်…သန်းသန်းနော် ဘာတွေလျှောက်ပြောနေတာလဲ"

သူမအနေဖြင့် စာကိုသာ တစိုက်မတ်မတ် ကြိုးစားခဲ့

www.burmeseclassic.com

www.burmeseclassic.com



တာမို့ ယောကျ်ားတွေကို စိတ်မဝင်စားခဲ့ပါ။ မှန်တာပြောရလျှင် သူမကို မေတ္တာတောင်းခံခဲ့သည့် အမျိုးသားတွေရှိပေမယ့် အားလုံး လျစ်လျူရှုခဲ့၏။

သူမတို့ဘဝက အချစ်ရေးထက် ဘဝရေးကို ဦးစားပေးရမည်မဟုတ်လား။ သည်တော့ ယောကျ်ားတွေနှတ်များမှာ သူမက ရုပ်လေးလှသလောက် အသည်းမာသည်တဲ့။

"ကျွန်မ ငယ်ပါသေးတယ်၊ အချစ်အကြောင်း မစဉ်းစားသေးပါဘူး"

သူမ မေတ္တာတောင်းခံလာသူအားလုံးကို ထိုကဲ့သို့ ယဉ်ကျေးစွာပင် ငြင်းပယ်ခဲ့၏။

ဤသို့ဖြင့် တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးလာသည်။

"ဒီမှာမေ…ရှင်ကရလ သူများတွေလို နောက်ဆုံးပေါ် အလှပြင်ပစ္စည်းတွေနဲ့ ပြင်စရာမလိုအောင် ရှေ့ရုပ်လေးလို ဝင်းအိနေအောင်လှတာ"

"ဟုတ်တယ် မေရဲ့၊ ရှင်က အသားအရောင် ရွှေလိုဝင်းအိနေတာမဟုတ်ဘူး၊ အရပ်လေးကလည်း မနိမ့်မမြင့်၊ ခန္ဓာကိုယ်လေးကလည်း မဆူမကြုံ၊ ဒီကြားထဲ အထူးလေ့ကျင့်ခန်းယူစရာမလိုဘဲ အိမ်အလုပ်တွေ ရှင်လုပ်ရတော့ ရှင့်ရဲ့ ခေတ်မီအချိုးအစားဟာ မယ်မြန်မာတွေတောင် အရှုံးပေးလောက်အောင် ပြေပြစ်ပါရဲ့၊





အံမယ် ဒါ့အပြင် ရှင့်ရဲ့ ဆံပင်တွေကလည်း နက်မှောင်သန်စွမ်းပြီး ရှည်လျားလိုက်တော့ ဝင်းဝါတဲ့ အသားအရေနဲ့ ဘယ်လောက်လိုက်ဖက်လဲ"

မျက်နှာလေးကလည်း ဘာအစက်အပြောက်မှ မရှိအောင် ချောမောလှလိုက်တာ၊ မျက်တောင်ကော့ကော့ကြီးတွေက အတုတပ်ထားသလိုလို၊ နှာတံလေး စင်းဖြောင့်နေတာက တောင်တန်းလေး စင်းတဲ့အတိုင်း…

မျက်လုံးဝိုင်းကြီးတွေက အရည်တလက်လက်နဲ့၊ နှုတ်ခမ်းထူအိအိလေးဆို ဆေးမဆိုးဘဲရဲလို့ နှင်းဆီဖူးငုံလေးအတိုင်း။

မှန်ထာပြောရလျှင် သူငယ်ချင်းတွေပြောနေသော သူမ၏ အလှအပများကို ကာယကံရှင်ဖြစ်တဲ့ သူမ လုံးဝသတိမထားခဲ့ပါ။

ကျောင်းသွားသွား၊ အိမ်မှာနေနေ၊ သနပ်ခါးရေကျဲလေး လူးကာ ရုပ်အင်္ကျီပွပွကို ပြောင်လုံချည်လေးတွေဖြင့် တွဲဝတ်၊ အိမ်မှ အလုပ်များပြီးတာနှင့် ကျောင်းကို ကမန်းကတန်း ပြေးရသည့်ဘဝ မဟုတ်လား။

သူမ၏ ရှည်လျားသောဆံပင်တို့ကို အမြဲတမ်း ဆံမြီးကျစ်ပွပွတစ်ချောင်းသာ ကျစ်ခြင်းဖြင့် ကိစ္စပြီးစေ၏။

ယခုမှပဲ သူမသည် သူငယ်ချင်းတွေ ပြောသလောက် တကယ်လှနေသလား၊ ဆေးတက္ကသိုလ်ရောက်တော့ အမေ့ သူမ



www.burmeseclassic.com

www.burmeseclassic.com



အတွက် အပွင့်နုပ်နုပ် ဝမ်းဆက်လေးများ ချုပ်ပေး၏။ အားလုံး ရင်စေ့၊ လက်ပြတ်၊ လက်စက အင်္ကျီလေးတွေ မြန်မာဆန်ဆန်သာ ဖြစ်သည်။

''အမေ့သမီးက တက္ကသိုလ်ကျောင်းသူကြီးဖြစ်တော့ အရင်လို ရှပ်အင်္ကျီပွပွတွေနဲ့ ကျောင်းသွားလို့မဖြစ်ဘူး၊ ယောဒီ ဝတ်စုံလေးတွေနဲ့ တက္ကသိုလ်တက်ရမယ်''

အရောင်နုနုဝတ်စုံလေးများက သူမနှင့် အထူးလိုက်ဖက်၏။

''အမေရယ်...ဒီအဝတ်အစားတွေ ဘာလို့ချုပ်တာလဲ၊ သမီးရှိတာနဲ့ တက်မှာပေါ့၊ အလကား ပိုက်ဆံကုန်အောင်လို့''

''အမယ်လေး...သမီးရယ်၊ ဒီလောက်နဲ့ အမေ မွဲမသွားပါဘူး၊ ပြီးတော့ ဒီပိတ်စလေးတွေက တန်ဖိုးသိပ်မကြီးပါဘူးကွယ်၊ ငါ့သမီးက ဆေးတက္ကသိုလ်ကျောင်းသူဆိုတော့ လှလှပပလေးတွေ ဝတ်ပြီး တက်ရအောင်လို့ကွယ့်''

''ဩော်...အမေရယ်''

မိခင်တစ်ယောက်ရဲ့ စေတနာဟာ သားသမီးအပေါ် မခမ်းတဲ့မြစ်ရေလိုပါလား။ အမေ့ကျေးဇူး သိလေ သူမ စာကြိုးစားလေ ပါ။

ထို့ကြောင့် ပထမနှစ်၊ ဒုတိယနှစ်...ကို အောင်မြင်လာ





ခဲ့သည်။ ယခု တတိယနှစ်မှာလည်း သူမ ဘောက်တွင် မလျှော့ပါ။

''သုံးနှစ်သုံးမိုးဆိုတာ မင်းဧယျာကို ပြောတာဖြစ်မယ် မေ၊ သူများတွေ လက်လျှော့သွားပေမယ့် သူ ခုချိန်ထိ စွဲကောင်းတုန်း''

ဝါဝါပြောတာလည်း မမှား။ သူလိုလူတစ်ယောက် ဒီလို စွဲကောင်းတာ သူမကိုယ်တိုင် အံ့ဩမိ၏။ တကယ်ဆို သူ့နားမှာ သူမထက် အစစအရာရာ ပြည့်စုံကာ လှပချောမောတဲ့ မိန်းကလေး တွေ ရှိတာပဲ။

''မေ''

''ဟင်''

အနားရောက်လာသော သူမကို သူလှမ်းခေါ်သည်။ သူ့ကို ချစ်သူတစ်ယောက်အဖြစ် လက်မခံသေးပေမယ့် တစ်တန်းတည်း သားတွေမို့ သူငယ်ချင်းလို အနေအထားတော့ ရှိ၏။

''မကြာခင် သာ့ဒ်ယီးယား စာမေးပွဲကြီး ဖြေတော့မယ် မေ''

''အင်း...ဟုတ်တယ်လေ၊ ဧယျာကော စာတွေကျက်ပြီး ပြီလား''

ရွှန်းလဲ့တောက်ပသော သူမျက်လုံးတွေကို ရှောင်ရှားကာ



www.burmeseclassic.com

www.burmeseclassic.com



သူမစကားလွှဲမေး၏။ သည်တော့ သူက နှုတ်ခမ်းပါးများကို တွန့်ခနဲ ပြုံး၏။

"ကိုယ်ပြောချင်တာ ဒါမဟုတ်ဘူးဆိုတာ မေသိပါတယ်"

"အို…မေက"

"မဝါ…ကျွန်တော်တို့ နှစ်ယောက်တည်း စကားပြောချင်လို့ ခဏရှောင်ပေးပါနော်"

"ရှင်…ဟုတ်ကဲ့"

ဝါဝါတို့များ သူ့စကားနားထောင်လိုက်ပုံက လေထဲသို့ လွင့်ခနဲ ထွက်သွားသည့်အတိုင်းပါပဲ။ သူမမှာသာ မတားနိုင်ဘဲ ယောင်ချာချာဖြင့် ကျန်ခဲ့၏။

"မေ ကိုယ်တို့စကား အေးအေးဆေးဆေး ပြောကြရအောင်"

"အို…ဘာပြောမှာလဲ"

"မသိချင်ယောင် မဆောင်ပါနဲ့ မေ၊ ကိုယ်ဟာ မေ့ရဲ့ မေတ္တာကို မျှော်လင့်နေတယ်ဆိုတာ မေသိပါတယ်၊ မေ့မေတ္တာကို တန်ဖိုးထားလိုချင်လို့ ကိုယ် သုံးနှစ်သုံးမိုး စောင့်ခဲ့ပြီးပြီ၊ ကဲ… ပြော ကိုယ့်မှာ မေမကြိုက်တဲ့ အချက်တွေ ဘာများရှိလဲဆိုတာ"

ပြောပြီး သူက နှုတ်ခမ်းတင်းတင်းစေ့ကာ သူမကိုကြည့်





၏။ ထိုအကြည့်တွေကြောင့် သူမရင်ထဲ လှုပ်ရှားသွားရသည်။

မကြိုက်တဲ့အချက်တွေ ပြောတဲ့။

ပြောလိုက်ချင်ပါသည်။

"ရှင့်မှာ အဘက်ဘက်က သိပ်ကိုပြည့်စုံလွန်းလို့ ကျွန်မ မကြိုက်တာပါလို့"

ဒါဆိုရင် သူဘာပြောမလဲ။

သူမ သက်ပြင်းလေးကြိတ်ချလိုက်၏။ ထို့နောက် ခေါင်းလေး အသာခါယမ်းမိသည်။

"မေ့ဟာ အဘက်ဘက်က ပြည့်စုံတဲ့လူတစ်ယောက်မို့ မိန်းကလေးတစ်ယောက်အနေနဲ့ မကြိုက်နှစ်သက်စရာ မရှိပါဘူး"

ထိုစကားကြောင့် သူ့မျက်နှာ ဝင်းခနဲလက်သွားသည်။ သူက သူမနားသို့ တိုးကပ်လာကာ…

"ဒါဖြင့် မေ ခုထိ ကိုယ့်ကို ဘာကြောင့် လက်မခံသေးတာလဲဟင်"

"ကြောက်လို့"

"ဘာ"

အမှတ်တမဲ့ သူမနှုတ်ဖျားက ထိုစကားကို ထွက်သွားမိ၏။ သူ အံ့ဩသွားဟန်ဖြင့် ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်လို့ ဟုတ်လားမေ၊ ပြောစမ်း မေ ဘာကို ကြောက်တာလဲ၊ ကိုယ့်ကိုလား"

သူမက သူ့ကို ဖျတ်ခနဲပင့်ကြည့်ကာ ခေါင်းညိတ်လိုက်သည်။

"အင်း…ဟုတ်တယ်"

"ဘာ…ဘယ်လို ကိုယ်က မေ့အတွက် ကြောက်စရာ လားဟင်၊ မေ ပြောပါ၊ ကိုယ့်ရုပ်က အဲဒီလောက် ဆိုးနေလို့လား"

မချင့်မရဲဖြင့် သူသည် သူမပခုံးကို ဖျတ်ခနဲ ဆုပ်ကိုင်ကာ မေး၏။ သူမ ချက်ချင်းပင် သူ့လက်တွေ ဖယ်ရှားလိုက်သည်။

"ဖေယျာကို ရုပ်ဆိုးတယ်လို့ ဘယ်သူကပြောလဲ"

"ဟင်…ဒါဖြင့် ကိုယ်က ရုပ်မဆိုးဘူးပေါ့"

ထိုအမေးကြောင့် သူမက သူ့ကို မသိမသာလေး မျက်စောင်းထိုးလိုက်၏။ သူဘယ်လောက်ချောတယ်ဆိုတာ သူ့ဘာသာ သိမှာပါ။

"ဖေယျာကို ကြောက်တာမဟုတ်ဘူး၊ အစဥ့အရာရာ ပြည့်စုံတဲ့ ဖေယျာဘ၀ကို"

"ဟင်"

"ဟုတ်တယ် ဖေယျာ၊ မေ့ဘ၀က သာမန်၊ ဖေယျာတို့လို ချမ်းသာပြည့်စုံတာမဟုတ်ဘူး၊ အမေတစ်ခု သမီးတစ်ခု၊ အဲဒီလို





မုဆိုးမရဲ့သမီးနဲ့ ဖေယျာမိဘတွေက သူတို့သားကို သဘောတူပါ့ မလား"

နောက်ဆုံး လိုရင်းအချက်ကို သူမ ဖွင့်ပြောချလိုက်သည်။ သူ့ ရုတ်တရက် မျက်မှောင်ကြုတ် နားထောင်နေရာမှ တဖြည်းဖြည်း ပြုံးလာ၏။

"နေပါဦး၊ အဲဒီလိုတွေပြောနေတယ်ဆိုတာ မေက ကိုယ့်ကိုချစ်လို့ပေါ့"

"အို…အဲဒါက"

"မေ့လို မိန်းကလေးတစ်ယောက်က ကိုယ့်ကိုမချစ်ဘဲနဲ့ ဒါမျိုးတွေးမှာမဟုတ်ဘူး၊ ပြောစမ်းပါ မေ၊ မေ ကိုယ့်ကိုချစ်တယ် မဟုတ်လား"

အရည်လဲ့သော မျက်လုံးများဖြင့် သူမပခုံးကို တင်းတင်း ဆုပ်ကိုင်ကာ သူမေးလာ၏။ သည်တစ်ကြိမ်တော့ သူ့လက်တွေကို သူမ မဖယ်ရှားမိပါ။

"အို…ဖေယျာသာ မေ မေးတာဖြေပါဦး"

"ကျွတ်…ဘာဖြေစရာလိုလဲ မေ၊ မေ့ကိုချစ်တာ ကိုယ်ပဲ၊ သဘောမတူလည်း ကိုယ်က မေ့အပေါ် သစ္စာရှိရင် ပြီးတာပဲမဟုတ် လားဟင်"

သူမမျက်နှာကို စိုက်ကြည့်ကာ သူ လေးနက်စွာပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့နှုတ်ဖျားက ဒီလိုစကားကြားရတာ သူမအတွက် ကြည်နူးစရာပါ။

"တကယ်လက်တွေ့မှာကော သေချာရဲ့လားရှင်"

"ကြည့်စမ်း…မေက ကိုယ့်ကို မယုံဘူးပေါ့၊ ကဲ…ဒါဖြင့်လာ"

"အို…ဘာလုပ်တာလဲ"

သူက ဖျတ်ခနဲ သူမလက်ကို ဆွဲ၍ခေါ်သည်။ သူမ အထိတ်တလန့်လေးမေးတော့ သူ မျက်မှောင်ကြီးတွန့်၏။

"ခင်ဗျားလေးပဲ ကျုပ်ကို မယုံဘူးဆို၊ အဲဒါ ခုချက်ချင်း တရားရုံးသွားပြီး လက်ထပ်ပြမလို့ဗျ"

"အို…မဟုတ်တာ"

သူမလက်ကို ရှန်းရင်း ဖြူနုသော ပါးလေးနှစ်ဖက် မသိမသာ ထူပူသွား၏။

"ကဲ…ဒါဆို မေယုံအောင် ကိုယ်က ဘာလုပ်ပြရမလဲ"

"ဟင့်အင်း…ဟင့်အင်း ဘာမှမလုပ်ပြနဲ့"

သည်တစ်ကြိမ်တော့ သူမက ကြောက်လန့်ဟန်လေးဖြင့် ခေါင်းခပ်သွက်သွက် ခါယမ်းလေ၏။

"ကြည့်စမ်း…တကယ်လက်တွေ့ သက်သေပြမယ်ဆိုတော့ အမိလေး ကြောက်ပြီပေါ့လေ"





စိတ်ထဲကလည်း ရယ်ချင်၊ သူမ၏ ကြောက်နေတဲ့ပုံလေးကိုလည်း အသည်းယားသနားကာ သူ ပြုံးယောင်ယောင်နှုတ်ခမ်းဖြင့် မေးလိုက်၏။

"အို…ကြောက်တာပေါ့၊ သူ သက်သေပြပုံက ဟင်း"

သူမ မျက်စောင်းထိုးတော့ သူပြုံးလေ၏။ ထို့နောက် သူမလက်လေးကို ဆုပ်ကိုင်ကာ ကြင်နာစွာ ကြည့်မိသည်။

"ဖြေပါ မေ၊ ကိုယ့်ကိုချစ်လားဟင်"

"အို…မသိဘူး"

နီမြန်းသောမျက်နှာလေးဖြင့် သူမခေါင်းလေး ငုံ့သွားတာကိုပဲ သူကြည်နူးစွာ ပြုံးလိုက်၏။

ထို့နောက် သူမလက်လေးကို တင်းတင်းဆုပ်ကိုင်ကာ

"စိတ်ချပါ မေရယ်၊ မောင် မေ့အပေါ် သစ္စာရှိမှာပါ"

သူ၏ကတိပေးသံက သူမနှလုံးသားကို မြည်ဟီးရိုက်ခတ်သွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com

မောင်နှင့်သူမတို့၏ ချစ်သူဘဝမှာ တခြားချစ်သူများထက် အနည်းငယ် ထူးခြားပါသည်။ မောင့်ကို ချစ်သူတော်ရတဲ့အတွက် သူများတွေက သူမကို ကံကောင်းသူဟု ပြောကြသည်။

မင်းဧယျာဆိုတာ ရုပ်ချော၊ ဥစ္စာပေါ၊ ပညာတော်သူ မဟုတ်ပါလား။ အမှန်အတိုင်းဝန်ခံရလျှင် မောင့်ကို ကြိုက်ချင်၊ စိတ်ဝင်စားချင်သည့် မိန်းကလေးတွေ အများကြီးထဲမှ သူမက မောင့်အချစ်ကို ရရှိခဲ့သူအဖြစ် ပိုင်းဝန်းအားကျနေခြင်းပါ။

"ယုယမေက မင်းဧယျာအချစ်ကို လက်ခံမှာပေါ့၊ မင်းဧယျာက သိပ်ချမ်းသာတယ်မဟုတ်လား"

"အေးလေ…မင်းဧယျာထက်စာရင် ယုယမေတို့က ဘာပိုင်ဆိုင်မှုမှမရှိတဲ့ ပစ္စည်းမဲ့သားအမိပဲ"

"အစက်တော့ ဘယ်ယောကျ်ားမှ စိတ်မဝင်စားသလိုလိုနဲ့ မင်းဧယျာကျမှ ယုယမေတို့က အပိုင်ဖမ်းတာ"

ပတ်ဝန်းကျင်၏ ဝေဖန်စကားများကြောင့် မောင့်ကိုချစ်မိ



တာ သူမမှားပြီလားဟု ထင်မိသည်။ မောင်ကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။

"အလကား မေ၊ အခု မေ့ကို ဝေဖန်နေကြတဲ့ မိန်းကလေးတွေအားလုံး မောင်က သူတို့ကို စိတ်မဝင်စားလို့ မေ့ကို မနာလိုဖြစ်နေကြတာ"

"အဲဒီလိုမပြောပါနဲ့ မောင်ရယ်"

မောင်က သူမ၏ သွယ်လျပြည့်တင်းသော ကိုယ်လေးကို တင်းတင်းဖက်လျက် ပါးပြင်နုနုအား အသာရှိုက်နမ်း၏။

"အို…မောင်ကလဲ"

"မေက သိပ်ချစ်စရာကောင်းတာပဲ၊ မောင်ချစ်တယ်"

"အို…အို"

မောင်တစ်ယောက် လက်သွက်ခြေသွက်လိုက်တဲ့ဖြစ်ခြင်း။ အပျိုစင်လေး သူမ မောင့်အနမ်းများကြောင့် မူးမိုက်သွားမတတ်ပင်။

ရိုးသားစွာဝန်ခံရလျှင်တော့ မောင်က သူမအချစ်ဦးမို့ ဆူးခြားစွာ ငြိတွယ်ရပါ၏။

"မေ…ဒီနေ့ ကလပ်စ်လွတ်ကွာ၊ မောင်တို့ ရုပ်ရှင်သွားကြည့်ရအောင်"

"ဟင်…မောင်ကလဲ ကလပ်စ်လွတ်လို့ ဘယ်ဖြစ်မှာလဲ၊


www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ဆိုတစ်ချိန်"

"ကျွတ်...မေကလည်းကွာ၊ ကလပ်စ်တစ်ခါတလေ လွှတ်တာ ဘာမှမဖြစ်ပါဘူး၊ လာပါ မောင် လက်မှတ်ကြိုဝယ်ထားလိုက်ပြီကွ"

တစ်ဦးတည်းသောသား၊ မိဘနှစ်ပါးနှင့် အသိုင်းအဝိုင်း၏ အလိုလိုက်ခြင်းခံထားရသည့် မောင်က သူမနှင့် ချစ်သူဘဝတွေမှာလည်း အရာရာ သူသဘောပါပဲ။

ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ကာ မိခင်နှင့် မရှိအတူရှိအတူနေခဲ့ရသော သူမအဖို့မှု အလိုလို လူကြီးဆန်လျက် မောင့်ကိုလည်း ချစ်တာမို့ တော်ရုံ ပြိုင်မငြင်းနိုင်တော့ပေ။

"မောင်...ခဏ...ခဏပဲကွာ"

"ချစ်သူတွေဘဝ ဒါမှ ပျော်စရာကောင်းတာ မေရဲ့"

ရုပ်ရှင်ကြည့်နေဗေမယ့် သူမ ဘာမှန်းမသိလိုက်ရအောင် မောင်၏အယုအယတွေက များလှသည်။

"မေ...နေကြာစေ့ခွံ နွာပေးတာ သိပ်ကောင်းတာပဲကွ"

"မောင်မစားတတ်ဘူးဆိုလို့ မေသင်ပေးတာ"

"ဒါကြောင့် မေ့ကိုချစ်တာကွ"

"အို"

ချစ်သူဘဝမှာလည်း မေကသာ မောင့်ကို ဂရုစိုက်ခဲ့တာ





များ၏။ မောင်သည် သူဌေးသားမို့လားမသိ အရာရာကို ပေါ့လျှော့တွေး၏။

မေကတော့ ဘဝကို လေးလေးနက်နက် တွေးချင်သူ၊ စိတ်ကူးနှင့်လက်တွေ့ဘဝ ကွာခြားတာ မေအသိဆုံး မဟုတ်လား။

"စာမေးပွဲနီးလာပြီ မောင်၊ စာမှန်မှန်ကျက်ရမယ်"

"ပိုင်ပါတယ် မေရဲ့၊ မေသာ ညဥ့်နက်ခံပြီး စာတွေကြည့်မနေနဲ့၊ တော်ကြာ မေ့မျက်နှာလှလှလေး ထိခိုက်ဦးမယ်ကွ"

အလှအပကြိုက်သော မောင်က သူမအတွက် အလှပြင်ပစ္စည်းတွေ ဝယ်ပေး၏။ မောင်ဝယ်ပေးသည့် လော်ရှယ်၊ ရှယ်ဗလွှန်အမျိုးအစားတွေကလည်း ဈေးကို သောင်းကျော်များဖြစ်သည်။

"ဘာလို့ ဒီလောက်တန်ကြေးကြီးတာ ဝယ်ရတာလဲ မောင်၊ မေက သနပ်ခါးလိမ်းရင် ရပါပြီ"

တန်ဖိုးကြီး အလှပြင်ပစ္စည်းများကို ကြည့်ကာ မေ့ပြောတော့ မောင် ခေါင်းခါယမ်းသည်။

"ပိုက်ဆံကို ထည့်မတွက်စမ်းပါနဲ့ မေရာ၊ အဓိက မောင့်ချစ်သူ သူများတွေထက် အောက်မကျဖို့ပဲ၊ မေလှနေတာ မောင့်အတွက် ဂုဏ်ယူစရာဗျ"

"ဒါဖြင့် မေ မလှရင်ကော"

သူမသဘောကတော့ ချစ်လို့လှတာပဲ ဖြစ်စေချင်၏။



www.burmeseclassic.com

www.burmeseclassic.com



လှလို့ချစ်တာမျိုး မဖြစ်စေချင်ပါ။ အလှဆိုတဲ့သဘောတရားက မြဲတာမှမဟုတ်ပဲလေ။ ဒါတွေကို မောင်ကလက်မခံ။

"မေကလည်း ဘာတွေပြောနေတာလဲ လှတဲ့သူဟာ အမြဲလှနေမှာပဲပေါ့၊ မေပြုံးရင်ပဲဖြစ်ဖြစ် တည်ရင်ပဲဖြစ်ဖြစ် မောင့်မျက်စိထဲ အမြဲလှတယ်"

"ဒါပေမယ့် မေက တစ်နေ့ကြရင် အဖွားကြီးဖြစ်မှာပဲ မောင်၊ အဲဒီအချိန် မောင့်မျက်စိထဲ မလှရင် မေ့ကို မချစ်တော့ဘူးလား၊ ကဲ ပြောပါဦး"

အလှမက်တဲ့ မောင့်ကို သူမ မျက်စောင်းလေးထိုးကာ မေးမိ၏။ မောင်က ရယ်စရာပြက်လုံးတစ်ခု ကြားလိုက်သလိုပါပဲ။

"ဟား…ဟား မေကတော့ ပူစရာမရှိ ကြံဖန်ပူတယ်ကွာ၊ ဒီဆယ်ကျော်သက်အရွယ်လေးနဲ့ အဘွားကြီးစကားပြောရသလား ဟင်၊ အဲဒီအချိန် မောင်လည်း အဘိုးကြီးဖြစ်နေပြီဗျ"

နောက်ဆုံး မောင့်ထံမှ မေ လိုချင်သောအဖြေ မရခဲ့ပါ။ မောင့်အကြိုက်သာ မောင်ဝယ်ပေးသော အလှပြင်ပစ္စည်းတွေဖြင့် မေ ပြင်ခဲ့ရ၏။ တကယ်တမ်းမှာ မေကပဲ မောင့်ကို ပိုချစ်နေရသလိုပါပဲ။

"အစထဲက လှတဲ့မေဟာ ခုလိုပြင်လိုက်တော့ ဘယ်သူနဲ့မှ နှိုင်းယှဉ်လို့မရတော့ဘူး၊ ကြည့်စမ်း အားလုံးက မေ့ကိုလည်





ပြန်ကြည့်ရတယ်"

လှပသော မေ့လက်ကိုဆွဲကာ မောင် ဂုဏ်ယူစွာပြောသည်။ မေ့အလှအတွက် မောင်ဂုဏ်ယူသလို ဝန်တိုမှုကလည်း အပြည့်။

"ဟိုကောင်တွေက မေ့ကို ကြည့်လှချည်လား၊ တောက် အနားမှာ မောင်တစ်ယောက်လုံးပါတာတောင် အတင့်ရဲတယ်"

"အို…မောင်ကလည်း သူတို့ဘာသာ လမ်းဘက် မျက်နှာမူထိုင်နေတာပါ၊ မေ့ကို တမင်ကြည့်တာမဟုတ်ပါဘူး"

စိတ်ဆတ်သောမောင့်အကြောင်း သိနေတာမို့ သူမ လေပြည်အေးနှင့် ချော့၏။

"မေ့ကို သတိပေးရဦးမယ်၊ မောင်မပါဘဲ ဘယ်မှမသွားနဲ့၊ ဟိုတစ်နေ့က မေ ဘယ်သွားနေတာလဲ"

"အို…မောင့်ကို စောင့်ရင်းဗိုက်ဆာလို့ မုန့်သွားစားတာပါ၊ ဝါဝါတို့လည်းပါတယ်"

မောင်နှင့် ချစ်သူတွေဖြစ်ပြီးကတည်းက သူမမှာ သူငယ်ချင်းတွေနဲ့လည်း ကင်းပြတ်နေသလိုပါပဲ။ မောင်က သူမနားမှာ အမြဲပဲလေ။

"ကော်နဲ့ကပ်ထားတယ်"

သူမအနားမှာ အရိပ်လိုရှိနေသော မောင့်ကို သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေက ရှုံကြာပြောခြင်း။ ဘယ်သူတွေဘာပြောပြော မောင်က တော့ ဂရုမစိုက်ပါ။

"ကိုယ့်ချစ်သူ ကိုယ်ချစ်တာ ဘာဖြစ်လဲ"

လူကြားထဲမှာပင် သူမလက်ကို တင်းတင်းဆွဲကိုင်တတ်သူဖြစ်သည်။ သူမက ရှက်၍ လက်ကိုရုန်းလျှင်...

"ဘာလဲ...မေက မောင်ရှိတာကို လူမသိစေချင်တာလား"

"အို...မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့ လက်ကရုန်းရတာလဲ၊ မေဟာ မောင့်ချစ်သူဆိုတာ သူတို့သိအောင် တမင်လုပ်ပြတာဗျ"

ခက်ပါလား။ တကယ်ဆို မောင်နဲ့သူမ ချစ်သူဖြစ်တာ မကြေညာရဘဲ အားလုံးသိပါ၏။

"မောင်ကလည်းကွယ်...မေ့တို့ချစ်သူတွေဆိုတာ အားလုံး သိပါတယ်"

"မလိုဘူး...မလိုဘူး တတ်နိုင်ရင် တစ်ကမ္ဘာလုံးသိအောင် အားလုံးကြေညာရမယ်"

"မေတော့ ရှက်တာပဲ"

"ဘာ"

မေ့စကားကို မကြိုက်သည့်အလား မောင် မျက်မှောင်





ကြုတ်ကြည့်၏။ မေ သက်ပြင်းကြိတ်ချမိသည်။

"သြော်...မေက မောင်နဲ့ချစ်ရတာကို ရှက်စရာတဲ့လား"

"အို...မေပြောတာက"

"ဘာမှရှင်းပြမနေနဲ့၊ မေ့သဘော မောင်သိပြီ"

စိတ်ဆိုးကာ သူမလက်ကို ဆတ်ခနဲ လွှတ်ချလျက် မောင်ထွက်သွား၏။ တကယ်တမ်း မောင်စိတ်ဆိုးတော့လည်း သူမမနေတတ်ပါ။

"မောင်...မောင်"

မောင့်နောက် သွက်သွက်လေး လိုက်ကာ ကြိတ်ကြိတ်လေး ခေါ်မိသည်။ မောင်သည် မျက်နှာခပ်တည်တည်ကြီးဖြင့် သူမကို မခေါ်တော့ ဝမ်းနည်းချင်သလိုလို။

"မောင်...မေ့ကို တကယ်စိတ်ဆိုးတာလား၊ ဒါဆို မေ သွားတော့မယ်"

ဝမ်းနည်းစိတ်လေးဖြင့် လှည့်ပြန်ဖို့ပြင်တော့...

"ဟိတ်...ဒါ ဘာလဲ"

"အို"

ဖျတ်ခနဲ မောင်က သူမလက်တစ်ဖက်ကို ဆွဲလေသည်။

"လွှတ်ပါ၊ မောင်စိတ်ဆိုးနေတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အလိုဗျာ…အခုစိတ်ဆိုးနေတာက ဘယ်သူလဲ၊ ကဲ ပြော"

သူမမျက်နှာကို စေ့စေ့ကြည့်ကာ မောင်မေး၏။ သေချာ စဉ်းစားကြည့်တော့ သူမကပဲ မောင့်ကိုပြန်ပြီး စိတ်ဆိုးနေသလိုလို။

"အို…မောင်မှ မခေါ်ချင်ဘဲ"

"ဟော့…အခုခေါ်ချင်လို့ လက်တောင်ဆွဲထားပြီလေ၊ ပြောစမ်း မောင့်ကို ထားပြီး ခင်ဗျားလေးက ဘယ်သွားမလို့လဲ"

"မသိဘူး"

"ကဲ သိအောင်"

"အို"

အနမ်းလိပ်ပြာလေးတွေ ဝံပုံကုန်သည်။ ဘာပဲဖြစ်ဖြစ် မောင့်ကို အလျှော့ပေးရတဲ့အတွက် သူမ နောင်တမရပါလေ။



"မယုယမေ"

"ဩော်…ကိုကျော်ဦး"

ကိုကျော်ဦးဆိုတာ ဝါဝါ၏အစ်ကိုဖြစ်သည်။ သူမနှင့်လည်း ဝါဝါနဲ့ပတ်သက်ကာ ခင်မင်နေ၏။

"ဒီနေ့ ဝါဝါ ကျောင်းမလာနိုင်လို့ မယုယမေကို ဒီစာလေး ပေးခိုင်းလိုက်တယ်"

"ဩော်"

ဝါဝါပေးသောစာကို ကိုကျော်ဦးလက်မှ သူမလှမ်းယူလိုက်စဉ်…

"ကြည့်စမ်း…ဒါ ဘာလုပ်တာလဲ မေ"

"အို"

ရုတ်တရက် မောင်ရောက်လာကာ ထိုစာကို ဆတ်ခနဲ ယူလေ၏။ ထို့နောက် ဘယ်သူမှ မတားနိုင်ခင် စာကို အစိတ်စိတ် အမွှာမွှာ ဆွဲဆုတ်ပစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ…ဟိတ်လူ"

ကိုကျော်ဦးလည်း မျက်စိမျက်နှာပျက်ကာ မောင့်ကိုတားဖို့ ပြင်ပေမယ့် မရတော့။

မောင်က စာဆုတ်ဖြဲပြီးအားမရသေးပေ။ ကိုကျော်ဦးကို စိုက်ခနဲကြည့်ကာ…

"သူများရည်းစားကို နေ့ခင်းကြောင်တောင် အချောင်ဝင်နှိုက်တဲ့ကောင် ကဲကွာ"

"ခွပ်"

"အင့်"

"အို…မောင် မလုပ်နဲ့"

အဖြစ်က မြန်လွန်းတာမို့ သူမ ဘယ်လိုမှ လိုက်မမီ။ မောင်ထိုးလိုက်တာကြောင့် အလစ်ခံရတာ ကိုကျော်ဦး။

"ခင်…ခင်ဗျား ဘယ်လိုလူလဲဗျ၊ ဟင်"

"ကိုကျော်ဦး၊ ကျွန်…ကျွန်မ တောင်းပန်ပါတယ်"

သူမနဲ့ပတ်သက်ပြီး ဖြစ်တာမို့ ကိုကျော်ဦးနားပြေးကာ မျက်နှာငယ်လေးနှင့် တောင်းပန်လိုက်၏။

"မေ့…ဒါဘာလုပ်တာလဲ၊ ဒီလိုလူမျိုး ဘာမှတောင်းပန်စရာမလိုဘူး"





မောင်က မျက်နှာကြီးနီရဲလျက် သူမလက်ကို လာဆွဲသည်။ သူမ ဒေါသလေးဖြင့် မောင့်ကိုကြည့်မိ၏။

"မောင် လွန်ပြီနော်၊ တကယ်ဆို ကိုကျော်ဦးက"

"ဘာ…ဘာပြောတယ် မောင်လွန်တယ်ဟုတ်လား၊ မင်းကို စာပေးနေတာ ဟောဒီမျက်စိနဲ့ မောင်ကိုယ်တိုင်မြင်ရတာကွ"

မောင်က လက်ညှိုးဖြင့် သူ့မျက်စိကို ထိုးပြသည်။

"အို…အဲဒါက"

"ဘာမှရှင်းပြမနေနဲ့ မေ၊ ဒါကြောင့် မင်းကို မောင်ပြောထားတယ်မဟုတ်လား၊ တစ်ယောက်တည်း မသွားပါနဲ့လို့၊ ကဲလာ"

သူပြောချင်ရာပြော လုပ်ချင်ရာတွေလုပ်နေတဲ့ မောင်လက်မှ သူမ ရုန်းလိုက်၏။

"ဟင်…ဒါဘာလုပ်တာလဲ မေ"

"ကျွန်မ ရှင်းပြတာ နားထောင်ဦးမောင်"

"မလိုဘူး…မလိုဘူး၊ ဒီလောက်ဖြစ်လုတာ မင်းနေခဲ့"

ထုံးစံအတိုင်း မောင်က ကျောခိုင်းထွက်သွားပြီ၊ ဒီတစ်ခါတော့ မေ လိုက်မလျှော့နိုင်ပါ။ မောင့်ထက်အရေးကြီးသော ကိုကျော်ဦး ရှိသေးသည်။

"ကျွန်မ…ကျွန်မ တောင်းပန်ပါတယ် ကိုကျော်ဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com



“မလိုပါဘူး မယုယမေ၊ အမှုကျူးလွန်တာ မယုယမေ မဟုတ်ပါဘူး”

“ဘာပဲဖြစ်ဖြစ် မောင့်ကိုယ်စား ကျွန်မ တောင်းပန်ပါတယ်”

“ရပါတယ် မယုယမေ၊ တကယ်တော့ ခင်ဗျားချစ်သူက ခင်ဗျားကို အချစ်လွန်နေတာ”

“အင်း…မြင်ကွင်းကလည်း သူ့အတွက် အထင်လွဲစရာ ဖြစ်သွားတာကိုး၊ ယောက်ျားတွေက ကိုယ့်ချစ်သူအပေါ် သဝန်တို တတ်တာ ကျွန်တော် နားလည်ပါတယ် မယုယမေ၊ ဒီအတွက် ကျွန်တော့်ကို တောင်းပန်စရာမလိုပါဘူး”

“နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုကျော် ဦး”

“တော်သေးတယ်”ဟု သူမ နားလည်လိုက်သည်။ ကိုကျော်ဦး သဘောထားကြီးပေလို့ပဲ။ မဟုတ်လျှင် မောင့်ကြောင့် ဘယ်လောက်ပြဿနာတက်မလဲ။

ကိုကျော်ဦးက နားလည်မှုရှိသလောက် တင်းမာခက်ထန် သွားတာ မောင်။ သူမကို အထင်လွဲကာ လုံးဝလှည့်မကြည့်တော့ ပေ။

“မောင်”





“ကျွန်တော် ခင်ဗျားကိုမသိဘူး”

“ဟင်”

ကြည့်စမ်း …မောင်တို့စိမ်းပုံများ ဘယ်လောက်အခံရ ခက်စရာလဲ။ သူမတစ်ယောက်လုံး ရှေ့တားလျက် မသိဘူးတဲ့။

“ဟိုတစ်နေ့က ကိစ္စမှာ ကိုကျော်ဦးဟာ”

“ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ အဲဒီအကြောင်းတွေ ဘာမှမသိချင်ဘူး”

သူမ အမျိုးမျိုးရှင်းပြဖို့ ကြိုးစား၏။ သို့သော် မောင်က မသိချင်ယောင်တွေဆောင်လွန်းလှသည်။ ကြာတော့ မိန်းမသားဖြစ် တဲ့ သူမ ရှက်ချင်လာ၏။

“ငါ စိတ်မကောင်းပါဘူး မေ၊ နင်တို့ ဒီလိုဖြစ်ရတာ ငါ့ကြောင့်”

ဝါဝါ ကျောင်းပြန်တက်တော့ သူမနဲ့ မောင့်ကိစ္စ သိသွား ၏။ သူမ သက်ပြင်းလေးချကာ ခေါင်းခါယမ်းသည်။

“မဆိုင်ပါဘူး ဝါဝါ၊ ဒီလိုဖြစ်တာ မောင် တစ်ဖွတ်ထိုး စိတ်ကြောင့်ပါ”

“ဘာပဲဖြစ်ဖြစ် ကိုမင်းဇေယျာကို ငါ ရှင်းပြမယ်မေ၊ ဒါမှ မေ့မှာအပြစ်မရှိကြောင်း သူသိမယ်”

ဝါဝါကတော့ သူငယ်ချင်းကောင်းပီသစွာ ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ လက်မခံဘဲ ခေါင်းခါယမ်းလိုက်၏။

"မလိုပါဘူးဟာ တကယ်ဆို သူ ကျွန်မရဲ့ ဂုဏ်သိက္ခာကို ယုံကြည်ရမှာပါ၊ သူများရှင်းပြမှ ယုံမယ်ဆိုကတည်းက ဘယ်မှာကောင်းနိုင်မလဲ၊ ဒီကိစ္စ သူ့ကို ဘာမှရှင်းမပြနဲ့ ဝါဝါ"

"မဟုတ်ဘူးလေ၊ တော်ကြာ ရှင်တို့နှစ်ယောက် တကယ်ကွဲသွားကြရင်"

"အို…သူမှပြတ်နိုင်သေးရင် ကျွန်မက ဘာကြောင့်မပြတ်နိုင်ရမှာလဲ ဝါဝါ၊ နေပါစေ"

သည်တစ်ကြိမ်တော့ မောင့်ကို စိတ်ထဲမှာ နာသလိုရှိတာမို့ တင်းဖို့ကြိုးစား၏။ အံ့သြစရာကောင်းစွာ မောင်ကလည်း သူမကို ပြန်လျှော့ဖို့ မကြိုးစားပေ။ တစ်နေ့…

"မေ…မေ ဟိုမှာ"

"ဟင်"

မောင်သည် သူမတစ်ခါမှ မမြင်ဘူးသော ခေတ်မီချောမောလှပသည့် မိန်းကလေးတစ်ယောက်ကို သူမရှေ့ခေါ်လာ၏။

"တွေ့လား မေ၊ အဲဒါ အီးမေဂျာ့ရဲ့ကွင်း မေဘယ်လ်"

"သြော်"

မောင့်ကားပေါ်မှ မေဘယ်လ်က ပြုံးပြုံးလေး ဆင်းလာတာကြောင့် သူမ မျက်နှာဖျတ်ခနဲ လွှဲလိုက်မိ၏။ မေဘယ်လ်





ကားပေါ်ကဆင်းဖို့ မောင်ကိုယ်တိုင် ခပ်ပြုံးပြုံးဖြင့် ကားတံခါးဖွင့်ပေးတာလေ။

"မေဘယ်လ်တို့က သိပ်ချမ်းသာတာ၊ မင်းဇေယျာလိုပဲ တစ်ဦးတည်းသောသမီး မေ၊ မိဘချင်းလည်း ရင်းနှီးကြတယ်တဲ့"

ဝါဝါထံမှ မောင်နှင့်မေဘယ်လ်တို့၏ ပတ်သက်သော သတင်းစကားတွေ ကြားလိုက်ရသည်။ ယခုတော့ အသွင်တူတာချင်း ပေါင်းစည်းမိပြီပေါ့။

"ကောင်းတာပေါ့ ဝါဝါ၊ ဒါမှ သူတို့ချင်း လိုက်ဖက်တာယ်"

"ဘယ်လိုပြောလိုက်တာလဲ မေ၊ ရှင် ဒီစကားပြောနေတာ စိတ်ထဲကပါလို့မဟုတ်ဘူးဆိုတာ တို့သိတယ်"

သူမရင်ထဲကို လှမ်း၍ ဝါဝါမြင်နေပါလား။ အမှန်တရားမို့ သူမ မချိသလိုပြုံးလိုက်၏။ မောင်က သူမချစ်ဦးသူပဲ။ လွယ်လွယ်နှင့် မေ့လို့ရမတဲ့လား။

"ဒါကြောင့် မင်းဇေယျာကို တို့သွားရှင်းပြမယ်လို့ အစောကြီးကတည်းက ပြောတာ"

"သူ ဒီလိုသစ္စာဖောက်တာ ကျွန်မကို တကယ်မချစ်လို့ပဲ ဝါဝါ၊ ဒီအတွက် ဘာမှနောင်တရစရာမလိုဘူး"

မောင်တို့ကို ကျောခိုင်း၍ သူမထွက်ခဲ့၏။ အိမ်ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူမတစ်ယောက်တည်း ကြိတ်ငိုရတာ ဘယ်သူသိမလဲလေ။

"မောင်ရက်စက်တယ်"

ပါးပြင်ပေါ်က မျက်ရည်တွေကိုသုတ်ရင်း မောင့်ကို ထိုသို့သာ အပြစ်တင်မိ၏။

ကျောင်းမှာတော့ မောင့်ရှေ့ ဟန်မပျက်နေသည်။

ယနေ့ ကလပ်စ်ဆင်းချိန် . . .

"မယုယမေ"

"ဩော် . . . နောင်နောင်"

သည်ကောင်လေးက သူမထက်နှစ်ငယ်သူ။ ရှမ်းစပ်လေးမို့ စကားဝဲဝဲနှင့် ခင်စရာတစ်မျိုးကောင်း၏။

"မ . . . ဘယ်သူ့ကိုစောင့်နေတာလဲ"

"ဩော် . . . တို့ပြန်မလို့"

"ဒါဆို . . . ကျွန်တော်လိုက်ပို့မယ်လေ"

မိဘတွေက နောင်နောင်ကို ကျောင်းတက်ဖို့ ဒီမှာ တိုက်ခန်းနှင့် ကား ဝယ်ပေးထား၏။ ယခု သူမတစ်ယောက်တည်း ရှိစဉ် နောင်နောင် ရောက်လာတာပါ။

"အို . . . နေပါစေ၊ ရပါတယ်"

"ကျွန်တော့်ကို အားမနာပါနဲ့ မ၊ လာပါ"

ကားတံခါးကို သူက ဖွတ်အတင်းဖွင့်ပေးနေ၏။ ထိုစဉ်





မောင့်ကားကို မြင်လိုက်ရတာမို့ သူမ ဘာမှစဉ်းစားမနေတော့။ နောင်နောင်ကားပေါ် ဖျတ်ခနဲ တက်လိုက်သည်။

"မကို ခုလိုလိုက်ပို့ခွင့်ရတာ ကျွန်တော် သိပ်ဝမ်းသာတယ်"

နောင်နောင်က ကားသွက်သွက်မောင်းရင်း ပြောနေသလောက် သူမကတော့ နောက်မှ မောင့်ကားလိုက်လာတာကြောင့် ရင်မနေရ၏။

ဟင်း . . . ယောကျ်ားတွေများ သူတို့အလှည့်ကြတော့ သိတတ်လိုက်တာ။ နောင်နောင်ကားပေါ် သူမတက်သွားတာ မြင်သည့် မောင် မျက်မှောင်ကြီးကုတ်သွားတာ နောက်ကြည့်မှန်က မြင်နေရတယ်မဟုတ်လား။

"တီ . . . တီ"

မောင်က ကားဟွန်းသံပေးပြီး နောင်နောင်ကားကို ကျော်၏။

"ဟာ . . . ဒီလူ ကားကိုဘယ်လိုမောင်း"

"ကျွိ"

"အမေ့"

ကြည့်စမ်း မောင်တို့ရှမ်းကားပုံများ နောင်နောင်ကားရှေ့ ကျော်တက်ပြီး ဖြတ်ရပ်တာကြောင့် ထိုနေရာမှ ဘာရိတ်သံတွေ



www.burmeseclassic.com

www.burmeseclassic.com



ဆူညံကုန်၏။

"ဟိတ်လူ…ခင်ဗျား ဘယ်လိုလုပ်"

"မေ…ကားပေါ်ကဆင်းစမ်း"

"အို"

နောင်နော်စကားမဆုံးခင် မောင်သည် ကားတံခါးကို ဖျတ်ခနဲဖွင့်ကာ သူမလက်ကို ဆွဲချခေါ်သွားလေ၏။

မောင်မှန်းသိတော့ နောင်နောင်တစ်ယောက် ပါးစပ်ပိတ် ကျန်ခဲ့လေသည်။



"ဒါဘာလုပ်တာလဲ၊ ကျွန်မလက်ကိုလွှတ်ပါ၊ ကိုမင်း ခေယျာ"

သူ့ကားပေါ်ရောက်တာနှင့် သူမလက် ဆတ်ခနဲရုန်းလိုက်၏။

"ဩော်…မင်းက မောင်လို့တောင် မခေါ်နိုင်တော့ဘူး ပေါ့၊ ဟုတ်လားမေ"

နာမည်တပ်ခေါ်ခံလိုက်ရတာကိုပဲ သူ့အတော်စိတ်နာသွား ဟန်။ သူ့မနှုတ်ခမ်းလေး မဲ့ခနဲပြုံးမိ၏။

"ရှင့်ကို ကျွန်မကိုယ်စား မောင်လို့ခေါ်မယ့်သူ ရှိနေပြီ မဟုတ်လား"

"မင်း ဘယ်သူ့ကိုပြောတာလဲ"

မျက်မှောင်ကြီးကုပ်ကာ မောင်မေးသည်။ သူမ ကစ်ချက် ရယ်လိုက်ရင်း…

"အဟင်း…ဘယ်သူရှိရမှာလဲရှင်၊ ရှင်နဲ့ဂုဏ်ရည်တူ



www.burmeseclassic.com

www.burmeseclassic.com



မေဘယ်လ်လေ"

"ဘာတွေလျှောက်ပြောနေတာလဲ မေ၊ သူနဲ့မောင် ဘာမှ မဆိုင်ဘူး"

"ဩော်...မဆိုင်တဲ့သူက ရှင့်ကားပေါ်က ဆင်းလာတယ် တဲ့လားဟင်"

ပထမဆုံးအကြိမ် မောင့်အပေါ် သဝန်တိုစွာ မေးမိခြင်းပါ။

မောင်က ပြုံးကာ...

"မင်း...မောင့်ကို သဝန်တိုနေတာလားမေ"

ထိုအမေးကြောင့် သူမ၏ဖြူနုသော မျက်နှာ ရဲခနဲဖြစ်သွား သည်။

"အို...ဘာ သဝန်တိုစရာမရှိဘူး၊ ရှင်နဲ့ ကျွန်မလည်း ဘာမှမဆိုင်ဘူး"

"ဘာကွ"

မောင်က ကားကို ဝေါခနဲ ထိုးရပ်မောင်းထွက်၏။

"ဟင်...ဒါဘာယ်လဲ"

"အဟွန်း...မင်းကိုခိုးပြေးတာလေ"

"ဘာရှင့်"

"မင်းပြောတယ်လေ၊ ကိုယ်နဲ့မင်း ဘာမှမဆိုင်ဘူးဆိုတာ အခုဆိုင်ကြောင်းပြတာ"





"ရှင်...ရှင်နော်၊ ကားကို အခုရပ်ပေးပါ"

မောင် တဖွတ်ထိုးလုပ်တတ်တာသိ၍ သူမ လန့်သွား၏။ စိတ်ဆိုးတာမို့ မျက်နှာလေးတည်တည်ဖြင့် ကားကိုရပ်ခိုင်းမှ မောင်က ပို၍အရှိန်မြှင့်လေ၏။

"ကြည့်စမ်း...ကြည့်စမ်း ကားကိုရပ်ဆို"

"ဘာလဲ...မောင်က မေ့ရဲ့ချစ်သူပါ၊ သိပ်ကြောက်နေ သား"

"အို...ဘာချစ်သူလဲ၊ ရှင် မလိုချင်ပစ်ထား၊ လိုမှပြန် ခေါ်တာ ကျွန်မကလေးမဟုတ်ဘူး"

သူမကို စိမ်းကားခဲ့တာတွေ သတိရလျက် ရန်လေးထောင် မိ၏။ သူပခုံးတွန့်ကာ...

"ဒါကတော့ မင်းက မောင်စိတ်ဆိုးအောင်လုပ်တာကိုး"

"ကျွန်မ ဘာမှမလုပ်ဘူး၊ ရှင်သာ သဝန်တိုမင်ကြောင် ပြီး ထင်ရာလျှောက်လုပ်တာ၊ တကယ်ဆို ကိုကျော်ဦးနဲ့ ကျွန်မက"

"မပြောနဲ့၊ ဝါဝါရှင်းပြလို့ မောင်အားလုံးသိခဲ့ပြီ"

"ဩော်"

ယခုမှ သူ့ကိုနာကြည်းသလို ကြည့်မိ၏။ သူများရှင်းပြမှ သူမကိုယုံသတဲ့။ ဘယ်လောက်စိတ်နာစရာကောင်းလဲ။

"ကားကို အခုရပ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…ကိုကျော်ဦးနဲ့ ပြီးတော့ ဟိုကောင် နောင်နော
နောက် လိုက်ဦးမလို့လား"

သူ အရွဲ့တိုက်မေးတော့ သူမကလည်း အရွဲ့တိုက်ဖြေ

"ဟုတ်တယ်…ဟုတ်တယ်၊ ကျွန်မ တစ်ယောက်ပြ
တစ်ယောက် ရှုပ်တယ်၊ ဒီတော့ ရှင် ကားရပ်ပေး"

"မရပ်ပေးဘူးကွာ၊ မင်းကို ပြန်မလွှတ်ဘူး"

"ဟင်…ရှင်…ရှင် ကဲ…ကဲ"

သူမ စိတ်မထိန်းနိုင်တော့ဘဲ သူ့ကို ထုရိုက်မိတော့သည်
အလကားလူ၊ သူမကို အနိုင်ကျင့်လွန်းတဲ့လူ။

"ဟာ…ဟာ ဟေ့"

"ကျွိ"

အဆက်မပြတ် သူမထုရိုက်တော့ သူကားကို လမ်းဘေး
ဆွဲချရပ်လိုက်ရ၏။

"အဟင့်…ဟင့် ရှင် လူဆိုး"

ဝမ်းနည်းစွာဖြင့် သူမ ငိုချလိုက်သည်။

"မေ…မေ မငိုပါနဲ့ကွာ၊ မောင်က မေ့ကိုသိပ်ချစ်လို့
သိပ်သဝန်တိုမိတာပါ"

"အို…ဘာချစ်တာလဲ"

မျက်ရည်များကို ခပ်ကြမ်းကြမ်းပွတ်သုတ်ရင်း ကလေး





တစ်ယောက်လို မောင့်အားကြည့်လျက် ရန်ထောင်မိသည်။ မောင်က သူမကိုယ်လေးကို ပွေ့ဖက်ကာ မျက်ရည်လူးသောမျက်နှာလေးအား ရှိုက်နမ်း၏။

"မေ…မေရယ် တကယ်တော့ မင်းကို မချစ်ဟန်ဆောင်နေရတဲ့ ရက်တွေအတွင်း မောင်ဘယ်လောက် စိတ်ဆင်းရဲတယ် မှတ်လဲ"

"အို…မေကကော"

သူက သူမမျက်ဝန်းလေးတွေကို ရှိုက်နမ်း၏။ ယခုတော့ သူ့ရင်ခွင်မှာ သူမဆက်ပြီး မရုန်းနိုင်တော့ပါ။

"မောင့်ကြောင့် မေ ဘယ်လောက်စိတ်ဆင်းရဲနေတယ် ဆိုတာ ဝါဝါပြောလို့ သိပြီးပါပြီ"

"ကြည့်စမ်း…ဝါဝါ မကောင်းဘူး"

မောင့်ကွယ်ရာမှာ သူမ မျက်ရည်ကြိတ်ကျတာသိတော့ ရှက်မိ၏။ မောင်က သူမကိုယ်လေးကို တင်းတင်းဖက်ကာ ပြုံးသည်။

"ကိုယ့်ချစ်သူကို ချစ်တာ ရှက်စရာလား"

"ဘယ်သူလဲ၊ သူ့ချစ်သူက"

"ကြည့်စမ်း…ဒီကောင်မလေး"

"အို"



www.burmeseclassic.com

www.burmeseclassic.com



သည်လို မောင့်အယုအယတွေ မရရှိခဲ့တာ ကြာပြီလေ။

"မေ"

"ဟင်"

"ချစ်တယ်"

"မောင်ရယ်"

ရင်ထဲမျိုသိပ်ထားသမျှ ဟန်ဖုံဆောင်နိုင်လောက်အောင် ပွင့်ထွက်ကုန်ခြင်းပါ။

"မောင်တို့ လက်ထပ်ကြရအောင် မေ"

"အို…မောင်ကလည်း ကျောင်းမှမပြီးသေးပဲ"

မောင်က သူမကိုယ်လေးကို ခွာကာ သူမမျက်နှာလေးအား စိုက်ကြည့်၏။

"ကျောင်းမပြီးတာ ဘာဖြစ်လဲ၊ လက်ထပ်ပြီး ကျောင်းဆက်တက်မှာပေါ့"

"အို…မောင့်မိဘတွေက"

"မေ့ကို အိမ်ခေါ်သွားမယ်"

"ဟင်…ဖြစ်ပါ့မလား"

"ဒါကတော့ မောင့်ဘက်က တာဝန်အရ မေ့ကိုခေါ်ပြတာပဲ၊ ကျန်တာ သူတို့သဘောပဲ"

မောင်ပြောတာ လွယ်ပေမယ့် တကယ်တမ်း ခက်ခဲမည်





ထင်၏။ လက်ထပ်ဖို့ကိစ္စဟာ သူမတို့အတွက် အချိန်မှီယူဖို့လိုသည်။

"မေကတော့ ကိုယ့်အားကိုယ်ကိုးနိုင်တဲ့အထိ စောင့်စေချင်သေးတယ် မောင်"

"ကျွတ်…ဒါဆို အကြာကြီးစောင့်ရမှာပေါ့ မေ"

လိုချင်တာတစ်ခုကို လွယ်လွယ်နှင့် ရတတ်သော မောင်သည် ဘဝအရေးအတွက် လက်ထပ်တဲ့ကိစ္စကို ကလေးကစားစရာဟု ထင်နေသလား။

"နောက်ထပ်နှစ်နှစ် သုံးနှစ်ပေါ့ မောင်ရယ်"

"မောင် မစောင့်နိုင်တော့ဘူး"

"အို…မောင်နော်"

မောင့်လက်တွေက သူမ၏ သေးကျိုင်းသောခါးဆီရောက်လာသည်။ သူမ ရုန်းဖယ်လိုက်၏။

"မောင့်ကိုမချစ်ဘူးလား မေ"

"ဒါ မေးစရာလား"

မျက်စောင်းလေးဖြင့် သူမပြောတော့ သူပြုံးသည်။

"ဒါဖြင့်"

"ဟင့်အင်း…မောင်ရယ်"

မောင့်ရင်ခွင်ထဲတိုးဝင်ကာ သူမ တောင်းပန်လိုက်၏။ မောင် သက်ပြင်းချသည်။

"မာမီတို့နဲ့ တွေ့ကြည့်ပါ မေ"



www.burmeseclassic.com

www.burmeseclassic.com



"မေ ကြောက်တယ် မောင်"

"ဘာကြောက်စရာရှိလဲ၊ မေ့ဘေးမှာ မောင်တစ်ယောက်လုံးရှိတာပဲ၊ တကယ်လို့ မာမီတို့က မောင်နဲ့မေ့ကို သဘောတူရင် လက်ထပ်ရုံပဲ"

တကယ်တမ်းမှာ မောင်ပြောသလို ဖြစ်ရင် ဘယ်လောက်ကောင်းမလဲ။ မောင်က ဖွတ်အတင်း တောင်းဆိုနေ၏။

"ကဲ…ကဲ မောင့်သဘော၊ မောင့်မာမီတို့နဲ့ ဘယ်တော့တွေ့ရမလဲ"

"မနက်ဖြန်"

"ဟင်…မြန်လှချည်လား"

သူမ မျက်တောင်ကော့ကြီးတွေ ပင့်ကာကြည့်ရင်း ပြောတော့ မောင်ပြုံး၏။

"ခပ်မြန်မြန်ပဲ၊ ဒီကောင်က ခင်ဗျားလေးနဲ့ အတူနေချင်နေပြီ"

"ကြည့်စမ်း…မောင်နော်၊ ဒါပဲ ခဏခဏပြောနေ"

နီရဲသောမျက်နှာလေးဖြင့် သူ့ကို ထုရိုက်မိ၏။ မောင်က သူမ၏ဖြူနုသော လက်သီးဆုပ်လေးတွေကို ဖမ်းယူသည်။

"ချစ်သူနှစ်ယောက် အတူနေမှာ ရှက်စရာလား မေ"

"တော်ကွာ"

မောင့်ရင်ခွင်မှာ မျက်နှာဝှက်မိ၏။ မောင်က သူမ၏နက်





မှောင်သော ဆံနွယ်များကြားမှ ကုပ်သားဝင်းဝင်းလေးကို ရှိုက်နမ်းသည်။

"အမှန်တော့ ခုလို အမြန်လက်ထပ်ချင်တာ ခင်ဗျားလေးကို စိတ်မချလို့"

"အမယ်…မောင့်ကိုသာစိတ်မချရတာရှင့်"

သူ့ရင်ဘတ်ကို တွန်းဖယ်မိ၏။ သူက သူမကိုယ်လေးကို အတင်းလိုက်ဖက်သည်။

"မောင်က ဘာဖြစ်နေလို့လဲ၊ ကဲ…ပြော"

"သြော်…မေဘယ်လ်"

"ကျွတ်…စိတ်မဝင်စားပါဘူးဆိုကွာ"

"မယုံပါဘူး"

"ဒီမှာ…မေဘယ်လ်ကို စိတ်ဝင်စားမှဖြင့် ခင်ဗျားကို လက်ထပ်ဖို့မပြောဘူး မေ"

"ဒါဆို မပြောနဲ့ပေါ့"

"အေး…မပြောဘဲမနေနိုင်တာ ကျုပ်က ခင်ဗျားလေးကိုပဲ ချစ်လို့မေ"

"မောင်…မောင်ရယ်"

အချစ်ရူးမလေး သူမက မောင့်ကို နမ်းမိ၏။ သည်လို မောင်ချွဲတတ်တာကြောင့် သူမ စွဲငြိနေတာထင်ပါရဲ့။





www.burmeseclassic.com

www.burmeseclassic.com

"လာ…မေ ဘာမှမကြောက်နဲ့"

ယနေ့တော့ မောင်၏အိမ်သို့ သူမလိုက်လာခဲ့သည်။ ဒါဟာ သူမအတွက် ပထမဆုံးအကြိမ် မောင့်အိမ်ရောက်ဘူးခြင်းပါပဲ။ တကယ်တမ်းမှာ မောင်ချမ်းသာတယ်ဆိုပေမယ့် ယခုလောက် ခမ်းနားကြီးကျယ်လွန်းမှန်း မသိပေ။

ဆိတ်ငြိမ်သော ရပ်ကွက်ကြီးထဲရှိ ခန့်ညားသည့် အုတ်တံတိုင်းကြီးများ ခတ်ထားတဲ့ မောင့်တိုက်ကြီးက သူမအတွက် နန်းတော်ကြီးပမာပါပဲ။

ခြံစောင့်ကြီး လာဖွင့်ပေးသော တံခါးမှတစ်ဆင့် မောင်က သူ၏ကားကို မောင်းလာခဲ့သည်။ ကွန်ကရစ်အတိုင်း ကားကို မောင်းလာရာမှ ခြံဝင်းကျယ်ကြီးထဲတွင် မြက်ခင်းပြင်စိမ်းစိမ်းနှင့် ပန်းပေါင်းစုံများက မျက်စိတစ်ဆုံး။ ရေသူမကျောက်ရုပ်မှ ရေပန်းဖွားများမှာ ပြာစင်လျက်။ အဖြူရောင်ကျောက်သားများဖြင့် တိုက်ကြီးသည် တကယ့်ကို ခမ်းနားလှပါဘိ။





ကြီးမားခန့်ညားသော ဆင်ဝင်အောက်ရှိ ကားကိုထိုးရပ်ပြီး မောင်က သူမကို လက်ဆွဲခေါ်သည်။

"မိအေး…မာမီကော"

"အပေါ်ထပ်မှာပါ ကိုကိုလေး"

"အေး…ဒါဆို သွားခေါ်"

တစ်ပက်နွမ်း အဝတ်အစားပေမယ့် သန့်သန့်ရှင်းရှင်း ဝတ်ထားသော အိမ်ဖော်ကောင်မလေးသည် ရှိသေစွာဖြင့် နေရာမှ လှည့်ထွက်သွား၏။

"ထိုင် မေ၊ မာမီလာလိမ့်မယ်"

နီညိုရောင်ကော်ဇောကြီးများ ခင်းထားသော မောင်တို့တိုက်ကြီး၏ ဧည့်ခန်းကျယ်မှာ နောက်ဆုံးပေါ် ခေတ်မီပရိဘောဂ ပစ္စည်းတွေက အပြည့်။

မျက်နှာကျက်မှာ မီးပန်းဆွဲကြီးများနှင့် အင်မတန် ခန့်ညားလှ၏။ သူမအတွက် တကယ့်ကို နတ်ဘုံနတ်နန်းပါပဲ။

ကောင်မလေးတစ်ယောက်က သူမတို့အတွက် ကော်ဖီနှင့် မုန့်များ လာပို့၏။ သစ်သီးပွဲကလည်း ပါသည်။

"ဗိုက်ဆာနေပြီလား မေ"

"ဟင့်အင်း"

"အဆာပြေ ကော်ဖီသောက်ထားလိုက်မေ၊ ဒီကပြန်မှ



www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ တစ်ခုခုစားမယ်”

ထိုစဉ် အပေါ်ထပ်မှ အသက်ငါးဆယ်ဝန်းကျင်ရှိ ခန့်ညား ချောမောသော နားတွင် ကြီးမားသော စိန်နားကပ်ကြီး တစ်ဖျပ်ဖျပ်နှင့် အမျိုးသမီးကြီးတစ်ဦး ဆင်းလာ၏။

“ဟော…မာမီ”

မောင့်နှုတ်မှ မာမီဆိုတာကြောင့် သူမပါ နေရာမှထလိုက်၏။ မောင့်မာမီက ညင်သာသောခြေလှမ်းများဖြင့် လျှောက်လာသည်။

မောင့်မာမီ၏ မျက်လုံးတို့သည် အပြုံးလက်နေ၏။

“မာမီ…ဒါ သားမိန်းကလေး ယုယမွှေတဲ့”

“ဩော်”

ဆေးတက္ကသိုလ်ကျောင်းသူဆိုပေမယ့် သာမန်အဝတ်အစားလေးနှင့် သူမကို မောင်၏မာမီက အထင်သေးသော မျက်လုံးများဖြင့် ကြည့်သည်။

“တွေ့ရတာဝမ်းသာပါတယ် အန်တီ”

“အင်း…ထိုင်ပါ”

အေးစက်စက်နှင့် မောင်၏မာမီလေသံက သူမအဖို့ ဘဝင်မကျစရာပါ။

“မေက ကျောင်းမှာတော့ တော်ပဲ မာမီ”





“ဘာလဲ…မေဘာယ်လ်ကို မီလို့လား”

“အို”

“ဟာ…မာမီကလည်း မေဘာယ်လ်လှတယ်ဆိုတာ မြင်သစ်၊ မေက သဘာဝ”

သူမပခုံးကိုဖက်ကာ မောင် ဂုဏ်ယူစွာပြုံး၍ ပြောသောက် မောင့်မာမီက ပြုံးမဲ့မဲ့။

“ကဲ…ဆန်နီ မင်းတို့ ထမင်းစားသွားကြမလား၊ မာမီ ပြင်နိုင်းလိုက်မယ်”

“နေပါစေ မာမီ၊ ကျွန်တော်တို့ သွားစရာရှိတယ်”

“အင်း…အင်း မာမီလည်း ခဏနေ အပြင်သွားရဦးမယ်၊ ကဲ ဂွတ်ဘိုင်”

မတတ်သာ၍ သူမကို တစ်ခဏ မျက်နှာချင်းလာဆိုင်ခဲ့ပါလား။ သူမကို ဘာတစ်ခုမှ မေးမြန်းစူးစမ်းခြင်းမရှိ။

မကြာခင် မောင့်မာမီ ကားနှင့်ထွက်သွား၏။ သူမတို့သည်း ထွက်လာခဲ့သည်။

“ဘယ်လိုလဲ မေ၊ မောင့်မာမီက ချောရဲ့လားဟင်”

“အင်း…ချောပါတယ်မောင်”

“မောင်က မာမီနဲ့တူတယ်မဟုတ်လား”

သူမ တိတ်တဆိတ် ခေါင်းညိတ်ပြလိုက်၏။ သည်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ မောင်ရိပ်မိကာ…

"ဟင်…မေ စကားလည်းမပြောပါလား၊ ဘာဖြစ်လို့လဲ"

ထိုအမေးကြောင့် သူမ သက်ပြင်းချမိ၏။ မောင်ဟာ ကိုယ့်ချစ်သူရဲ့ ခံစားချက်ကို ဘာမှမသိပါလား။

"မောင့်မာမီက မေ့ကိုသဘောမကျဘူး ထင်တယ်"

"မဟုတ်တာ မေရယ်၊ မာမီက မေ့ကို ဘာပြောလို့လဲ"

"ဩော်…ခက်ပါလား၊ ဘာမှမပြောလို့ပေါ့ မောင်"

"ဟောဗျာ"

သူမစကားကို မောင် နားမလည်စွာ ရယ်၏။

"အဟွန်း…အဆန်းပဲဗျာ၊ သူများတွေက မေးမြန်းစစ်ဆေးရင် မကြိုက်တာ မေရဲ့၊ အခု မာမီက မေ့ကို ဘာမှမမေးတာ ဘယ်လောက်ကောင်းလဲဟင်"

"မဟုတ်ဘူး မောင်၊ အဲဒါ မေ့ကို စိတ်မဝင်စားဘူးလို့ အဓိပ္ပာယ်ပြလိုက်တာပဲ"

"ဩော်…ဒီလိုလား"

ယခုမှ မောင်က တွေးမိဟန်။ သို့သော် ချက်ချင်းပင် မောင်က သူမပခုံးကို လှမ်းဖက်သည်။

"မေက အဲဒါကို သဘောမကျတာလား"





"စိတ်ထဲမှ တစ်မျိုးတော့ ဖြစ်တာပေါ့ မောင်"

"ဘာမှမပူနဲ့ မေ၊ မာမီ့ကို မောင် ဝတ္တရားအရခေါ်ပြတာ မောင်ပြောပြီးပြီလေ၊ မောင်သဘောပါလို့"

တဖွတ်ထိုးသမား မောင်ကတော့ သူပြောချင်ရာတွေပြောလို့။ သူမ ခေါင်းလေးအသာ ခါယမ်းမိ၏။

"လက်ထပ်တယ်ဆိုတာ လူကြီးမိဘ သဘောတူမှ ကောင်းတာပါ မောင်"

"ဒါဖြင့် မောင့်မာမီ သဘောမတူရင် ဘယ်လိုလုပ်မလဲ"

"ခိုးပြေးမှာပေါ့"

"အို"

ကလေးတစ်ယောက်လို မောင်ဟာ ဘာမှမစဉ်းစားသူပါလား။ ယောကျ်ားနောက် ခိုးရာလိုက်ရမှာမျိုး မိန်းကလေးတစ်ယောက်အတွက် ဘယ်လောက်သိက္ခာကျသလဲဆိုတာ သိဟန်တော့။

"ဒီလောက်လည်း မတွေးပါနဲ့မေ၊ မောင့်အထင်တော့ မာမီ ဘာမှမမေးတာဟာ မေ့ကိုသဘောကျလို့နေမှာပါ"

"ဩော်…မောင်ရယ် အဲဒီလိုဖြစ်ရင် အကောင်းဆုံးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါကွာ၊ မာမီက မောင့်ကို အလိုလိုက်ပါတယ်၊ ကဲ ထမင်းစားကြစို့"

မောင်က စားသောက်ဆိုင်ဝင်သည်။ ခမ်းနားကောင်းမွန်သော ဆိုင်တစ်ခုပါပဲ။ မောင်က မီနူးကဒ်ကြည့်သည်။

"တရုတ်စာပဲ စားရအောင်မေ"

"အင်း…ကောင်းပါတယ်"

အစားကို ပွပွနွှေးနွှေး စားတတ်သော မောင်သည် ချက်ပြီးသား ဟင်းအေးအေးများကို ဘယ်တော့မှ မစားတတ်ပါ။

သူမတို့လို သာမန်လူတွေအဖို့ ထမင်းကို မနက်စာ၊ ညစာ ပေါင်းချက်သလို ဟင်းကလည်း မနက်ကတည်းက ချက်ထားတာမို့ ညစာဆို အေးပြီ။ သို့သော် စားရတာပဲမဟုတ်လား။ မနက်စာတစ်မျိုး၊ ညစာတစ်မျိုး မချက်နိုင်တဲ့ဘဝတွေလေ။

မောင်က ဟင်းတွေ တစ်ခုပြီးတစ်ခု မှာ၏။ နှစ်ယောက်တည်းစားမှာကို ဒီလောက်ဟင်းတွေမှာတာ သူမ သဘောမကျတော့ပေ။

"မောင်…ဘာကြောင့် ဒီလောက်ဟင်းတွေ များနေတာလဲဟင်၊ မေတို့က နှစ်ယောက်တည်းပဲစားမှာ မဟုတ်လား"

"မများပါဘူး မေရဲ့၊ ဒါ မောင့်အိမ်မှာ စားနေကျပုံစံပဲ၊ မောင်က ဟင်းခွက်များမှ စားတတ်တာ"





ထိုစကားကြောင့် သူမ သက်ပြင်းကြိတ်ချလိုက်၏။ မောင်ဟာ လောကအကြောင်း ဘာမှမသိတဲ့ လူတစ်ယောက်ပါလား။

"မေလည်း ဟင်းတွေများများစား"

ပူနွေးလတ်ဆတ်သော ဟင်းလျာများကို မောင်က သူမ ပန်းကန်ထဲ ခပ်ထည့်ပေး၏။ မှန်တာပြောရလျှင် ဒီလောက်ဟင်းတွေ အများကြီးနှင့် သူမတစ်ခါမှ မစားခဲ့ဘူးပါ။ ထို့ကြောင့် ထမင်းကိုတောင် ဘယ်ကစစားရမှန်း မသိပေ။

"မောင်…မေနဲ့နေရင် ဒီလောက်ဟင်းတွေအများကြီး စားရမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ၊ မေက မချက်နိုင်လို့လား၊ ကိစ္စမရှိဘူး၊ မောင်တို့ အပြင်ထွက်စားတာပေါ့ မေ"

ကဲ…ကြည့်။ သူမပြောချင်တာက တခြား၊ မောင် အဓိပ္ပာယ်ကောက်တာက တစ်လွဲ။

သူမဟာ ဟင်းထမင်းချက်တာ ပျင်းတဲ့မိန်းကလေး မဟုတ်ဆိုတာ မောင်သိရဲ့လား။

"ဟာ…ဒါဆို မောင် ဟင်းကောင်းကောင်းကြိုက်တာနဲ့ အဆင်ပြေပြီ"

"ဒါပေမယ့် ဟင်းခွက်တွေ အများကြီးချက်ဖို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ငွေတွေအများကြီးကုန်မှ မဟုတ်လား မောင်"

သည်တော့မှ မောင် သဘောပေါက်ပုံပါပဲ။ ပခုံးဆတ်ခနဲတွန့်ကာ…

"အဲဒီအတွက် မပူပါနဲ့မေရယ်၊ မောင် လုံလောက် အောင် ငွေရှာပေးမှာပေါ့"

"မေကတော့ မလိုအပ်ဘဲ ငွေကို အပိုမသုံးသင့်ဘူးထင်တာပဲမောင်၊ ဟင်းဆိုတာ ချက်တတ်ပြုတ်တတ်ဖို့နဲ့ အဆင်ပြေပြေ စားကောင်းဖို့က အရေးကြီးတယ်မောင်"

ငွေကို ရေလိုသုံးသော မောင်နှင့် ငွေကို ရွှေလိုတန်ဖိုးထားကာ စီစစ်သုံးနေရသော သူမဘာဝတို့ ဒီမှာတင် ကွာဟနေကြပြီ။

"မေကတော့ အသက်ငယ်ငယ်လေးနဲ့ အများကြီးတွေးတာပဲကိုးကွ၊ ဒီမှာမေ မောင်ကတော့ ဘဝမှာ ကောင်းကောင်း အလုပ်လုပ်ပြီး ကောင်းကောင်းနေ၊ ကောင်းကောင်းစားမယ်၊ ဒါပဲ ငွေရှာတာ ကိုယ်သုံးဖို့ပဲမေ"

"ကဲ…ပြောပါဦး၊ ဒါဆို မောင်ဘယ်လောက်ထိ ငွေရှာဖူးလဲ"

"နိုး…မာမီ့ဆီက တောင်းတယ်၊ ဒက်ဒီ့ဆီက တောင်းတယ်မေ"





"မေကတော့ ကိုယ်တိုင်ငွေရှာဖူးတယ် မောင်၊ အမေ စက်ချုပ်တာကို ဝိုင်းချုပ်ပေးတယ်၊ အိမ်မှာစိုက်ထားတဲ့ စံပယ်ပန်း နှင်းပန်းတွေကို ကိုယ်တိုင်သီရောင်းဖူးတယ်"

"ဟာ…မေက တယ်တော်ပါလားကွ"

မောင့်အတွက်ကတော့ သူမအလုပ်တွေဟာ ရယ်စရာကောင်းနေ၏။ စားသောက်ပြီး ပိုက်ဆံရှင်းတော့ သူမ မျက်လုံးပြူးသွားည်။

"ဘုရားရေ…မေတို့နှစ်ယောက်စားတာဟာ သာမန်မိသားစုအတွက် တစ်လစာပါလား မောင်"

ရင်ဘတ်ပေါ် လက်လေးဖိကာ အံ့သြထိတ်လန့်စွာပြောတဲ့ သူမကို မောင်က အမြန်ဆွဲ၍ အပြင်ခေါ်ထုတ်ခဲ့လေ၏။





www.burmeseclassic.com

www.burmeseclassic.com

"မောင့်မာမီက ဘာပြောလဲဟင်"

နောက်နေ့ မောင်နဲ့တွေ့တော့ မေ မျှော်လင့်စွာမေး၏ မောင် ပခုံးတွန့်ကာ အရေးမပါဟန်ဖြေသည်။

"မာမီက မေ့ကို ရုပ်လေးကတော့ လှပါတယ်တဲ့"

"ဟင်…ဒါဖြင့်"

"မေ့အကြောင်းတွေကြားတော့ မေက ရုပ်လေးလှ မယ့် ဘဝတော့မလှရှာပါလားတဲ့"

မိခင်မုဆိုးမကြီး၏ ပြုစုစောင့်ရှောက်မှုဖြင့် သူမ ဒီအရွယ် ထိ ရောက်လာတာကို မောင့်မာမီက ဆိုလိုခြင်းပဲ။ မှန်တာပြော လျှင် မောင့်မာမီ အထင်ကြီးသော မေဘယ်လ်တို့လောက်တော့ သူမဘဝ မပြည့်စုံပါ။

"ရှင်းရှင်းပြောပါ မောင်၊ မောင့်မာမီက မောင်နဲ့မေ့ သဘောမတူဘူး မဟုတ်လား"

သူမစိတ်ထဲ ခံပြင်းသလိုဖြစ်မိ၏။ မောင်က သူမလက်





ဆွဲယူသည်။

"မေ့ကို မောင်ပြောထားပြီလေ၊ မောင့်သဘောပါလို့၊ ကဲ ပြော မောင့်ကို ဘယ်နေ့ဟင်းချက်ကျွေးမှာလဲ"

မေ့လက်ရာ ဟင်းချက်ကောင်းတယ်ဆို၍ မောင်မေးခြင်း ပါ။ မေချစ်တာ မောင့်ကိုပဲမို့ ကျန်တဲ့ကိစ္စတွေ လျစ်လျူရှုရမလို ပါပဲ။

"မောင်က တကယ်လာစားမှာ ဟုတ်လို့လား"

"ဟာ…စားမှာပေါ့၊ ဟောဒီ မေ့လက်လှလှလေးနဲ့ ချက်တာပဲ၊ မောင် မစားလို့ဘယ်ဖြစ်မလဲကွ"

သူမ၏ ဖြူနုသောလက်လေးတစ်ဖက်ကို မောင်က နှုတ်ခမ်းဖြင့် တစ်ချက်ဖိနမ်းကာ ပြုံး၍ပြောသည်။

"ဒါဆို အခုလာမယ့်ကျောင်းပိတ်ရက် မောင်"

"အိုကေ"

"ဟို…တစ်ခုတော့ရှိတယ် မောင်"

"ဘာများလဲ မေ"

"မောင့်အိမ်လို ဟင်းတွေအများကြီးတော့ မေ ချက်နိုင် မှာမဟုတ်ဘူး"

"အဟွန်း…မေချက်တာနဲ့ စားမှာပါဗျာ"

သည်လိုကြတော့ မောင်က ချစ်စရာကောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားစွာဝန်ခံရလျှင်တော့ မေကလည်း ချစ်သူမောင့်ကို ကိုယ်တိုင်ပြင်းလေးတွေ ချက်ကျွေးချင်ပါ၏။

"ယုယမေတို့ကတော့ မင်းဓေယျာနဲ့လည်း ပြန်ပြီး အဆင်ပြေရော တို့ကိုတောင် လှည့်မကြည့်တော့ဘူး"

"ဝါဝါကလဲ"

အမှန်တကယ် သူငယ်ချင်းတွေ စ,စရာဖြစ်နေ၏။ စိတ်ကောက်ပြီး ပြန်ချစ်ကြတဲ့သူတွေမို့လားမသိ မောင်နဲ့မေက တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်မှ အပျောက်မခံကြပါ။

"ဘယ်လိုလဲ မေ၊ ဓေယျာ ရှင့်ကို ဂရုစိုက်ရဲ့လား"

"အင်း…ဂရုစိုက်ပါတယ်၊ သူက လက်ထပ်ချင်ပြီတောင် ပြောတာ"

"အလို…ကျောင်းမှမပြီးသေးပဲ မေ"

"ဟုတ်ပါတယ်၊ ဒါကြောင့် မေ လက်မခံသေးပါဘူး ကွယ်"

မိန်းမသားတွေဟာ စိတ်ထားနူးညံ့လို့လားမသိ ချစ်သူ၏ အလိုဆန္ဒကို လိုက်လျောချင်ကြသည်။ မတတ်သာလို့သာ စိတ်ကို ချုပ်တည်းထားတာပါ။ ချစ်သူမျက်နှာ ညှိုးလျှင် မနေတတ်သလို ဖြစ်ရ၏။

"မင်းဓေယျာကတော့ သိပ်ကဲတာပဲ၊ မုန်းတုန်းကလည်း





သူပဲ၊ ပြန်ချစ်တော့လည်း သူလောက်ကဲတာ မရှိဘူး"

မေသွားလေရာ မောင် နောက်မှပါလာတာမို့ သူငယ်ချင်းတွေပင် ကြည့်မရပါ။ မိန်းမသားဖြစ်တဲ့ မေကတော့ ချစ်သူ ဂရုစိုက်မှုကို ကျေနပ်တာပါပဲ။

"မောင် စာမေးပွဲနီးပြီနော်၊ စာတွေကျက်ဦး"

"မေနဲ့ အတူကျက်မယ်လေ"

"အို…မေနဲ့က ကျောင်းမှာပဲတွေ့တာ မောင်"

ထိုအခါ မောင်က သွားချွန်ချွန်လေးတွေပေါ်အောင် ပြုံး၏။ သည်နောက် သူမကို တောက်ပသောမျက်ဝန်းများဖြင့် လက်ခနဲစိုက်ကြည့်ကာ လေသံတိုးတိုးဖြင့်…

"မေနဲ့ နှစ်ယောက်အတူ စာကြည့်လို့ရအောင် မောင် နေရာရှာထားတယ်"

"ဟင်…ဘယ်မှာလဲ"

"မောင်နဲ့လိုက်ခဲ့လေ"

မောင်က ပဟေဠိဝှက်သလို သူမကို နေရာဖွင့်မပြောဘဲ ခေါ်ခဲ့၏။ သူမ တစ်ခါမှမရောက်ဘူးသော တိုက်ခန်းတစ်ခု။ ပေါ်လစ်တို့ ပြောင်နေအောင်တိုက်ထားသော လျှာထိုးကွက်များဖြင့် တိုက်ခန်းလေးမှာ အသစ်စက်စက် ပရိဘောဂတွေနှင့်။

"ဟင်…ဒါက"



www.burmeseclassic.com

www.burmeseclassic.com



"မောင်တို့နှစ်ယောက် စာကြည့်ဖို့ သီးသန့်နေရာလေ"

"အို"

ကြည့်ပါဦး…စာကြည့်ဖို့တိုက်ခန်းတဲ့။ အခန်းထဲမှာ နှစ်ယောက်အိပ်ခုတင်တစ်လုံး၊ မှန်တင်ခုံ၊ စာကြည့်စားပွဲ၊ ရှေ့မှာက ဧည့်ခန်း၊ နောက်မှာ ထမင်းစားခန်း၊ မီးဖိုချောင်နှင့် ရေချိုးခန်းတို့ အားလုံးပါဝင်နေ၏။

"ဒီအခန်းက မောင်တို့စာကြည့်ပြီးရင် အနားယူဖို့လေ"

အခန်းထဲက နှစ်ယောက်အိပ်ခုတင်ကြီးကို သူမ မျက်နှာလွှဲလိုက်၏။

"မေတို့ပြန်ကြရအောင် မောင်"

"ခနေပါဦး"

"အို…မောင်"

ဖျတ်ခနဲ မောင်က သူမကိုယ်လေးကို လှမ်းဖက်တာကြောင့် နှစ်ယောက်သား ခုတင်ပေါ် ပြိုလဲကျသွား၏။ ရုတ်တရက် မောင့်အနမ်းတွေက သူမကိုယ်ပေါ် ဖြာကျလို့။

"မောင်…ဖယ်ကွာ"

"မေကလဲကွယ်"

ခေါင်းမာသော မောင့်အကျင့်အတိုင်း ခွတ်တိုး၏။ မေ အသက်ရှူဖို့ပင် ခက်ရသည်။





"မောင် ဒီလိုဆိုးရင် မေနဲ့အတူစာကျက်လို့ မဖြစ်ဘူး"

"အဟွန်း…ဒီလိုတော့ မလုပ်ပါနဲ့ကွာ"

မေ ခြိမ်းခြောက်တာ ကောင်း၍လားမသိ မောင်က သူမကို အလျှော့ပေးလေ၏။ မေ မျက်နှာစောင်းလေးထိုးမိသည်။

"မောင် သိပ်ကဲတာပဲ"

"ချစ်တာကိုးဗျ"

"ဒါနဲ့ နေပါဦး၊ ဒီနေရာကို ဘယ်လိုတွေ့တာလဲ မောင်"

သားမိသားစုလေးယောက်လောက် နေနိုင်တဲ့ သေသပ်လှပသည့် အခန်းလေးမဟုတ်လား။ မောင် ပြုံး၏။

"အစကတည်းက စိတ်ကူးရှိတာ အမှန်တော့ မေနဲ့ လက်ထပ်ပြီးရင် တစ်ခါတလေ လာနေဖို့"

"အို…မောင့်မာမီတို့က ပြောမှာပေါ့"

"အဟွန်း…မေက သိပ်အတာပဲ၊ ဒါ မောင့်အခန်းဗျ၊ မောင့်မုန့်ဖိုးနဲ့ ဝယ်ထားတာ၊ ဒီတိုက်ခန်းရှိတာ မာမီတို့တောင်မသိဘူး"

"ဟင်"

ချမ်းသာသူများကြတော့ မုန့်ဖိုးစုတာနှင့် ဒီလောက်တိုက်ခန်း ဝယ်နိုင်သတဲ့။ သူမတို့အိမ်ထက် ဆယ်ဆမက တန်ဖိုးကြီးပေါ့ ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ ဒီနေရာလေးမှာ မောင်နဲ့အတူ စာကြည့်မှာလား မေ"

"စဉ်းစားဦးမယ်"

သူမ ခပ်တင်းတင်းလေး ပြော၏။ မောင်က သူမကို စိုက်ကြည့်သည်။

"အေးဗျာ…မေနဲ့သာ အတူစာမကြည့်ရရင် မောင် စာမေးပွဲအောင်မှာ မဟုတ်ဘူး"

"ကြည့်စမ်း…ဒါ လူကို ခြိမ်းခြောက်တာလား မောင်"

"တကယ်ပြောတာ မေ၊ မောင်က အဖော်နဲ့မှ စာကြည့်တတ်တာကွ"

သည်လိုဆိုတော့လည်း သူမအတွက် စဉ်းစားစရာဖြစ်နေ၏။ မောင်စာမေးပွဲကျလို့ မဖြစ်ပေ။ မောင်နဲ့သူမ နီးစပ်ဖို့ဆိုတာ စာမေးပွဲအမြန်အောင်မှလေ။

"နေပါဦး…မေနဲ့ မတွေ့ခင်တုန်းက မောင် ဘယ်သူနဲ့ စာကြည့်လဲ"

"အဟွန်း…သူငယ်ချင်းတွေနဲ့ပေါ့ဗျာ"

"ဘာလဲ…မိန်းကလေးတွေနဲ့လား မောင်"

သူမ သဝန်တိုစွာမေးတော့ မောင်ပြုံး၏။ သူမကိုယ်လေးကို ဆွဲယူကာ မျက်နှာချင်းဆိုင်သည်။





"အဲဒါ…သဝန်တိုတာလား မေ၊ မေ သိထားဖို့က ဒီတိုက်ခန်းမှာ မိန်းကလေးဆိုလို့ မေ့ကို စခေါ်တာပဲ"

"မယုံပါဘူးနော်"

ရင်ထဲမှာ ကြည်နူးသလိုဖြစ်ပေမယ့် မောင့်လိုလူတစ်ယောက်ကို စိတ်မချတာလည်း အမှန်ပါ။

"ဟောဗျာ…မေ စဉ်းစားကြည့်ပါလား၊ ဒီလိုတိုက်ခန်းမျိုး တခြားမိန်းကလေးတွေ ခေါ်လာရင် ပြန်ဆင်းကြပါ့မလား၊ ကိုယ်မချစ်တဲ့မိန်းမကို အဖော်တင်အောင် မောင်ဘယ်တော့မှ မလုပ်ဘူး မေ"

"ဒါဖြင့် မေကကော"

"အဟွန်း…မေက မောင်ချစ်တဲ့မိန်းမလေ၊ ဩော်…ပြန်မဆင်းလည်း ရတယ်နော်"

သူမ၏ သေးကျဉ်းသောခါးလေးကို တင်းတင်းဖက် ကာ မောင်ပြောသည်။

"အမယ်…မောင် နစ်နာနေပါဦးမယ်နော်"

"အဟွန်း…နစ်နာချင်နစ်နာပါစေဗျာ၊ မေ့အတွက် အနစ်နာခံနိုင်ပါတယ်"

"သွား"

မောင့်ရင်ဘတ်ကို တွန်းဖယ်မိသည်။ သို့သော် သူမ



www.burmeseclassic.com

www.burmeseclassic.com



အင်အားက နည်းလှ၏။

"သွားမယ်၊ မေနဲ့လေ"

"အို"

အခွင့်အရေးကို မောင်က လက်လွှတ်မခံပါ။

"မေ"

"ဟင်"

"ချစ်တယ်ကွယ်"

"အို…မောင်ရယ်"

အခြေအနေနှင့် အချိန်အခါက မောင့်ကို အခွင့်အရေးတွေ ပေးနေသလိုပါပဲ။ တိတ်ဆိတ်သောနေရာမှာ ချစ်သူနှစ်ဦးတွေ့ကြတာ သဘာဝကို လွန်ဆန်ဖို့ ခဲယဉ်းလှသည်မဟုတ်လား။



"အမေ…ဒါ သမီးတို့ကျောင်းက မင်းဧယျာတဲ့"

"ဪ…သားလေးက သမီးရဲ့သူငယ်ချင်းကိုး၊ ထိုင်ပါကွယ်"

အမေသည် မောင်၏ မာမီနှင့် ရွယ်တူပေမယ့် ဘဝဒဏ်၊ လောကဒဏ်ကြောင့် ရှိသင့်သောအရွယ်ထက် ရုပ်များစွာကျလေသည်။

သူမတို့ရဲ့ ဝရန်တာလေးပါသော သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်အိမ်လေးကို မောင်က မျက်စိတဝေ့သာ ဖျတ်ခနဲ ကြည့်၏။ ရေနံချေးဝနေသော အိမ်လေးမှာ နှစ်တွေကြာလို့ဟောင်းပေမယ့် သူမလက်ရာဖြင့် ကြမ်းပြင်လေးတွေ ပြောင်လက်နေသည်။

"မေက အန်တီနဲ့ မတူဘူးနော်"

အမေ့ကိုတစ်လှည့်၊ သူမကိုတစ်လှည့်ကြည့်ကာ မောင်ပြောတော့ အမေ ရယ်၏။

"အဟင်း…ဟင်း ဟုတ်တယ်ကွယ့်၊ သမီးက အဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



လေ၊ သူ့အဖေက အသားဖြူဖြူ အရပ်မြင့်မြင့်ပဲ''

''သြော်''

ညည့်ခန်းထဲမှာ ချိတ်ထားသော အဖေ့ပုံကို မောင်တစ်ချက် လှမ်းကြည့်၏။

သူမက မောင့်အတွက် ကော်ဖီနှင့်မုန့် ယူလာ၏။ မနက်က သူမကိုယ်တိုင်ထိုးထားသော ရွှေကြည်ဆနွင်းမကင်းပါ။

''မောင် အဆာပြေစားပါဦး''

''ဒီမုန့်က မေ့လက်ရာလား''

''အင်း''

အမေခဏထွက်သွားစဉ် မောင်က တိုးတိုးကပ်မေးသည်။ အမေ ပြန်ရောက်လာ၏။

''သမီးတို့ အေးအေးဆေးဆေး စကားပြောကြဦး၊ အမေ မထွေးနေမကောင်းလို့ သွားမေးလိုက်ဦးမယ်''

''ဟုတ်ကဲ့''

''သြော်…ထမင်းစားနှင့်ကြနော်၊ အမေစားပြီးသား သမီး''

မောင်ကတော့ အမေပြောတာကို သဘောကျနေ၏။ အမေ ထွက်သွားတာနှင့်

''ယောက္ခမကြီးက အလိုက်သိသားပဲ''





''မောင်နော်''

သူမ မျက်စောင်းထိုးတော့ မောင်ရယ်၏။

''လာပါဦး မေရယ်''

''ဟင်…ဘာလုပ်တာလဲ''

''လွမ်းလို့''

''ကြည့်စမ်း…မကဲနဲ့မောင်''

ရှေ့တိုးလာသော မောင့်ကို သူမရှောင်ဖယ်ကာ မီးဖိုထဲ ဝင်ခဲ့၏။ သည်နေ့ မောင်လာမည်ဆိုတာကြောင့် သူမကိုယ်တိုင် နက်စောစော ဈေးလိုက်ကာ ဟင်းတွေချက်တာ မနက်ကတည်း က မဟုတ်လား။

''မေ''

''ကြည့်စမ်း မောင် ဘာလာလုပ်တာလဲ၊ ရှေ့မှာပဲနေ ကွာ''

''ယောဗျာ…ထမင်းစားရမှာ မဟုတ်ဘူးလား''

''ဟင်းတွေမကျက်သေးဘူး ကိုရွှေစည့်သည်ရဲ့''

ဟင်းခွက်များမှ စားတတ်တယ်ဆိုသော မောင့်ကြောင့် သူမ အတတ်နိုင်ဆုံး ကြိုးစားပမ်းစားလေး ချက်နေရ၏။

''ဒီလိုကြတော့ မေက တကယ့်အိမ်ရှင်မလေးနဲ့ တူတယ် ကွ''



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ"

"မတော်ဘူးဗျာ"

"အို"

လျှင်လိုက်တဲ့မောင်၊ သူမပါးပြင်နုနုကို ဖျတ်ခနဲ ရှိုက်နမ်း သွား၏။ သည်လိုတွေကဲ့တဲ့ မောင့်ကြောင့် သူမ အမြဲရင်မော တာလေ။

မောင်က ချစ်ဖို့တစ်ခုသာ သိ၏။

"မေတို့ထမင်းဝိုင်းက မောင့်အိမ်မှာ စားနေသလို ပြည့် မှာ မဟုတ်ဘူးနော်"

"ဒါပေမယ့် မဆိုးပါဘူး မေ"

ပြည့်စုံပါတယ် မေဟု မောင်မပြောပါ။ သူမတို့သား သာဆိုလျှင် ဆီပြန်ဟင်းတစ်ခွက်၊ ငါးပိတစ်ခွက်နှင့်သာ ပြီးတ ၏။ ယခုတော့ မောင့်အတွက် ကြက်သားနှင့် အာလူးချက် ဝက်သားပဲငပိ၊ ငါးခူငါးပိကြော်ဆီပြန်၊ သီးစုံပဲကုလားဟင်း၊ ဗာ ချောင်ကြော်၊ အရွက်ကြော်၊ အတို့အမြုပ်စုံဖြင့် မြိုင်နေအော ပြင်ထားတာကိုပဲ မောင်က မဆိုးပါဘူးတဲ့။

သူမ သက်ပြင်းလေးသာ ကြိတ်ချရ၏။ ထမင်းဝိုင်း မောင်နဲ့သူမ နှစ်ယောက်တည်း။ သူမက မောင့်ပန်းကန်ထဲ အသည် အမြစ်ဖတ်ကို ထည့်ပေးလိုက်သည်။





"ဘာလဲ မေက မောင့်ကို အသည်းပေးတာလားဟင်"

ပြုံးစေ့စေ့ဖြင့် မောင်မေး၏။ သူမ မျက်စောင်းထိုးမိ၏။

"မကြိုက်ဘူးလား"

"အဟွန်း...ကြိုက်ပါတယ်ဗျာ"

အဓိပ္ပာယ်ပါပါဖြင့် ကြည့်ကာ မောင်ပြောတော့ သူမ မျက်နှာလေး နီချင်သွားရ၏။ မောင့်အကြည့်တွေက ဘာကြောင့် ဒီလောက်တောက်ပတာလဲ။

"မေ လက်ရာကောင်းရဲ့လား မောင်"

စကားလမ်းကြောင်း မေ လွှဲလိုက်ရ၏။ မောင် သွက်လက်စွာ ခေါင်းညိတ်သည်။

"ကောင်းတယ် မေ၊ မောင်ကြိုက်တယ်"

"ဟင်း...တော်သေးတာပေါ့"

မောင်စားလို့မကောင်းမှာ သူမ ကြိတ်ပူခဲ့ရသည်မဟုတ်လား။ မောင်က ထမင်းနှစ်ပန်းကန်စားတော့ မေ အမောပြေရသလို ပါပဲ။

"မေက မောင်မကြိုက်မှာ စိုးရိမ်နေတာ"

"ဘာလို့မကြိုက်ရမှာလဲ၊ ကိုယ့်မိန်းမချက်တာပဲ"

"မောင်နော်"

ထမင်းစားပြီးသွားတော့ မောင့်ကို အချိုပွဲဖြင့် အိမ်ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ထားသည်။ နောက်ထဲမှာ သိမ်းဆည်းပြီးမှ ထွက်လာခဲ့၏။

"မောင် ပျင်းနေပြီလား"

"အင်း…မေက ဟစ်ယောက်တည်းပစ်ထားတာကိုး"

"ဆောရီး မောင်၊ လာလေ…ပျင်းရင် မေတို့ခြံလေးထဲ ဆင်းကြည့်ပါလား"

"နေပါဦးကွာ"

"အို"

မောင်က ဖျတ်ခနဲထလာကာ သူမကိုယ်လေးကို ဖက်သည်။

"အို…မောင်နော် အမေပြန်လာလို့ ခက်မယ်"

"ဒါဆို မောင်နဲ့အတူ စာကြည့်မှာလား ပြော"

အကြပ်ကိုင်တဲ့ မောင့်ကြောင့် သူမ ခေါင်းညိတ်လိုက်ရ၏။ မောင် ကျေနပ်စွာပြုံးလျက် သူမပါးပြင်ကို ဖျတ်ခနဲနမ်းသည်။

"လာ…ခြံထဲသွားစို့ မေ"

ယခုတော့ မောင်ကပဲ ဦးဆောင်နေပြီ။ ခြံထဲမှာ စံပယ်ပန်း၊ မြွှန်နှင့် ဂန္ဓမာ၊ နှင်းဆီတို့ကို တွေ့ရ၏။

"ဒီပန်းလေးတွေကြောင့် မေ ကျောင်းတက်နိုင်တာ မောင်"

"တကယ်လား၊ ပန်းပင်တွေက ဒီလောက်ဝင်ငွေရလား"





မောင့်အတွက်ကတော့ အံ့သြစရာဖြစ်နေသည်။ သူမ ပြုံးလိုက်၏။

"အများကြီးတော့ မဟုတ်ဘူးပေါ့ မောင်၊ ဒါပေမယ့် မေက အဲဒီရတဲ့ငွေကို ကျောင်းဖိုးအတွက်ပဲ သုံးတယ်၊ ကျန်တာ အမေကို စက်ကူချုပ်ပေးတယ်"

"ဟင်…ဒါဆို မေ ဘယ်အချိန်စာကြည့်လဲ"

"အို…မောင်ကလည်း ညဘက်တွေ ကြည့်တာပေါ့၊ ဒီလိုပဲ အချိန်ရအောင်ယူရတယ် မောင်"

သူမပြောသမျှ မောင်က ခေါင်းတညိတ်ညိတ်။ ထို့နောက် မေ့ကို ကရုဏာသက်သလို ကြည့်၏။

"မေ…အတော်ပင်ပန်းမှာပဲ"

"ဘယ်တတ်နိုင်မလဲ မောင်၊ ဘဝက ဒီလိုပေးလာတာကိုး၊ ခံနိုင်ရမှာပေါ့"

အပြုံးမပျက် သူမပြောလိုက်၏။ ဘဝဆိုတာ ကိုယ်က ရွေးချယ်ခွင့်မရှိ။ ဖြစ်လာတဲ့ဘဝမှာ မညည်းညူဘဲ အကောင်းဆုံး ဖြစ်အောင် ကိုယ်က ကြိုးစားရမည်မဟုတ်လား။ သည်လိုကြိုးစား ရာတွင်လည်း ဖွဲ၊ လုံ့လ၊ ဝီရိယထားဖို့လို၏။

"မေ့ကို မောင်ချီးကျူးပါတယ်၊ ဘာပဲဖြစ်ဖြစ် မောင်နဲ့ လက်ထပ်ပြီးရင် မေ အနားယူတော့"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး မောင်၊ အလုပ်လုပ်နေတဲ့ လက်တွေက အမြဲ
တမ်း လုပ်နေရမှ"

"မေဟာလေ…ကဲ ဒါဆို မောင်နဲ့ မောင့်သားသမီးတွေ
ကို ပြုစု"

"ကြည့်စမ်း…မောင် လျှောက်ပြောတယ်"

မျက်နှာနီနီလေးဖြင့် မောင့်ကို ထုရိုက်မိ၏။ မောင်က
သူမလက်လေးတွေ ဖမ်းဆွဲသည်။

"တကယ်ပြောတာ၊ မေ လက်လေးတွေက သိနတ
မောင့်ကိုပဲ ချော့သိပ်"

"တော်ကွာ"

မောင်က သူမရှက်နေတာကိုကြည့်ပြီး ရယ်၏။ ထို့နောက်
မေ့နားတိုးတိုးကပ်ပြောသည်။

"ကြည့်စမ်း…မောင်နော်"

သူမ မောင့်အပါးက လှစ်ခနဲ ပြေးထွက်ခဲ့သည်။ လူဆိုး
မောင်ပဲ။

"မနက်ဖြန် မေ့ကို မောင်လာကြိုမယ်"

"အို…ဟင့်အင်း နေပါစေမောင်၊ မေဘာသာလာမယ်"

"ဘာဖြစ်လို့လဲကွာ"

သူက အလိုမကျစွာမေး၏။ မောင့်ကိုနားလည်အောင်





ဘယ်လိုရှင်းပြရမလဲ။ သူမတို့ရပ်ကွက်လေးဟာ မောင်တို့လို ခြံဝင်း
ကျယ်ကြီးတွေနဲ့ မဟုတ်ပါ။ ခြံခြင်းကပ်လျက်မို့ လူတွေကလည်း
အတန်းအစားမညီ၊ ဒီလိုနေရာမျိုး မောင့်ကားကြီး ဝင်ထွက်နေတာ
ဘယ်လိုမြင်မလဲ။

"မောင် လာရတာဝေးပါတယ်၊ မေ့ကြောင့် အပင်ပန်း
မခံပါနဲ့"

"ဒါဖြင့် ဘတ်စ်စတော့ပ်မှာ လာကြိုမယ်"

တစ်ခုမဟုတ် တစ်ခု မောင်က တောင်းဆိုနေ၏။ သူလို
ချင်တာကို မရလျှင် ဒီက မောင်ပြန်မည်မထင်။ ထို့ကြောင့် မြန်မြန်
လေး ခေါင်းညိတ်လိုက်ရ၏။

"ကဲ…ကဲ မောင့်သဘော"

"အဟွန်း…ဒါကြောင့် မေ့ကိုချစ်တာ"

"ဟိတ်…မကဲနဲ့"

မောင်ပြန်သွားတော့ အမေက သူမကို မေးသည်။

"သမီးတို့ချင်း မေတ္တာမျှနေကြတာလား"

"ရှင်…ဟုတ်…ဟုတ်ပါတယ် အမေ"

"အင်း…ကောင်လေးပုံစံက သမီးကို တကယ်ချစ်ပုံပါပဲ၊
ဒါပေမယ့် သူ့အသိုင်းအဝိုင်းက သမီးနဲ့သဘောတူပါ့မလား"

ထိုအမေးကြောင့် သူမ ငိုင်သွားရ၏။ အမေသည်း



www.burmeseclassic.com

www.burmeseclassic.com



သူမတွေးသလို စိုးရိမ်တာပါလား။

"သဘောမတူဘူးလား သမီး"

"ရှင်...အမေ ဒီ...ဒီလိုတော့ မဟုတ်ပါဘူး အမေ၊ သမီးတောင် မောင့်မာမီနဲ့ တွေ့ခဲ့ပြီးပါပြီ"

"ဒါဆို ဘာပြောလဲသမီး"

"သူ့မာမီကတော့ သမီးကို ဘာမှမဝေဖန်ပါဘူး၊ သူ့သဘောအဓိကပါ အမေ"

"အေး...အေး သမီးတို့ချင်း အဆင်ပြေဖို့ အဓိကပါလေ၊ တကယ်တော့ အမေ့သမီးလေးက မိန်းမချောလေးပဲ"

သူမကတော့ အမေ မမြင်အောင် သက်ပြင်းကြိတ်ချလိုက်၏။ မျက်စိထဲမှာ မောင့်မာမီ၏ တောက်ပသော မျက်လုံးများဟာ နားမှာပန်ထားသည့် စိန်နားကပ်ကြီးနှင့်အပြိုင် မဟုတ်လား။



"နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း"

သတို့သားအမည်က မင်းဇေယျာ၊ သတို့သမီးအမည်က ယုယမေ၊ ထိုစာချုပ်လေးနှစ်စောင်သည် ယခုတော့ သူမလက်ထဲမှာ ပိုင်နိုင်စွာ တည်ရှိနေ၏။

"မေက မောင့်ကို မယုံဘူးဆိုလို့ ဒီလိုသက်သေပြလိုက်တာပဲ၊ ခုချိန်ကစပြီး မောင့်ဘဝကို မေတစ်ယောက်တည်းပိုင်သွားပြီ"

မောင်ဝယ်ထားသော တိုက်ခန်းလေးထဲမှာ မေ့ကိုယ်လေးကို တင်းတင်းပွေ့ဖက်ကာ ပြောသည်။

"မောင့်ကို စိတ်မချလို့ဆိုတာထက် မေက မိန်းမသားမဟုတ်လား၊ အဲဒီအတွက် ကာကွယ်ရတာပါ မောင်"

"အဟွန်း...ဟုတ်ပါတယ်ဗျာ၊ ဒီအစီအစဉ်ကလည်း လူကြီးတွေမသိအောင် မောင်တို့ ကြိတ်စီစဉ်ခဲ့တာပဲ၊ တစ်ချိန်မှာ လူကြီးတွေ သဘောမတူဘူးဆိုရင် မောင်တို့ ဒီစာချုပ်ကို ထုတ်ပြတာပေါ့ မေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မေက ကျောင်းပြီးမှ ဒီကိစ္စ လူကြီးတွေ ဖွင့်ပြောဖို့"

"စဉ်းစားတာပေါ့ မောင်"

ဘာပဲဖြစ်ဖြစ် ယခုတော့ မောင့်ရင်ခွင်မှာ သူမ စိတ်ချလက်ချ ခိုလှုံနိုင်ခဲ့ပြီ။ စာမေးပွဲကြီးနီးလာတာမို့ နေ့ခင်းဘက်တွေဆို ဒီတိုက်ခန်းလေးထဲမှာ စာအတူကြည့်ဖြစ်၏။

မောင်က ရေခဲသေတ္တာထဲ စားစရာတွေ အပြည့်ဝယ်ထည့်ထားသည်။ သူမရောက်လာမှ အတူချက်ပြုတ်၏။ ချက်ပြုတ်တယ်ဆိုရာမှာ မောင်က အနားတွင်ထိုင်ရုံပါ။ သူဌေးသားပီသစွာ မောင်သည် မီးဖိုချောင်အလုပ်ကို ဘာမှမလုပ်တတ်ပါ။

"ဟင်းတွေချက်တာ အချိန်ကုန်ပါတယ် မေရာ"

"ဘာလဲ…မောင်နော်"

သူမ မျက်စောင်းထိုးတော့ မောင်ပြုံး၏။ သူမခါးလေးကို ဖက်ကာ…

"မောင်က မေ့မျက်နှာကြည့်ရင် ဗိုက်ဝနေတာဗျ"

"သွား…အပိုတွေ"

"အှပွန်း…အဟုတ်ပြောတာမေ"

ဖြူနုသော သူမနားထင်လေးတွေ မောင် အသာရှိုက်နမ်း၏။

"အလုပ်ရှုပ်တယ် မောင်ရာ၊ ဟိုမှာသွားနေ"





"မောင်ကူလုပ်မယ်လေ"

"အမယ်လေး…မောင်က ဘာလုပ်တတ်လို့လဲဟင်၊ ဟင်းရွက်တောင် မခြွေတတ်ဘဲနဲ့"

"သြော်…မေ့ဆီက သင်မှာပေါ့ဗျာ"

မောင်ပြောရင်း သူမ၏ ဖြူနုသောလက်လေးတွေကို အသာဆုပ်ကိုင်သည်။

"ဒီလောက်လှတဲ့ လက်လေးတွေက ဆေးထိုးအပ်ကိုင်ဖို့ပဲ ကောင်းတယ်မေ"

"ဒါဆို မောင့်ကို ဟင်းဘယ်သူချက်ကျွေးမလဲ"

"အိမ်ဖော်တွေရှိတာပဲ"

သူမ ခေါင်းခါယမ်းလိုက်၏။ မတတ်သာလျှင် သူများကို ခိုင်းရတာ အကြောင်းမဟုတ်၊ အိမ်ထောင်မှုကိစ္စကို သူမကိုယ်တိုင်ပဲ လုပ်ချင်သည်။

"ဟင့်အင်း…မောင့်ကို မေကိုယ်တိုင် ချက်ကျွေးချင်တာ"

"အဟွန်း…ဒါကြောင့် မောင်ကချစ်ရတာ"

"အို"

မောင့်နှုတ်ခံ့ချွန်ချွန်က သူမပါးပြင်ပေါ် ဖျတ်ခနဲ။ စားသောက်ပြီးလျှင် မောင်နှင့်အတူ စာကြည့်၏။ ညနေမှ မောင်က သူမကို အိမ်ပြန်ပို့သည်။ ဒါတောင် မောင်က မခွဲချင်ဘူးဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုနေသေး၏။

စာမေးပွဲတွေပြီးချိန်မှာ မောင်နှင့်အတူ တိုက်ခန်းလေးရောက်ခဲ့၏။

"ဟား…ခုချိန်ကစပြီး စိတ်ရောကိုယ်ရော အနားယူလို့ရပြီ"

"အို…မောင်ကလဲ"

အိပ်ရေးပျက်တဲ့ညတွေ များတာမို့ မောင်က သူမကို ရင်ခွင်ထားကာ အိပ်ဖို့ကြိုးစား၏။

"ကျွတ်…မေလည်း စာကြည့်ရတဲ့ရက်တွေအတွက် အနားယူဦးလေ"

"မေမှ မအိပ်ချင်ဘဲ"

"ဒါပေမယ့် မောင် ခဏအိပ်ဦးမယ် မေ"

တကယ်ပဲ မောင်က သူမရင်ခွင်တွင် မျက်ဝန်းမှိတ်လေ၏။ မကြာခင် ကလေးတစ်ယောက်လို မောင် အိပ်ပျော်သွားသည်။

မောင့်ကိုချစ်၍ ဒီမျှအထိ အလိုလိုက်ခဲ့ပေမယ့် လက်ထပ်တဲ့ကိစ္စအတွက် အမေ့ကို ဖွင့်မပြောရသေးတာ သူမအဲပြစ်ရှိသလိုပါပဲ။

"အမေကတော့ သမီးအိမ်ထောင်ရေးမှာ ဘာမှဝင်မပြောလိုဘူး၊ သမီးကိုယ်တိုင် ဆုံးဖြတ်နိုင်တယ်"

ထိုသို့ သူမကို ခွင့်ပေးထားသည်မှာ အစောကြီးကတည်း





ကပါ။ ယခု မောင်နဲ့ကိစ္စကိုလည်း အမေက ကန့်ကွက်မှာမဟုတ်။

"ဇိုက်ဆာလိုက်တာကွာ"

အိပ်ရာကထတော့ မောင်ပြောတာမို့ သူမ နေ့လယ်စာ လုပ်ပေးလိုက်သည်။

"ဒီနေ့ကစပြီး မေ အိမ်မပြန်နဲ့တော့"

"ဟင်"

မောင့်အပြောကြောင့် သူမ အံ့သြသွား၏။ မောင် ပြုံးသည်။

"ခုချိန်ကစပြီး မောင်တို့အတူနေကြမယ် မေ"

"အို…ဘယ်ဖြစ်မလဲ လူကြီးတွေက"

"အဲဒီလူကြီးတွေကြောင့်ပေါ့ မေ၊ မာမီတို့က မောင့်ကို မေဘယ်လိန္ဒ လက်ထပ်ပေးဖို့ စီစဉ်နေကြတယ်"

"ဟင်…ဒါဆို"

"မောင် လုံးဝလက်မခံဘူး မေ၊ ဒါကြောင့် မေ့ကို မောင်ခိုးပြေးပြီလို့ အိမ်မှာစာရေးခဲ့တယ်"

"အို…ဒုက္ခပဲ"

သူမကို မတိုင်ပင်ဘဲ မောင်ထင်ရာတွေ လုပ်နေပါလား။

"ဘာဒုက္ခလဲ မေ၊ ခုမှ မောင်တို့အတွက် သုခဘုံ"

"အို"

သူမခါးလေးကို သိုင်းဖက်ကာ မောင် နမ်းရှိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြည့်ရတာ တကယ်ပျော်နေပုံပါ။

"မောင်"

"ဟင်"

"မေ…အိမ်ကို ဘာမှမပြောခဲ့ရသေးဘူး"

"ရတယ်လေ၊ နောက်မှ မေ့အမေကို အကြောင်းကြားတာပေါ့"

"ဒီကြားထဲ အမေ စိတ်ပူနေမှာပေါ့ မောင်"

"ဒါဆို ဖုန်းဆက်လိုက်လေ မေ"

မောင်က လွယ်လွယ်အကြံပေး၏။ သူမတို့နားမှာ တစ်ဆင့်ခေါ်ဖုန်းရှိတာ မောင်သိသည်။

"ဖြစ်ပါ့မလား မောင်"

"ဖြစ်ပါတယ်၊ မောင်နဲ့လိုက်သွားပြီလို့"

"အမေက မောင်နဲ့သဘောတူတာပဲ"

"ဒါကြောင့် သွားကန်တော့မယ်ပြောတာပေါ့ မေ၊ ကဲပါကွာ ပျော်ပျော်နေရအောင်"

ဖြစ်ချင်တာကိုသာ သိသော မောင်သည် ဘာမှထည့်မတွက်ပေ။ သူမနားမှာသာ ရစ်ဝဲနေ၏။ ညမိုးချုပ်လေ သူမမှာ မေ့အတွက် စိတ်ပူလေပါ။

"မေပြန်မှဖြစ်မယ် မောင်"

"ဟာ…ဒီလောက်မိုးချုပ်နေပြီ၊ ပြီးတော့ မောင်က မေ့ကို





ခိုးထားတယ်လေ"

သူ့ရင်ခွင်ထဲမှာ တင်းတင်းဖက်ကာ မလွှတ်ချင်ဟန်ဖြင့် ပြောသည်။

"တကယ်ဆို မောင်ကြိုပြောသင့်တာပေါ့"

"ဘာကိုကြိုပြောရမှာလဲ မေ၊ မောင်တို့က လက်ထပ်ထားတဲ့ ဇနီးမောင်နှံပဲ"

"တော်ပါ"

နောက်ဆုံးတော့ မောင့်ရင်ခွင်မှာ သူမ စိတ်လျှော့လိုက်ရလေ၏။ ထိုည က မောင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သလောက် သူမမှာ မကြာခဏ တစ်ရေးနိုးနေသည်။

မနက်မိုးလင်းတာနှင့် သူမ အိပ်ရာထဖို့ပြင်၏။

"ဟိတ်"

"အို…မောင်"

နောက်မှ မောင်လှမ်းဆွဲတာကြောင့် သူမကိုယ်လေး မောင့်ရင်ခွင်ထဲ ပြန်၍ပြိုကျသွားရ၏။

"ဘာလို့ အစောကြီးထလာလဲ . မေ"

"ဟင်…မိုးလင်းပြီမောင်ရဲ့"

မနက်ဆို ငါးနာရီကတည်းက ထတတ်သော သူမအဖို့ နေမြင့်အောင် မအိပ်တတ်ပါ။ မောင်နှင့် ဆန့်ကျင်ဘက်။

"ဘယ်နှယ့် ငါးနာရီပဲရှိသေးတာ ပြန်အိပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မေ မအိပ်တတ်ဘူး မောင်၊ ဖယ်ပါ၊ မေ မောင့်အတွက် မနက်စာပြင်ပေးမယ်"

သူမကို တင်းတင်းဖက်ပြီး မောင် ခေါင်းခါယမ်းသည်။

"မလိုဘူး…မေသာ ပြန်အိပ်၊ မောင်အိပ်ချင်သေးတယ်"

"အို"

တကယ်ပဲ မောင်ပြန်အိပ်သွားတာ မနက်နေမြင့်မှ နိုးတော့၏။ သူမလည်း မောင့်ရင်ခွင်မှာ မျက်လုံးလေးဖွင့်ကာ အသာငြိမ်နေခဲ့ရတာ ကြာပြီလေ။

"မောင်က သိပ်အိပ်ရေးကြီးတာပဲကွာ"

"အဟွန်း…ဒါတောင် မေ့ကိုသနားလို့ အိမ်မှာဆိုဆယ်နာရီလောက်မှထတာ"

"ဟင်…အဲဒီလောက်နေမြင့်အောင် အိပ်တယ်"

သူမ အံ့သြစွာမေးတော့ မောင် ခေါင်းညိတ်၏။ သူမ ပါးပြင်လေးတွေ ရှိုက်နမ်းကာ…

"ကျောင်းမှ တက်စရာမရှိဘဲ မိန်းမရဲ့"

"မောင်နော်၊ ဘာမိန်းမလဲ"

"ဟောဗျာ…မေက မောင့်မိန်းမ မဟုတ်ဘူးလား"

ပြုံးစိစိ မောင်မေးတော့ သူမမျက်နှာလေး နီရဲသွား၏။

"သွား…မသိဘူး"





"ဒါဖြင့် သိအောင်"

"ဟော့…မောင်နော်"

မောင့်မျက်နှာကြီးကို တွန်းဖယ်ကာ သူမထွက်ခဲ့သည်။ မောင်ရယ်သံက မြူးကြွနေ၏။

"ဘရိတ်ဖတ်စ်၊ မောင်ဘာစားလဲဟင်"

"ဘာမှမလုပ်နဲ့ မေ၊ မောင်တို့ ဒင်ဆမ်းသွားစားမယ်"

"အို…ဖြစ်ပါ့မလား၊ လူကြီးတွေသိသွားရင် ခက်မယ်မောင်"

"ဘာမှမခက်ဘူး၊ သူတို့ကို လက်ထပ်စာချုပ် ထုတ်ပြလိုက်မယ်၊ ဒါဆို ဘယ်သူခွဲနိုင်မှာလဲ"

တကယ်ပဲ နှစ်ယောက်သား ရေချိုးပြီး အဝတ်အစားလဲကာ ဒင်ဆမ်းစားဖို့ ထွက်လာခဲ့၏။ မှန်တာပြောရလျှင် ချစ်သူနှစ်ဦးအတွက် ပျော်စရာပါ။



www.burmeseclassic.com

www.burmeseclassic.com

"တီ"

လူခေါ်ဘဲလ်မြည်သံကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေရာ မောင်နှင့်သူမတို့ လန့်နိုးသွားသည်။ ညက အိပ်ရာဝင်နောက်ကျတာ ကြောင့် ဒီမနက် နေမြင့်သွား၏။ ညက မောင်နှင့် တီဗွီဂိမ်းဆော့ ကြတာလေ။

"ဘယ်သူလဲ မသိဘူးမောင်"

"တောက်...သူများလင်မယားအိပ်နေတာ ဘယ်သူ အနှောင့်အယှက်လာပေးတာလဲ မသိဘူး"

မျက်မှောင်ကြီးတွန့်ကာ မောင့်အပြောကြောင့် သူ မသိမသာပြုံးလိုက်မိသည်။ မောင်က အင်မတန် အအိပ်မက်သ လေ။

"မောင်အိပ်နေပါ၊ မေ သွားဖွင့်လိုက်မယ်"

"အင်း...မောင့်သူငယ်ချင်းတွေဆိုရင် နှင်ထုတ်လိုက်"

ပြောပြီး မောင်က မှောက်အိပ်နေ၏။ သူမသာ ရေချိုးခ





မြန်ဝင်၊ အဝတ်အစားလဲပြီး အိမ်ရှေ့ထွက်ခဲ့သည်။

"တီ...တီ"

ထိုစဉ် လူခေါ်ဘဲလ်သံ ထပ်မြည်လာတာကြောင့် သူမ ပ်သွက်သွက်လေးဖြင့်...

"လာပြီ...လာပြီ"

အော်ရင်း တံခါးကို ဖွင့်လိုက်၏။

"ဟင်...အန်...တီ"

တံခါးပွင့်သွားတာနှင့် မမျှော်လင့်ဘဲ တွေ့လိုက်ရတာက နံနားကပ်ကြီးတစ်ဖျပ်ဖျပ်နှင့် မောင့်မာမီ။

"သားရှိလား"

အမေးသံက ခပ်ဆတ်ဆတ်။ သူမ မျက်လွှာလေးချကာ ခါင်းလေးညိတ်ပြလိုက်၏။

"ရှိပါတယ် အန်တီ၊ ခဏထိုင်ပါဦး"

သူမတံခါးပြန်ပိတ်ပြီးတာနှင့် အမြန်ဆုံး မောင့်ဆီလာခဲ့ သည်။ ဘာမှမသိသော မောင်က နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့။

"မောင်...မောင်"

မောင့်ပခုံးကို လှုပ်ကာ နှိုးမိသည်။ သည်တော့မှ မောင် လာကာ အိပ်ချင်မူးတူးဖြင့်...

"ဟင်...ဘာလဲ မေ၊ ဘယ်ကောင်တွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကောင်မှမဟုတ်ဘူး မောင့်မာမီ"

"ဘာ"

ယခုမှ မောင် မျက်လုံးကျယ်သွားဟန်ဖြင့် အိပ်ရာ ဝုန်းခနဲထ၏။

"မာမီ…ဟုတ်လား မေ"

"ဟုတ်တယ် မောင်၊ အိမ်ရှေ့မှာထိုင်နေပြီ၊ မြန်မြန်လုပ်"

သူမပြောပြီး ထမင်းစားခန်းထဲဝင်ကာ ကော်ဖီဖျော် လုပ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် သူမက ဒီအိမ်ခန်းရဲ့အိမ်ရှင်ပဲ မောင့်မာမီအတွက် ဧည့်ဝတ်ကျေပြွန်ရမည်။

"မာမီ"

"ဟော…သားလေး"

တစ်ရက်တာလေး ခွဲရတာကို တစ်နှစ်တာလောက် ခွဲကြရဟန်ဖြင့် မောင်တို့သားအမိက တစ်ယောက်ကိုတစ်ယောက် ဖက်လျက်။

ကော်ဖီလင်ပန်းလေးကိုင်ထားသော သူမက ထိုမြင်ကွင်း ကို ကြည့်ပြီး မိခင်ဖြစ်သူအား သတိရမိ၏။

"ဘယ်လိုလုပ်လိုက်တာလဲ သားရယ်၊ မာမီမှာ သား ညကပြန်မလာလို့ ဘယ်လောက်စိတ်ပူရတယ်မှတ်လဲ"

"သား စာရေးခဲ့တာပဲ၊ သားချစ်သူကို ခိုးပြေးသွားပြီ





လို့"

ကလေးတစ်ယောက်လို မောင်ပြောတော့ မာမီက မျက်စောင်းထိုး၏။

"မင်းသိပ်ဆိုးတာပဲ သား၊ ကျောင်းမပြီးသေးဘဲနဲ့ မိန်းမ ယူချင်တယ်"

"မာမီတို့က မေဘယ်လိုနဲ့ သဘောတူနေတာကိုး"

"ဟဲ့…မကြိုက်ရင်ငြင်းပါလား၊ ဒီလို စောစောစီးစီး မိန်းမယူစရာလား၊ ပြီးတော့ ယူတဲ့မိန်းမကလည်း"

သူမထွက်လာတာမို့ မာမီစကားရပ်သွား၏။ သူမက မာမီ ရှေ့ ကော်ဖီခွက်လေးတင်ပေးလိုက်သည်။

"ကော်ဖီသောက်ပါဦး အန်တီ"

"ထိုင်ဦး မေ"

မောင်က သူမလက်ကိုဆွဲကာ ထိုင်ခိုင်းသည်။ သူမ မျက်လွှာချကာ မောင့်အနားတွင် ဝင်ထိုင်လိုက်၏။

"မာမီကို မောင်တို့ကန်တော့ကြရအောင် မေ"

"ဟုတ်ကဲ့ မောင်"

ပြောပြောဆိုဆို သူမတို့ထိုင်ခုံမှ အောက်ဆင်းလိုက်ကြ သည်။ မောင့်မာမီက လက်ကာ၏။

"အို…နေပါစေ၊ ဆန္ဒကို စိတ်ပူလို့ မာမီလိုက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြပါ''

မောင်နှင့်သူမ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၏။

မောင်က သူမကိုလက်ဆွဲကာ ပြန်ထိုင်သည်။ အကန်တော့မခံသော မောင့်မာမီကြောင့် သူမစိတ်ထဲ အနှောင့်အယှက်ဖြစ်သွားသလိုပါပဲ။

''ဒါနဲ့ မင်းနာမည်က''

သူမကိုကြည့်ကာ မာမီမေးသည်။

''ယုယမေပါ အန်တီ''

''မေကလည်း အန်တီမဟုတ်ဘူး မာမီလေ''

မောင်က သူမနား တိုးတိုးကပ်ပြော၏။ သူမမျက်နှာလေး ပန်းနုရောင်ဖြင့်...

''ဟုတ်ကဲ့၊ မေဂျီ မာမီ''

ဟု အလိုက်သင့် ပြင်ပြောလိုက်ရသည်။

''သူခေါ်တတ်သလို ခေါ်ပါစေဆန်နီ၊ ဒါနဲ့ မင်း သားနောက်လိုက်လာတာ၊ မင်းအမေသိပြီလား''

''ရှင်...ဟင့်အင်း''

သူမ ခေါင်းခါယမ်းတော့ မာမီက မဲ့ပြုံးပြုံးသည်။

''အံ့ဩစရာပဲ၊ ဒါနဲ့တောင် သမီးရှင်က လိုက်မရှာဘဲ





သားရှင်က အရင်ရောက်လာရတယ်လို့''

ထိုစကားကြောင့် သူမ ခေါင်းဆတ်ခနဲဖြစ်သွား၏။ မောင့်မာမီစကားအဓိပ္ပါယ်ကို မကြိုက်နိုင်ပါ။ သူမ အမေကပဲ မောင့်နောက်လိုက်တာသိ၍ တမင်လာမရှာတာမျိုး ဖြစ်နေ၏။

''ကျွန်မအမေက သိပ်ရိုးသားတော့ ဒီလိုနေရာမျိုးတွေ မရှာတတ်တာ သန်းပါဘူး အန်တီ''

မာမီဟု ဆက်မခေါ်ချင်တာမို့ အန်တီဟု တမင်ခေါ်မိလိုက်သည်။ မောင် မကြိုက်လည်း မတတ်နိုင်ပေ။

''ဩော်...မင်းအမေက ရိုးသားတယ်ဆိုတော့ ငါက ရိုးသားဘူးပေါ့ ဟုတ်လား ယုယမေ''

''အို...ကျွန်မ အန်တီကို ဒီလိုမစော်ကားဝံ့ပါဘူးရှင်''

မျက်တောင်ကော့များ ပုတ်ခတ်ကာ သူမပြောတော့ မောင့်မာမီ မကျေနပ်သလို မျက်စောင်းထိုး၏။

''မင်းသိထားဖို့က ငါ့မှာ ဒီသားတစ်ယောက်ပဲရှိတာ၊ မိဘသဘောတူတာ မယူလို့လည်း သူ့ကို မစွန့်ပစ်နိုင်ဘူး၊ ဒါကြောင့် လာရှာတာပဲ''

''ဟာ...ဒါဆို မာမီက ကျွန်တော်နဲ့မေ ယူတာလည်း မကန့်ကွက်ဘူးပေါ့နော်''

အရေးထဲ မောင်က ကလေးတစ်ယောက်လို ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



အားရမေးနေသေး၏။

“ငါကနဲ့ကွက်လည်း မင်းတို့ယူပြီးပြီ မဟုတ်လားဖေယျာ”

ပထမဆုံးအကြိမ် သူ့သားနာမည်ကို ခေါ်ခြင်းပါ။

“ဟုတ်ပါတယ် မာမီ”

“အေး…ဒါဆို မင်းတို့လုပ်ချင်ရာလုပ်ပြီးပြီပဲ၊ အခု ငါနဲ့ပြန်လိုက်ခဲ့”

“ဗျာ…ကျွန်တော်တစ်ယောက်တည်းလား မာမီ”

သူမလက်ကို ဖျတ်ခနဲ တင်းတင်းဆွဲကာ မောင်မေး၏။

“ဟဲ့…နှစ်ယောက်လုံးရှေ့မှာ ပြောနေတာ၊ နှစ်ယောက်လုံးလိုက်ခဲ့ပေါ့ကွ”

“ဗျာ…ဝမ်းသာလိုက်တာ မာမီ၊ မေ မာမီခေါ်တာကြားတယ်နော်၊ မောင်တို့လိုက်သွားရအောင်”

မောင့်ကို စိတ်ပျက်စွာ ကြည့်မိ၏။ အမေခေါ်တာကို စောင့်နေတဲ့ ကလေးတစ်ယောက်လိုပါလား။ တကယ်ဆို သူမက နှစ်ယောက်တည်း ဒီတိုက်ခန်းလေးမှာနေတာ ပို၍သဘောကျသည်။ သို့သော် ဝမ်းသာနေသော မောင့်ကို မဆန့်ကျင်လိုတာမို့…

“မောင့်သဘောပဲ”ဟု ပြောလိုက်ရ၏။

“တွေ့လား မာမီ၊ မေက လိမ္မာတယ်၊ ခဏမာမီ





ကျွန်တော်တို့ အဝတ်အစားတွေ သွားသိမ်းလိုက်ဦးမယ်၊ လာ…မေ”

မာမီရှေ့မှာပင် သူမလက်ကို ဆွဲခေါ်၍ မောင်ထွက်လာသည်။ အခန်းထဲရောက်တော့ မောင့်လက်ထဲမှ သူမ ရုန်းလိုက်၏။

“ဘာဖြစ်တာလဲ မေ”

“မောင်က နည်းနည်းမှ ဟန်မဆောင်ဘူး၊ မာမီလာခေါ်တာနဲ့ ချက်ချင်းလိုက်တာပဲ”

“အဲဒါဘာဖြစ်လဲ မေ၊ မာမီကိုယ်တိုင် လာခေါ်မှတော့ မောင်တို့က ဘာကြောင့် မလိုက်ရမှာလဲ မေ”

“အို…မေကတော့ ဒီအခန်းလေးကို သဘောကျတယ် မောင်”

မောင်နှင့် သူမတို့၏ ဘဝအစပုံရိပ်များ သွန်းလောင်းရာ အမှတ်တရတိုက်ခန်းလေး မဟုတ်လား။

“မာမီခေါ်တုန်း လိုက်သွားရမယ်မေ၊ တကယ်တော့ ဒီတိုက်ခန်းလေးက ကျဉ်းတယ်၊ မောင် မနေတတ်ဘူး”

“ဟင်”

“ဟုတ်တယ် မေ၊ ဒီအခန်းလေးက မောင်တို့အတွက် ခဏတစ်ဖြုတ်ပဲကောင်းတယ်၊ ကဲ အဝတ်အစားတွေ မြန်မြန်သိမ်းမေ၊ မာမီ အကြာကြီးစောင့်ရရင် မကောင်းဘူး”



www.burmeseclassic.com

www.burmeseclassic.com



မောင်တို့များ သူ့အမေကြတော့ သိတတ်လိုက်တာ။ ပျာယာကို ခတ်နေတာပါလား။ သူမအမေအတွက် စိတ်မကောင်း ကြီတ်ဖြစ်ရ၏။

"ဟင်…မေ ဘာရပ်လုပ်နေတာလဲ၊ ပစ္စည်းတွေမသိမ်း ဘူးလား"

"အင်း…သိမ်းမှာပါ"

သူမ စိတ်မပါစွာ အဝတ်အစားတွေ သိမ်းလိုက်၏။ မောင်က သူမခါးလေးကို လာဖက်သည်။

"ဘာမှစိတ်မကောင်း ဖြစ်မနေပါနဲ့ မေ၊ ဒီတိုက်ခန်းလေး ကို မောင်တို့ မကြာခဏလာကြတာပေါ့"

ကဲ…ဘယ်လောက် စိတ်ပျက်စရာကောင်းတဲ့ မောင်လဲ။ သူမ စိတ်ခံစားမှုကို နည်းနည်းလေးမှ မသိတတ်ပါလား။

တကယ်ဆို…

"မောင်တို့ မေ့ရဲ့အမေဆီကို မကြာခင် သွားတွေ့ကြတာ ပေါ့"ဟု ပြောသင့်တာ မဟုတ်လား။

"ရပါတယ်မောင်၊ မောင့်ကိုချစ်မိမှတော့ မောင်ခေါ်ရာ လိုက်ရမှာပေါ့"

"အဟွန်း…ဒါကြောင့် မေ့ကိုချစ်တာ"

မောင့်အနမ်းတစ်ချက်က သူမပါးပြင်ဆီ လှစ်ခနဲ။





သည်လို ယုယတတ်ရုံနှင့် မေ့ကို ချစ်တယ်လို့ မောင်ခံယူထားတာ လား။ တကယ်ဆို ချစ်သူတစ်ယောက်ရဲ့ စိတ်ခံစားချက်ကို မောင် နားလည်သင့်တယ်ဟု သူမထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟား…ကိုယ့်အိမ်ရောက်မှပဲ ကျယ်ကျယ်ဝန်းဝန်းနဲ့ လွတ်လပ်တော့တယ်"

သူမတို့နေခဲ့သော တိုက်ခန်းလေးသည် ကြီးမားခန့်ညားတဲ့ မောင်မာမီ၏ တိုက်ကြီးမှာ စတိုခန်းလောက်သာရှိသည်။

မောင်နေခဲ့သော လူပျိုခန်းကပင် ပေနှစ်ဆယ်၊ ငါးဆယ် ဝန်းကျင် ရေချိုးခန်း၊ သန့်စင်ခန်းတို့ပါသော ခန်းကျယ်ကြီးဖြစ်၏။

နိုင်ငံခြားလုပ် နှစ်ယောက်အိပ်ခုတင်ကျယ်ကြီးတွင် ဒန်းလော့မွေ့ယာ၊ ပိုးဖဲအိပ်ရာခင်းတို့ဖြင့် အလွန်သားနားလှသည်။ အဲယားကွန်းဖွင့်ထားတာမို့ အမြဲအေးစိမ့်နေ၏။

တီဗွီအောက်စက်၊ မတ်ရပ်အဝတ်ဗီရို၊ ကျွန်းသားကိုယ်လုံး မှန်တင်ခုံ၊ စာကြည့်စားပွဲ၊ ဆိုဖာဆက်တီတစ်စုံ၊ ရေခဲသေတ္တာ စသည်ဖြင့် မောင့်အခန်းထဲမှာ ပြည့်စုံလှသည်။

"မောင့်အခန်းက မကျယ်ဘူးလား မေ"

သူမကိုယ်လေးကို ဆွဲဖက်ရင်း မောင်မေး၏။ ကော်ဇော





တွေခင်းထားသော မောင့်အခန်းမှာ သားနားခန့်ညားတာအမှန်။

"ကျယ်ပါတယ် မောင်၊ ပစ္စည်းတွေလည်း အပြည့်အစုံပဲနော်"

"ဟုတ်တယ် မေ၊ မောင် စိတ်တိုင်းကျဝယ်ထည့်ထားတာလေ၊ မာမီက အခန်းကျဉ်းရင် ပြောတဲ့"

"အို…မကျဉ်းပါဘူး မောင်၊ ဒါ မိသားစုသုံးလေးယောက် နေနိုင်တာပဲ"

ပိုက်ဆံရှိသူတွေအဖို့ ချဲ့နိုင်ပေမယ့် သူမတို့ သာမန်လူတွေအတွက် အင်မတန်ကောင်းမွန်နေတာပါ။

"မောင်က ကိုယ့်အခန်းကို သိပ်ကြိုက်တာ၊ မတတ်သာလို့ ခရီးထွက်လည်း အပြန်ကြမှ ကိုယ့်အခန်းထဲ လွတ်လွတ်လပ်လပ်အိပ်ပစ်တာ"

"ဒါဆို မေတို့နေတဲ့ အခန်းလေးရော"

"အဟွန်း…အဲဒါက အထူးအခန်းလေ၊ မောင့်အတွက် လုံးဝအမှတ်ရစရာပေါ့ဗျာ"

"သွား"

သူမမျက်နှာလေးကို စိုက်ကြည့်ကာ မောင်ပြုံး၍ပြောတာမို့ ရှက်သွားရ၏။ မောင်က ရယ်သည်။

"အဟွန်း…သွားမယ်ဗျာ၊ ဒီကောင်မလေးနဲ့ အချစ်ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကို''

''အို…မောင်''

မောင့်စိတ်တွေ ဘယ်လောက်ပျော်နေလဲဆိုတာ လှိုက်လှဲ တဲ့ မောင့်အနမ်းတွေက သက်သေပြနေသလိုပါပဲ။

''တီ''

ဖုန်းသံမြည်လာတာကြောင့် မောင် ကောက်ကိုင်လိုက်၏။

''မာမီပါ၊ သားတို့ အနားယူပြီးရင် ထွက်ခဲ့ကြ၊ မာမီ ပြောစရာရှိတယ်''

''ဟုတ်ကဲ့ မာမီ''

အိမ်တွင်းခေါ်ဖုန်းမှ ဖြစ်၏။ သူမ မောင့်ရင်ခွင်မှ ထွက် လိုက်သည်။

''မောင်သိပ်ကဲတာပဲ''

''ချစ်တာကိုးကွ''

''တော်ပါ၊ အခု မာမီခေါ်နေပြီ မဟုတ်လား''

''ဟုတ်တယ်လေ၊ ကဲ သွားစို့''

''အို…နေပါဦး၊ ဒီမှာ အဝတ်တွေကြေကုန်ပြီ၊ လဲရဦး မယ်ရှင့်''

''အဟွန်း…လဲဗျာ''

မောင်ကတော့ လွတ်လပ်စွာ အဖြူရောင်တီရှပ်ကို အဖြူ





ရောင် ဒူးဆစ်အောက်ရောက်တဲ့ ဘောင်းဘီတိုပွနှင့် ပေါ့ပေါ့ပါးပါး ဝင်။

သူမက မောင်ဝယ်ပေးထားသော ပန်းနုရောင်ဂါဝန်ရှည် လေးဝတ်ကာ ထွက်ခဲ့၏။ မောင်က သူမလက်ကို ဆွဲထားသည်။

မာမီရှေ့ရောက်တော့ သူမလက်ကို မသိမသာရုန်းပေမယ့် မောင်ကမလွှတ်ပေ။ မာမီက မမြင်ဟန်ဆောင်ကာ…

''ထိုင်ကြဦး…အခု မာမီက မင်းတို့နှစ်ယောက်ကို ခေါ်လာခဲ့ပြီ၊ ဒီတော့ ဘာပဲဖြစ်ဖြစ် ယောကျ်ားလေးရှင်အနေနဲ့ ယုယမေရဲ့မိခင်ကို သွားအပ်ဖို့ တာဝန်ရှိတယ် သား''

''ဟာ…ကောင်းတာပေါ့ မာမီ''

သည်လိုကြတော့ မာမီ သိတတ်ပါလားဟု သူမဝမ်းသာ သွား၏။ မောင်က သူမကို ပြုံးပြသည်။

''အေး…ဒါပေမယ့် ယုယမေကို သိအောင် ပြောပြထား ခဲ့၊ မင်းက သားနောက်လိုက်လာခဲ့ပြီဆိုတော့ တို့အနေနဲ့ မနှစ်နာ စေချင်လို့ ခေါ်လာတာ၊ ခမ်းခမ်းနားနား မင်္ဂလာဆောင်ဖို့တော့ မျှော်လင့်နဲ့''

''ရှင်''

မိန်းမသားတစ်ယောက်အတွက် မင်္ဂလာဆိုတာ တစ်သက် မှာတစ်ခါ မဟုတ်လား။ ဒါကို မမျှော်လင့်နဲ့ဆိုတော့ သူမရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ကာ စိတ်မကောင်းဖြစ်မိရ၏။

"ဟို…မာမီက ကျွန်တော်တို့ကို မင်္ဂလာမဆောင်ပေးတော့ဘူးလား"

"ဘာလဲ…မင်းက ဆောင်ပေးစေချင်လို့လား ဆန်နီ၊ ကဲ မာမီဆောင်ပေးပါပြီတဲ့ ယုယမေရဲ့မိဘတွေအတွက် ဖိတ်စာ ဘယ်လိုရိုက်မလဲ"

"အို"

လူချမ်းသာတွေအတွက် မင်္ဂလာဆောင်တယ်ဆိုတာ သူတို့မှာရှိတဲ့ ဂုဏ်ပကာသနကို ဖေါ်ပြတာပဲ။ စက်ချုပ်တဲ့ မုဆိုးမ၏ ဂုဏ်ပုဒ်ကို ဘယ်လိုတပ်မလဲဟု မေးလိုက်တာပါလား။

"ရပါတယ် မာမီ၊ မောင့်ကိုချစ်တာ ဒီလိုအခွင့်အရေးလိုချင်လို့ မဟုတ်ပါဘူး"

ရင်ထဲမှာ မခံချင်ပေမယ့် မောင့်ကိုချစ်တာတစ်ခုနှင့် မျက်လုံးမှိတ်လိုက်၏။

"အေး…ဒီလိုပဲဖြစ်ရမှာပေါ့၊ ခမ်းခမ်းနားနားကြီး မဟုတ်ပေမယ့် ရင်းနှီးတဲ့မိတ်ဆွေလောက်ဖိတ်ပြီး မင်္ဂလာဆွမ်းလောက်တော့ ကျွေးမှာပါလေ"

"ကျွန်တော်ကတော့ မာမီ့သဘောပဲ၊ အမိက မေနဲ့ ကျွန်တော် မခွဲရဖို့ပဲ"





သူမလက်ကို တင်းတင်းဆုပ်ကိုင်ကာ မောင်ပြော၏။ ကြည့်စမ်း…မောင်လည်း သူမကို ဒီလိုချစ်ပါလား။

"အမယ်လေးနော်…ခုမှ မိန်းမကို ချစ်တတ်နေလိုက်တာ၊ မာမီကတော့ ငါ့သားလေး နို့နံ့မစင်သေးဘူး၊ ကလေးမှတ်နေလိုက်တာ ဟင်း"

မောင့်ကို ကြည့်မရဟန်ဖြင့် မာမီ မျက်စောင်းထိုး၏။ မောင်က ရယ်ကျဲကျဲဖြင့်…

"ချစ်စကြောင်နှာစလေ မာမီရဲ့"

"တယ်…ဒီကောင်လေး ငါကြည့်မရတော့ဘူးနော်၊ ကဲ…သွား ညနေ ယုယမေတို့အိမ်သွားဖို့ ပြင်ဆင်ကြ"

"ဟုတ်ကဲ့ မာမီ၊ လာ မေ"

မောင်တို့ကတော့ သွက်သလားမမေးနှင့်။ သူမလက်ကို သုတ်ခနဲဆွဲ၍ ထွက်ခဲ့၏။ အခန်းထဲရောက်တော့ သူမကိုယ်လေးကို ပွေ့ပိုက်ကာ…

"မေ…ဝမ်းမသာဘူးလားဟင်၊ မာမီက မေ့ အမေဆီ သွားအပ်မယ်တဲ့"

အပြုံးဖြင့်မေးနေသော မောင် ကျေနပ်အောင် ခေါင်းလေး ညိတ်လိုက်ရ၏။

"အင်း…ဝမ်းသာပါတယ်မောင်"



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာလည်း ဆောင်ပေးမယ်တဲ့မေ၊ ဘာပဲဖြစ်ဖြ
မေ ဂုဏ်သိက္ခာရှိသွားတာပေါ့"

"အဖြစ်သဘောနဲ့ ဆောင်ပေးမှာပါ မောင်"ဟု သူမစိ
ထဲက ကြိတ်ပြောမိ၏။ သို့သော် သူမက လူကြီးမိဘသဘောမ
ဘဲ မောင့်နောက်လိုက်ခဲ့ပြီ မဟုတ်လား။

မောင့်မာမီ ဒီလောက်လုပ်ပေးတာပဲ ကျေးဇူးတင်ပါ၏

"အမေ့ကို မေတို့သွားပြီး ကြိုပြောထားရင် ကောင်းမယ
မောင်"

"အင်း…ဟုတ်တယ်၊ မေတို့ရပ်ကွက်ထဲက လူကြီးတချို့
လည်း ခေါ်ထားရတာပေါ့၊ ကဲ…ဒါဖြင့် အဝတ်အစားလဲ ေ
သွားရအောင်"

သွက်လက်စွာပင် အဝတ်အစားလဲကာ မောင်လိုက်
သည်။ တကယ်တော့ မောင့်မာမီနှင့် သူမတို့ရပ်ကွက်လေးသည်
မလိုက်ဖက်သလိုပါပဲ။

မောင့်ကား အိမ်ရှေ့ရပ်တာနှင့် ရပ်ကွက်ထဲမှ လူတချို့
ဝိုင်းကြည့်၏။

"သမီး"

"အမေ"

ကြည့်စမ်း…သုံးလေးရက်အတွင်း အမေ့မျက်နှာ ချောင်





…သွားလိုက်တာ။ အမေက သူမကို တင်းတင်းဖက်ကာ မျက်ရည်
…၏။

"မငိုပါနဲ့ အမေ၊ သမီးပြန်လာပြီပဲ"

"အင်း…အင်း အမေဝမ်းသာလို့ပါကွယ်၊ မောင်ဧယျာ
… ထိုင်"

မောင့်အပေါ်မှာ အမေက သားရင်းတစ်ယောက်လို
…က်ဆံသည်။

"ကျွန်တော်တို့လာတာ အဒေါ်ကို ပြောစရာရှိလို့ပါ"

ကျဉ်းမြောင်းသော သူမတို့အိမ်လေးမှာ မောင်သည်
…ရှည်မနေလိုဟန်ဖြင့် လိုရင်းကိစ္စပြော၏။

"ဘာများလည်း သားရယ်"

"ဒီလိုပါအမေ၊ အခု သမီးနဲ့သူ မောင့်အိမ်ပြန်ရောက်နေ
…ပြီ၊ မောင့်မာမီ လာခေါ်သွားတာပါ"

မောင့်ကိုယ်စား သူမ ရှင်းပြလိုက်သည်။

"ဩော်…ကောင်းတာပေါ့ကွယ်၊ အမေက သမီးတို့
…ယ်မှာနေမှန်း မသိလိုက်လို့ပါ"

"ရပါတယ် အမေ၊ အမေ့ကိုခွင့်မတောင်းဘဲ သမီးမိုက်ခဲ့
… ခွင့်လွှတ်ပါ၊ မောင် အမေ့ကို ကန်တော့ကြရအောင်နော်"

သည်လိုတော့ဖြင့် မောင်က မငြင်းပါ။ သူမနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်ပေါ်မှာ အမေ့ကို ထိုင်ကန်တော့၏။

"သာဓု…သာဓု…သာဓု ဒီလင်ဒီမယား အိုအောင်မ

အောင် ပေါင်းနိုင်ကြပါစေကွယ်"

အမေ့ဆုပေးသံက သူမနားထဲ ချိုမြလှပါသည်။ မော

မာမီလို ကန်တော့မှာကို လက်ကာမပြပါ။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ အမေ"

"မေ…လာရင်းကိစ္စပြောလိုက်လေ"

မောင်က အနားကပ်ကာ သူမကို သတိပေး၏။ သ

သက်ပြင်းလေးကြိတ်ချ၏။

"ဘာများပြောစရာရှိလဲ သမီး"

အမေက အလိုက်တသိ မေးသည်။

"ဟို…မောင့်မာမီက ဒီညနေ အမေ့ဆီလာအပ်မယ်

အဲဒါ သမီးတို့ ကြိုပြီးအကြောင်းကြားတာပါ အမေ"

"ဪ…ကောင်းတာပေါ့ကွယ်၊ ပတ်ဝန်းကျင်မှာ အ

သမီးလေး ဂုဏ်ရှိတာပေါ့၊ အမေလက်ခံပါတယ်ကွယ်"

သမီးပြန်အပ်မယ်ဆို၍ အမေဝမ်းသာစွာ ပြုံး၏။ မောင်

အိတ်ထဲမှ ထောင်တန်တစ်အုပ်ထုတ်ပေးလေသည်။

"ဒါ ညနေအတွက် အခေါ်လိုအပ်တာတွေသုံးဖို့ပါ

"အို…မလိုပါဘူးသားရယ်၊ အမေ့မှာ သမီးအတွ





ဒီလောက်တော့ သုံးနိုင်ပါတယ်၊ ပိုက်ဆံတွေပြန်သိမ်းလိုက်ပါ

ကွယ်"

မောင်က သူမမျက်နှာကို လှမ်းကြည့်၏။


"သမီးတို့စိတ်ကောင်းအောင် လက်ခံလိုက်ပါ အမေ"

"အင်းလေ"

ပိုက်ဆံကိစ္စကို အမေဘာမှထပ်မပြောတော့။ မောင်က

ပိုက်ဆံများကို စားပွဲပေါ်တင်ထားလိုက်၏။ အပြန် သူမနှုတ်ဆက်

တော့ အမေ မျက်ရည်ဝဲနေသည်။ အမေရယ်…။





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မသားကို သဘောတူတဲ့ မိန်းကလေးက တစ်ယောက်ပါ၊ ဒါပေမယ့် သားက ယုယမေကို လက်ထပ်လိုက်တယ်ဆိုတော့ ကျွန်မတို့အနေနဲ့ လက်ခံရမှာပေါ့၊ သားကို မပြတ်နိုင်ဘူးလေ၊ ကလေးချင်းကိစ္စက လွန်ပြီးပြီဆိုတော့ သားရှင်ဖြစ်တဲ့ ကျွန်မတို့ဘက်က ဝတ္တရားအတိုင်း ပြန်အပ်တာပါ"

ညနေဘက်မှာ မာမီက လူကြီးတချို့ခေါ်ကာ မေမေ့ထံ သူမကို ပြန်အပ်ခဲ့၏။ ဝတ္တရားအရသာ ပြန်အပ်တယ်ဆိုပေမယ့် မောင့်မာမီ၏စကားတွေသည် အနည်းငယ်မျှ အထက်စီးဆန်လွန်းလှပါသည်။

ရိုးသားသဘောကောင်းသော အမေကတော့ ဘာအဓိပ္ပာယ်မှ ကောက်မနေပေ။

"ခုလို ကျွန်မသမီးလေးကို မိသားဖသားပီပီ ပြန်အပ်တာကိုပဲ ဒီကအစ်မကြီးကို အထူးကျေးဇူးတင်ပါတယ်ရှင်၊ မိဘတစ်ယောက်အနေနဲ့ ကျွန်မကတော့ လူငယ်တွေကိစ္စမှာ သူတို့ချင်း





အဆင်ပြေ စိတ်ချမ်းသာဖို့ အဓိကပါပဲ"

"ဟုတ်ပြီလေ၊ ကျွန်မတို့ဘက်က မင်္ဂလာဆွမ်းကျွေးဖို့ စီစဉ်ထားတယ်"

"ကောင်းပါတယ်ရှင်၊ ဒါဟာ ဗုဒ္ဓဘာသာတရားနဲ့ ညီပါတယ်၊ အစ်မကြီး စိတ်ချမ်းသာသလို လုပ်ပါ"

မောင့်မာမီ၏ စကားတွေ ဘယ်လောက်ပဲ အထက်စီးဆန်ပါစေ မေမေက အပြုံးမပျက် ခွင့်လွှတ်နေတာမို့ မင်္ဂလာကိစ္စ အလိုလိုပြီးမြောက်ရလေ၏။

"ဩော်…ဒါက ကျွန်မတို့ဘက်က မင်္ဂလာကြေးငါးသိန်းပါ၊ ရှင်ကြိုက်သလို လုပ်နိုင်ပါတယ်"

မာမီက လက်ပွေ့အိတ်ကြီးထဲမှ ငွေငါးသိန်းကို ထုတ်ပေးသည်။ အမေက ချက်ချင်းငြင်းပယ်၏။

"အို…မလိုပါဘူး အစ်မကြီး၊ မင်္ဂလာပွဲကို အစ်မကြီးတို့ စီစဉ်မှတော့ ကျွန်မ ဘာမှလုပ်စရာမရှိပါဘူး"

"မဟုတ်ဘူးလေ၊ ဒီရှေ့ဆို ယုယမေက ကျွန်မတို့အိမ်မှာပဲ နေတော့မှာ၊ ဒီတော့ ရှင့်အတွက် ငွေလိုမှာပေါ့၊ ဒီငွေကိုလက်ခံပါ၊ ရှင့်တစ်ယောက်စာ တစ်နှစ်ကိုးသီတင်း အေးအေးဆေးဆေး နေနိုင်ပါတယ်"

ကြည့်စမ်း…မောင်၏မာမီဟာ ဒီငွေတွေပေးပြီး အမေ့ကို



www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့မပတ်သက်ဖို့ ပြောနေတာပါလား။

အမေ့မျက်နှာ အတော်ပျက်သွားလေ၏။ သူမကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ မာမီ့ဘက်လှည့်ကာ...

"ကျွန်မအတွက် ဘာမှမပူပါနဲ့၊ ကျွန်မစက်ချုပ်တဲ့ဝင်ငွေ ရှိပါတယ်၊ ဒီငွေတွေကို ကျေးဇူးပြုပြီး ပြန်ယူသွားပါရှင်"

"ဟုတ်ပါတယ် မာမီ၊ ကျွန်မအမေဟာ သူ့ငွေနဲ့သူ လုံလုံလောက်လောက် နေနိုင်ပါတယ်"

နောက်ဆုံး သူမက အမေ့ဘက်မှ ဝင်ပြောလိုက်၏။ တကယ်ဆို ဒီလိုငွေပေးတာဟာ အမေ့ကို စော်ကားနေသလိုပဲ မဟုတ်လား။

"အေးလေ...ဒါဆိုလည်း ပြီးတာပဲ"

မာမီက မျက်နှာထားတည်တည်နှင့် ပိုက်ဆံကို လက်ဆွဲအိတ်ထဲ ပြန်ထည့်သည်။ မောင်က သူမဝင်ပြောတာကို မကြိုက်ပုံ။

အိမ်ပြန်ရောက်တာနှင့် သူမကိုဆူ၏။

"မေကလည်း မာမီတို့လူကြီးတွေကိစ္စ ဘာလို့ဝင်ပြောရတာလဲ"

"အို...မောင့်မာမီက အမေ့ကို ပိုက်ဆံပေးပြီး နှိမ်သလိုဖြစ်မနေဘူးလားဟင်"

"ဘာ...ပိုက်ဆံပေးတာ နှိမ်တယ်ဟုတ်လား၊ အံ့သြစရာ





ပဲ၊ တကယ်ဆို မာမီကို ကျေးဇူးတောင်တင်သင့်တယ်၊ ဒီလိုပိုက်ဆံထုတ်ပေးတာ"

"သြော်...ပိုက်ဆံပေးပြီး မေနဲ့မပတ်သက်ဖို့ မောင့်မာမီလုပ်တာကို မောင်က ထောက်ခံတယ်ပေါ့လေ"

ပထမဆုံးအကြိမ် မောင်နှင့်သူမ စကားများလေ၏။ သည်ကိစ္စမှာ ပိုက်ဆံရှိသော မောင်တို့လို လူတန်းစားများ၏ အတွေးက တစ်မျိုးပါလား။

"မေ...ဘယ်လိုပြောလိုက်တာလဲ၊ မာမီက အဲဒီလိုပြောသလား၊ တကယ်ဆို မေမရှိရင် အခက်တွေ့မှာစိုးလို့ မင်းအမေကို မာမီက စေတနာနဲ့ ငွေထုတ်ပေးတာကွ"

"ဘာစေတနာလဲဟင်၊ အဲဒါ စေတနာမဟုတ်ဘူး နှိမ်တာ မောင်"

"ဘာ...မင်း"

ရုတ်တရက် မောင့်လက်တစ်ဖက် မြောက်တက်သွား၏။ သူမ မျက်ရည်လေးဝဲသွားကာ...

"သြော်...မောင်က မေ့ကိုရိုက်မယ်ပေါ့လေ ဟုတ်လား၊ အဟင်း ရိုက်ပါမောင်၊ မေကဲ မောင်ထားရာနေရမယ့်သူပါ"

"တောက်"

မောင့်လက်ကို ပြန်ရုပ်ပြီး အခန်းထဲမှထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမခုံးအကြိမ် မောင်နှင့်ပတ်သက်ပြီး သူမ မျက်ရည်ကျရသည်။

မောင်က သူ့မာမီကိုထိရင် လုံးဝမခံတဲ့ သားလိမ္မာတစ်ယောက်ပဲ။ သူမကကော အမေ့ဘက်မှ ရပ်တည်ချင်ပေမယ့် မတွန်းလှန်နိုင်တဲ့ဘဝ။

ထိုနေ့က မောင် ညနေမှပြန်ရောက်လာ၏။ သူမမှာ အိမ်တွင် တစ်ယောက်တည်းကျန်ရစ်ကာ ယောင်ချာချာ၊ မီးဖိုထဲ သွား ကူလုပ်ပေးတော့လည်း…

"မမလေး ဘာအလိုရှိလဲ"

ဆိုတာကြောင့် သူမ ဘာပြောရမှန်းမသိ။

"ဟို…ထမင်းဟင်းချက်တာတွေ ကူလုပ်ပေးဖို့"

"ဟင့်အင်း…မလိုပါဘူး မမလေး၊ ဒီမှာ ဘာမှလုပ်စရာ မရှိပါဘူး၊ မမလေးစားချင်တဲ့ဟင်းသာ ပြောပါ"

"ဪ…ရပါတယ်၊ တို့က ဘာနဲ့ဖြစ်ဖြစ် စားနိုင်ပါတယ်"

သို့ဖြင့် သူမ ထွက်လာခဲ့ရ၏။ မောင်တို့တိုက်ကြီးက ကျယ်သလောက် အလုပ်သမားတွေကလည်း သူ့တာဝန်နှင့်သူ အပြည့်ပင်။ သူမအထင် တစ်လတစ်လ အလုပ်သမားတွေကို ပေးရသော လစာကပင် နည်းမှာမဟုတ်ပေ။

"မမလေးကို မာမီကြီးခေါ်နေပါတယ်"





"ဪ"

အိမ်ကြီးကျယ်လွန်းတာမို့ ကိုယ့်အခန်းနှင့်ကိုယ်နေကာ တစ်ယောက်ကိုတစ်ယောက် တွေ့ရဖို့ မလွယ်ပါ။ မောင်မရှိဘဲ မာမီခေါ်ခိုင်းတယ်ဆိုတာကြောင့် သူမ အနည်းငယ် ရင်လေးသွား၏။

အပေါ်ထပ်ရှိ မာမီအခန်းသည် ဟောင့်အခန်းလိုပဲ အတော် ကျယ်ဝန်းကာ ပစ္စည်းအပြည့်အစုံဖြင့် လှပသားနားလွန်းသည်။

"မာမီ…ကျွန်မကိုခေါ်တယ်ဆို"

"အင်း…ထိုင်"

မာမီနှင့် မျက်နှာချင်းဆိုင်တွင် သူမဝင်ထိုင်လိုက်၏။ မာမီက သူမကို စူးရှသောမျက်လုံးများဖြင့် ကြည့်သည်။

"သားကော"

"ရှင်"

"စောစောက ကားသံကြားတယ်၊ သား ထွက်သွားတာလား"

"ရှင်…ဟို"

"မင်းကို တစ်ခုပြောထားဦးမယ်၊ မင်းနဲ့သား လက်ထပ်တာကို ငါ မကန့်ကွက်တာဟာ သားစိတ်ချမ်းသာအောင်လို့ပဲ၊ ဒီအိမ်မှာ မင်း ဘာမှလုပ်စရာမလိုဘူး၊ မင်းလုပ်ရမှာက ငါ့သားကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာအောင်ထားဖို့ပဲ''

သူမ မျက်လွှာချနေလိုက်သည်။ မောင်ထွက်သွားတာ သူမအပြစ်ပါနေသလို မဟုတ်လား။

''ငါပြောတာ သဘောပေါက်ရဲ့လား ယုယမေ''

''ရှင်…ဟုတ်ကဲ့''

''အေး…အခု မင်းကိုခေါ်တာက မင်္ဂလာဆောင်မှာဝတ်ဖို့ ဝတ်စုံ ဘာလိုချင်သလဲပြောပါ''

''ရှင်…ကျွန်မ''

တကယ်ဆို ဒီလိုကိစ္စမျိုး သူမ မကျွမ်းကျင်ပါ။ ယခုလို မေးလာတော့ သူမ ဘာဖြေရမှန်းမသိ။ အနားမှာ မောင်ရှိလျှင် ကောင်းမည်။

''ရော့…ဒါက မင်းကြိုက်တဲ့ဝတ်စုံ ဝယ်နိုင်တယ် ယုယမေ''

''အို''

လက်ပွေ့အိပ်ထဲက ပိုက်ဆံထုတ်ကို မာမီပစ်၍ သူမရှေ့ ချပေး၏။ ယောက္ခမတစ်ယောက်အနေနဲ့ ဒါဟာ ချွေးမအပေါ် တာဝန်ကျေတာလား။

''ဟို…ဒီပိုက်ဆံကို မောင်နဲ့တိုင်ပင်ပြီးမှ ယူပါရစေ မာမီ''





''အေးလေ…မင်းသဘောပဲ၊ ကဲ…ဒါဆိုရပြီ''

''ဟုတ်ကဲ့…ဒါဆို ကျွန်မကို သွားလိုက်ပါဦးမယ်''

မာမီ့အခန်းထဲက ထွက်လာမှ သူမ သက်ပြင်းချနိုင်တော့၏။ သည်အိမ်ရဲ့ ဆက်ဆံရေးက ဘယ်လိုပါလိမ့်။ ပိုက်ဆံတွေပေါ များသလောက် တစ်ဦးနဲ့တစ်ဦး ဆက်ဆံတာ အေးစက်စက်နိုင်လွန်းပါလား။

မောင်ပြန်ရောက်လာတော့ သူမ ဆီးကြိုလိုက်သည်။

''တစ်နေ့လုံး ဘယ်တွေသွားနေတာလဲ မောင်''

''သူငယ်ချင်းတွေဆီ''

မကြည်လင်သောမျက်နှာဖြင့် မောင် ဖြေ၏။ သူမ သက်ပြင်းချကာ မောင့်အပေါ်အင်္ကျီကို ကူချွတ်ပေးလိုက်သည်။

''မောင်သွားတော့ အိမ်မှာ မေတစ်ယောက်တည်း၊ ဘာလုပ်ရမှန်းမသိတာနဲ့ မီးဖိုထဲသွားကူတော့လည်း လက်မခံဘူး''

''ဘာကြောင့်သွားတာလဲ၊ အိမ်မှာ အလုပ်သမားတွေ အပြည့်ရှိတယ်''

ကြည့်…မောင်မေးပုံက သွားမိတဲ့သူမကပဲ အပြစ်ရှိသလို လို၊ မောင့်ကို မသိမသာလေး မျက်စောင်းထိုးမိ၏။

''မေက မောင့်အကြိုက် ကိုယ်တိုင်ချက်ကျွေးချင်လို့ ပေါ့ရှင်''



www.burmeseclassic.com

www.burmeseclassic.com



ထိုအပြောလေးကြောင့် မောင့်မျက်နှာ မသိမသာပြုံးသွား၏။ သို့သော် ချက်ချင်းပင်…

"ဒါက မောင်တို့တိုက်ခန်းလေး မဟုတ်ဘူးဗျ။ ဒီအိမ်မှာ မာမီအားလုံး စီစဉ်တယ်၊ မောင့်အကြိုက်လည်း မာမီသိတယ်"

"ဒါဆို မေက မောင့်အတွက် ဘာလုပ်ပေးရမှာလဲ"

သည်တော့ မောင်က သူမကို ခါးထောက်ကာ ခပ်စူးစူး ကြည့်၏။ ထို့နောက် သူမကိုယ်လေးကို ဖြန်းခနဲပွေ့ဖက်ကာ…

"ခင်ဗျားလေးက ကျုပ်ကိုချစ်ဖို့"

"အို"

မောင့်ထံမှ အရက်နံ့ကို ရလိုက်၏။ တစ်ခါမှ ဒီလိုအနံ့ မျိုးမရသော သူမမှာ ခေါင်းထဲမူးဝေချင်သွားရ၏။

"မောင် သောက်လာတာလား"

"အင်း…စိတ်ညစ်လို့"

"မေ မကြိုက်ဘူး မောင်"

"ဒါဆို မောင့်ကို မေ စိတ်ညစ်အောင်မလုပ်နဲ့ပေါ့ဗျ"

"အို…ဘယ်သူကလုပ်လို့"

နှစ်ယောက်သား ကြိတ်ရန်ဖြစ်နေ၏။

"ဖယ်ပါ…ဒီအနံ့ဟွန့်"

"ဟော့…စိတ်ညစ်အောင်လုပ်ဦးမလို့လား မေ"





သူမကိုယ်လေးကို မလွှတ်တမ်းဖက်ရင်း မောင် မေး သည်။

"မောင်လည်း မေ့ကို စိတ်ညစ်အောင်လုပ်တာပဲ မဟုတ် လား"

"ဘယ်တုန်းကလုပ်လဲ၊ မေ့ကို မောင်ဒီလောက်ချစ်တာ"

"အို…မောင်"

အချစ်မူး၊ အရက်မူး မူးနေသော မောင့်ရင်ခွင်မှာ သူမ ကိုယ်လေးပျော့ညွှတ်လျက် မကြာခင် အိပ်ပျော်သွားရတော့၏။ အိပ်မက်ကမ္ဘာမှာတော့ မောင်နဲ့ပျော်စရာလေ။



www.burmeseclassic.com

www.burmeseclassic.com

သူမတို့၏ မင်္ဂလာဆွမ်းကျွေးညှော်ခံပွဲကို ရင်းနှီးသူတချို့သာ ဖိတ်တယ်ဆိုပေမယ့် မောင့်တို့ဘက်မှမိတ်ဖြင့် အတော်စည်ကားသွားပါသည်။

သူငယ်ချင်းတွေကိုလည်း ဖိတ်တာမို့ ပျော်စရာ။ ဝါဝါတို့က ပန်းနုရောင်ဇာဝမ်းဆက်ရိုးရိုးလေးဖြင့် လှနေသော သူမကို စကြ၏။

"ဒီလိုဆိုတော့လည်း ရှင့်ယောက္ခမကြီးက တော်သားပဲ မေ"

"ဟုတ်တယ်နော်၊ ရှောရှောရှူရှူ မင်္ဂလာဆောင်ပေးတယ်"

"မေ ကံကောင်းတာပေါ့"

သူတို့ပြောသမျှ သူမ အပြုံးလေးဖြင့် နားထောင်နေလိုက်သည်။ တစ်ဦးတည်းသောသားကို ရရှိသူ သူဌေးမကြီး၏ ချွေးမအဖြစ် သူမက အများအမြင်မှာ ကံကောင်းသူဟု ထင်စရာ။





"ဒါနဲ့ ရှင်တို့ညှော်ခံပွဲ လုပ်ဦးမှာလား မေ"

"ဟဲ့ . . .လုပ်မှာပေါ့၊ ဘယ်ဟိုတယ်မှာလဲ မေ၊ ရှင့်ယောက္ခမကြီးက ဒီလောက်ချမ်းသာတာ"

ထိုအမေးတွေကြောင့် သူမ ဘာဖြေရမှန်းမသိအောင်ပါပဲ။ သည်လို မင်္ဂလာဆွမ်းကျွေးပေးတာတောင် လွန်လှချည်ဟု သူမယောက္ခမကြီးက ထင်နေတာမဟုတ်လား။

"ကျွန်မ မပြောတတ်ဘူး၊ သူတို့အစီအစဉ်အတိုင်းပဲ ရှယ်"

"အေးလေ . . .သူ့ယောက္ခမကြီး စီစဉ်မှာပေါ့ဟဲ့၊ ဒါနဲ့ စိန်တွေက ရှင့်ယောက္ခမကြီးက ရှင့်ကိုလက်ဖွဲ့တာလားဟင် မေ"

အရေးထဲ သူမကိုယ်ပေါ်က စိန်တွေကို အထင်ကြီးစွာ သူငယ်ချင်းတွေ မေးနေ၏။

သည်မနက် သတို့သမီးဝတ်စုံဝတ်ပြီးမှ မာမီရောက်လာတာ . . .

"ရော့ . . .ယုယမေ၊ ဒါတွေဝတ်၊ ပွဲပြီးမှ ငါ့ကိုပြန်ပေး"

ဟု ပြောသွားတာမဟုတ်လား။ ယခုလို သူငယ်ချင်းတွေ မေးတော့ သူမဖြေရခက်ကာ ပြုံးနေလိုက်သည်။

"အဝိုင်ပေးတာပေါ့ဟဲ့၊ သူ့ယောက္ခမက စိန်သူဌေးပဲ ပြီးတော့ ယုယမေက ချောမောလှပတဲ့ ဆရာဝန်လောင်း ချွေးမ



www.burmeseclassic.com

www.burmeseclassic.com



လေ"

သူမကိုယ်စား ဝါဝါ ဝင်ပြောနေသမျှ ဩော်...အထင်ကြီးလိုက်ကြတာပါလားဟု ကြားမှ သူမရင်မောမိလေ၏။

သည်ပွဲတစ်ခုလုံးကို မောင့်မာမီပင် စိန်နားကပ်တဖျပ်ဖျပ်၊ အပြုံးတဝင့်ဝင့်ဖြင့် ဧည့်ခံသွား၏။ သူမအမေကတော့ ရပ်ကွက်ထဲက လူတချို့နှင့် စားပွဲတစ်ခုမှာ ခပ်ကုပ်ကုပ်။

"သတို့သမီးလေးက ချောလိုက်တာ၊ မင်းဧယျာက အတော်ရွေးတတ်တာပဲ၊ မမတို့တော့ ဆရာဝန်လောင်းချွေးမချော ကိုရတာ ဂုဏ်ယူစရာပဲနော်"

မာမီ့မိတ်ဆွေတွေက သူမကိုကြည့်ကာ ချီးကျူးနေ၏ ဒါကို မာမီက မသိချင်ယောင်ဆောင်လျက်...

"ကလေးတွေက မိုက်ကြတယ်လေ၊ ကျောင်းမပြီးဘဲ ယူကြတော့ ကျွန်မပဲ ဆက်လက်စောင့်ရှောက်ရမှာ"

"ဩော်...ဒါဆို ချွေးမလေးကို ကျောင်းဆက်ထားမှာပေါ့လေ"

"ဒါပေါ့ရှင်၊ အဟင်း...ဟင်း"

လူကြားထဲမှာ သူမတို့ကို ကျောင်းဆက်ထားပေးရမည့်အကြောင်း ပြောနေတဲ့ မောင့်မာမီကို ဘယ်လိုနားလည်ရမှန်းမသိပေ။





တကယ်ဆို ထိုအစီအစဉ်ရှိတာ သူမပင်မသိပါ။ သူမကျောင်းစရိတ်အတွက် ကိုယ့်ဘာသာရှာဖို့ တိတ်တဆိတ်ဆုံးဖြတ်ထားတာပဲ။

မင်္ဂလာပွဲပြီးတော့ မိဘတွေကို ကန်တော့ကြသည်။ မောင့်မာမီနှင့် အမေတို့ ယှဉ်ထိုင်၏။ သူမတို့ကန်တော့ကြတော့ အမေ့ထံမှ...

"သာဓု...သာဓု...သာဓု ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းရပါစေကွယ်"

ဟု လှိုက်လှိုက်လှဲလှဲ ဆုပေးသည်။ မောင့်မာမီက...

"အေး...မင်းတို့ မစဉ်းစားဘဲ ယူလိုက်ကြလို့ ငါ့ဘက်က တာဝန်အရ မင်္ဂလာဆောင်ပေးပြီးပြီ၊ အယ်...ကလေးတော့ ချက်ချင်းမယူကြနဲ့၊ မင်းတို့ကျောင်းပြီးအောင် တက်ရဦးမှာ မဟုတ်လား"

ထိုစကားကြောင့် မောင်နှင့် သူမ တစ်ယောက်ကို တစ်ယောက် ကြည့်ကြ၏။ အမေကတော့ မျက်နှာသိသိသာသာ ပျက်သွားသည်။

"အို...သားသမီးရတနာဆိုတာ မတားကောင်းပါဘူးရှင်"

အမေက လှစ်ခနဲ ဝင်ပြော၏။ သည်တော့ မာမီ လှစ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကာ…

"အဟင်း…ဒါက ရှင့်အမြင်လေ၊ ကျွန်မကတော့ သူတို

နှစ်ယောက် ကျောင်းဖိုးအပြင် မြေးအတွက် ထပ်ပြီး အကုန်အက

မခံနိုင်သေးဘူးရှင်"

ထိုစကားကြောင့် အမေ နှုတ်ပိတ်သွား၏။ မောင်က

သူမလက်ကိုဆွဲကာ လူကြီးတွေကို ပြုံးကြည့်သည်။

"မာမီပြောတာ မှန်ပါတယ်၊ ကျွန်တော်တို့လည်း လွတ်

လွတ်လပ်လပ် နေချင်ကြသေးတာပါ၊ မဟုတ်ဘူးလား မေ"

မောင် ပြုံးပြုံးကြီး သူမဘက်လှည့်ကာ မေး၏။ မောင့်

အမေးကို သူမ ချက်ချင်းမဖြေနိုင်ဘဲ အမေ့ကို လှမ်းကြည့်မိသည်

နောက်မှ…

"အင်း"ဟု ခေါင်းညိတ်ပြလိုက်ရ၏။ သည်နေရာ မောင့်

ကိုဆန့်ကျင်ပါက သူမတို့ တစ်ခုခုဖြစ်မှာ သေချာ၏။

"အိမ်ထောင်သည်ဖြစ်လာမှတော့ အစစအရာရာ သည်း

ပါ သမီး"

ဟု အမေ မှာကြားထားသော စကားကို သူမ ယခုချိန်

တွင် သတိရလိုက်ခြင်းပါ။ သည်တော့ မောင့်မာမီမျက်နှာ ပြုံးသွာ

၏။ ဟင်း…အမေ မပြုံးနိုင်တာ ခွင့်လွှတ်ပါ။

ညှိခံပွဲပြီးတာနှင့် အားလုံး လူစုခွဲကြ၏။ အမေ့ကို ထိုး





ရာကပင် ကားနှင့်ပြန်ပို့သည်။

"အမေ…သမီး မကြာမကြာလာမယ်နော်"

"ရပါတယ်ကွယ်"

ကားပေါ်တက်ခါနီး အမေ့မျက်နှာညှိုးသွားတာ သူမ စိတ်

မကောင်းပါ။ အမေသည် သူမကို အိမ်အထိ လိုက်ပို့ခွင့် မရခဲ့ပါ

လေ။

အိမ်ရောက်တော့ သူမတို့အခန်းထဲ တောက်လျှောက်ဝင်

ခဲ့၏။

"ပင်ပန်းသွားပြီလား မေ"

မောင်က သူမကိုယ်လေးကို ပွေ့ဖက်ကာ မေးသည်။

မောင့်အပြုံးမြင်တော့ သူမ သက်ပြင်းလေးချလိုက်၏။

"မောင်ကော"

"မောင်က မပင်ပန်းဘူးဗျ၊ ခုမှ ဒါ မင်္ဂလာဦး"

"တော်ပါ"

သူမ မျက်စောင်းထိုးတော့ မောင်ရယ်သည်။ ထို့နောက်

သူမ မျက်နှာလေးကို ဖွဖွရှိုက်နမ်းကာ…

"မောင့်ချစ်က ဒီနေ့ သိပ်လှတာပဲဗျ၊ လူတွေအားလုံး

ချီးကျူးနေကြတယ်"

"မောင်ကျေနပ်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ဗျာ…ကိုယ့်မိန်းမ ချီးကျူးတာ မကျေနပ်ဘဲ ရှိမလား"

ပြောရင်း သူမ၏ ဖြူနုသောလည်တိုင်လေးပေါ် အနမ်းများ ရောက်လာပြန်သည်။

"ဖယ်ဦး မောင်"

"ဘာလုပ်မလို့လဲ"

"ဒီပစ္စည်းတွေ မောင့်မာမီကို ပြန်ပေးရဦးမယ်"

"ဩော်"

မောင်က သူမကိုယ်လေးကို ဖြေလွှတ်ပေးသည်။ သူမ မှန်တင်ခုံရှေ့ထိုင်ကာ ပစ္စည်းများ ချွတ်လိုက်၏။

"ဒီပစ္စည်းတွေက တစ်ချိန်မောင်ပိုင်မှာပဲ မေ၊ စိတ်ထဲ ဘာမှမထားနဲ့ ဟုတ်လား"

သူမကို နောက်မှသိုင်းဖက်ပြီး ဝင်းဝါသောကုပ်သားနုနု အား ရှိုက်နမ်းရင်း ပြောသည်။ မှန်ထဲမှတစ်ဆင့် မောင့်ကို သူမ ကြည့်လိုက်၏။

"ရပါတယ် မောင်၊ ဒါတွေ မေ မမက်ပါဘူး"

သို့သော် မေ့အသံက အနည်းငယ် အေးစက်နေသည်။ ဒါကို မောင်ကတော့ သိဟန်မတူ။

"သိပါတယ်ကွာ၊ မောင့်မိန်းမက မောင့်ကိုပဲချစ်တယ်ဆို





တာ"

မောင့်ကို မှန်ထဲက မျက်စောင်းထိုးလိုက်၏။ မောင်ပြုံး ကာ သူမနားထင်လေးအား ရှိုက်နမ်းသည်။

"အဲဒီလို မျက်စောင်းလေးက ချစ်စရာဗျ"

"ကဲ…တော်ပါတော့ ဒီပစ္စည်းတွေ တော်တော်နဲ့ လာမပို့ လို့ မောင့်မာမီ အထင်လွဲနေဦးမယ်"

"အဟွန်း…မာမီက အဲဒီလိုမဟုတ်ပါဘူးဗျာ"

မောင်ဘာပြောပြော သူမ အခန်းထဲက ထွက်ခဲ့၏။ တကယ်ပဲ မောင်၏မာမီသည် အခန်းထဲမှာ စောင့်နေပါလား။

"ပစ္စည်းတွေပါ မာမီ"

"အင်း…ထားခဲ့"

"ပစ္စည်းတွေစုံရဲ့လားလို့ စစ်ကြည့်ပါဦး မာမီ"

သူမက ထွက်မသွားဘဲပြောတော့ မာမီ ခပ်တည်တည် ယူကြည့်၏။ ဒါ ယောက္ခမနဲ့ ချွေးမတဲ့လား။

"ရပြီ"

"ဒါဆို ကျွန်မ သွားတော့မယ်"

နေရာမှ သူမလှည့်ထွက်ခဲ့၏။ သို့သော် အပေါက်ဝ အရောက်…

"နေဦး ယုယမေ"



www.burmeseclassic.com

www.burmeseclassic.com



မာမီ လှမ်းတားတာကြောင့် သူမ ခြေလှမ်းတန့်သွား၏။

"သားကို ခဏလွှတ်လိုက်ဦး"

"ဟုတ်ကဲ့"

ထို့နောက် သူမ လေးလံသောခြေလှမ်းတွေဖြင့် အခန်းထဲက ထွက်ခဲ့သည်။ မောင်က အဝတ်အစားလဲပြီး သူမကို စောင့်နေ၏။

"မာမီနဲ့တွေ့လား မေ"

"အင်း"

မောင့်ဘေးမှာ သူမ ဝင်ထိုင်လိုက်သည်။ မောင်က သူမ ခါးကို ဆွဲဖက်၏။

"လာစမ်းပါဦး မိန်းမရာ၊ ဒီနေ့မှ မောင်တို့မင်္ဂလာဦး အစစ်"

"အို"

မောင့်ရင်ခွင်ထဲ အရှိန်ဖြင့် သူမရောက်သွားသည်။ သူမ မျက်နှာကို မောင်မိုး၍ စိုက်ကြည့်၏။ တောက်ပသော မောင့်မျက်လုံးတွေကြောင့် သူမ ရင်ခုန်သွားရသည်။

"မောင့်ချစ် မောင့်အသက်"

"အိုကွယ်"

လှိုက်ဖြာသော မောင့်အနမ်းတွေကြားမှ သူမ မိန်းမော





သွားရ၏။ စောစောက မောင့်မာမီနှင့် ပတ်သက်လျက် မကျေနပ်သော အစိုင်အခဲတို့သည် မောင်၏အယုအယကြားမှာ ပျော်ညွှတ်လျက်။

"မောင်"

"ဟင်"

"မောင့်ကို မာမီခေါ်နေတယ်"

"ဟုတ်လား၊ နောက်မှသွားမယ်"

"အို...မာမီစောင့်နေမှာပေါ့"

"ကိစ္စမရှိဘူး၊ အချစ်ကို မောင်စောင့်နေတာ ကြာလှပြီ"

သူမနှုတ်ခမ်းလေး တိတ်ဆိတ်သွားရ၏။ မာမီ တစ်ယောက် ဒီလောက်အချိန်ကြာကြီး စောင့်နေရမလားဟု ဘယ်လောက်ရှုး စိတ်တိုလိုက်မလဲ။ ကဲလွန်းတဲ့မောင့်ကြောင့် သူမ စိတ်ညစ်ရသည်လေ။





www.burmeseclassic.com

www.burmeseclassic.com

ကျောင်းပြန်တက်ချိန်မှာ မောင်သည် သူမလက်ကို ပိုင်ပိုင်ဆွဲထားနိုင်ပြီ။ ယခုဆို သူမက မောင်နှင့်အတူ ကျောင်းကို အမြဲတက်ရသည်မဟုတ်လား။

"ဟိတ်ကောင်…မင်းဧယျာ မင်းမိန်းမကို ဘယ်သူမှ ဝင်မလုပါဘူးကွ"

မျက်စိနောက်လာဟန်ဖြင့် သူငယ်ချင်းတွေက မောင့်ကို စကြ၏။ သို့သော် မောင်ကလည်း ခပ်တည်တည်။

"မင်းတို့ကောင်တွေက ပြောလို့ရတာမဟုတ်ဘူး၊ အချောင်ဝင်နိုက်ချင်နိုက်ကြမှာ"

"ဟာ…ဒီကောင်"

သူမဝတ်ဖို့ဆိုကာ မောင်က သူကိုယ်တိုင် အဝတ်အစားတွေ လိုက်ဝယ်ပေး၏။ အားလုံး အဖိုးတန်အကောင်းစားတွေချည်းဖြစ်သည်။

"မေ့အတွက် ဒါလောက်မလိုဘူး မောင်၊ ပိုက်ဆံတွေ





အပိုမသုံးပါနဲ့"

ကိုယ်ပိုင်အလုပ်မရှိသေးသော မောင့်ထံက သူမဘာမှမလိုချင်ပါ။ သို့သော် သူလုပ်ချင်တာသာသိသော မောင်သည် တဇွတ်ထိုးသမားပင်။

"ပိုက်ဆံအတွက် မပူပါနဲ့ မေ၊ ဒါ မောင့်မုန့်ဖိုးထဲက ပိုက်ဆံ၊ မာမီနဲ့ မဆိုင်ဘူးကွ"

"ဒါပေမယ့်…အဲဒီပိုက်ဆံဟာ မာမီပေးတာပဲမဟုတ်လား မောင်"

သူမတို့နှစ်ယောက်အတွက်ဟုဆိုကာ မာမီက တစ်လစာငွေကို အံပြတ်ပေးထား၏။ ထိုငွေတွေကို မောင်ပဲကိုင်သည်။

"ကျွတ်…မာမီက မောင်တို့ကိုပေးပြီးမှတော့ မောင်တို့နဲ့ပဲဆိုင်တယ် မေ၊ ဒီလောက်မစဉ်းစားပါနဲ့ကွာ၊ ပျော်ပျော်နေစမ်းပါ"

မှန်တာပြောရလျှင် သူမမှာ ကျောင်းဆက်တက်ရတာပဲ ကျေနပ်လှပါ၏။ ကျန်တာမလိုအပ်ဘဲ မာမီငွေတွေကို မသုံးချင်။ သို့သော် မောင်က ပြောမရတော့ လက်ပိုက်ကြည့်နေရ၏။

"မေက ခုဆို မောင့်မိန်းမဖြစ်ပြီ၊ ဒီလိုအချိန်မှာ မေက ပိုပြီးလှလှပပတွေ ဝတ်ရမှာကွ၊ ဒါမှ မောင်က မေ့ကို ဘယ်လိုထားတယ်ဆိုတာ ပတ်ဝန်းကျင်ကသိမှာ"

"မောင်ပိုက်ဆံသုံးတာတွေ သိပ်များနေလို့ပါ၊ တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



မာမီဆီက ထပ်တောင်းရင် မေ့ကို အထင်လွဲခံရမယ်"

မလိုအပ်ဘဲ မာမီနှင့် သူမကြားပြဿနာ မတက်ချင်တာကြောင့် မောင့်ကို သတိပေးရ၏။

သည်တော့ မောင်ကပြုံး၍ သူမကိုကြည့်၏။ ထို့နောက် သူမနားကပ်ကာ…

"ဒီမှာ မေ၊ မောင့်မှာ ကိုယ်ပိုင်ပိုက်ဆံရှိတယ်"

"ဟင်၊ မောင်က အလုပ်မရှိဘဲ ဘယ်ကပိုက်ဆံရှမလဲ"

"အဟွန်း…အဘိုးပေးခဲ့တဲ့ အမွေတွေလေ၊ ဟောဒီမှာကြည့်"

မောင်က ဘဏ်စာအုပ်တစ်ခု ထုတ်ပြ၏။ မောင့်နာမည်နှင့်ငွေ၊ သူမတစ်သက်တာ စိတ်မကူးမိသော ငွေများပါလား။

"ဒီ…ဒီလောက်များတဲ့ငွေတွေ မောင့်မှာရှိတာ၊ မောင့်မာမီ မသိဘူးလားဟင်"

"သိတာပေါ့၊ ဒါပေမယ့် မာမီက ဘာမှမပြောဘူး၊ မောင့် [illegible]ဆံ မောင်ကြိုက်တာလုပ်တဲ့"

"ဩော်"

ချမ်းသာသူတွေကြတော့လည်း ထိုမျှငွေတွေကိုပင် ဂရုမစိုက်တာ မဆန်းပါ။ ဒါပေမယ့် သူမအံ့ဩတာက မာမီ့ကိုပါ။ သားတစ်ယောက်မှာရှိတဲ့ ငွေတွေပ[illegible] အသုံးမတတ်လျှင် ပျက်စီး





နိုင်တယ်ဆိုတာ။

"မောင့်ကို ကတ်တစ်ခုတော့ မာမီက တောင်းတယ်မေ"

"ဘာကတ်လဲ မောင်"

"ဒီငွေတွေနဲ့ မူးယစ်ဆေးဝါးသောက်စားတာ မလုပ်ရဘူးလို့"

"မောင် ကတိပေးလိုက်တာလား"

"အင်း"

ဩော်…ဒီလိုကြတော့ မောင်က လိမ္မာပြန်၏။ မောင်လိမ္မာလို့ မာမီက စိတ်ချတာပဲလေ။

"ကဲ…မောင် ချစ်ကိုဝယ်ပေးတာတွေဟာ မောင့်ကိုယ်ပိုင်ပိုက်ဆံဆိုတာ သိပြီလား"

"အင်း…ဟုတ်ပါပြီ"

"ဒီတော့ မေလိုချင်တာ မောင့်ကိုပြော၊ ရော့…မေကိုယ်တိုင်လည်းဝယ်"

ဗီရိုသော့ သူမကိုပေးသည်။ ဖန်းမောင်နှံဖြစ်နေပြီဆိုတော့ သူမ လက်ခံလိုက်၏။

"မေ့အတွက် သုံးစရာမရှိပါဘူး၊ ဒါပေမယ့် မောင်လိုတဲ့အခါ မေထုတ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"သုံးပါ မေရာ၊ သိပ်ချွေတာမနေပါနဲ့"

ကံကောင်းသော မောင့်အတွက်ကတော့ ပိုက်ဆံဆိုတာ တွင်းထဲက ထွက်လာသလိုမျိုး ဖြစ်နေသည်။

"ဟယ်...မေက အိမ်ထောင်ကျပြီးမှ ပိုလှလာတယ်"

"ဟုတ်တယ်...စိတ်ချမ်းသာလို့ထင်တယ်နော်၊ ဟုတ်လား မေ"

မောင်ဆင်ပေးသော အဖိုးတန်အဝတ်အစားများက သူမ၏ နဂိုအလှကို ပို၍တောက်ပစေသည်။ သူမ ထိုသို့ချီးကျူးခံတိုင်း မောင် ဂုဏ်ယူစွာပြုံး၏။

"ကိုယ့်ချစ်သူနဲ့ အတူနေရတာပဲ၊ စိတ်ချမ်းသာတာပေါ့ ဟဲ့၊ ရှင်တို့မေးမှ မေးတတ်တယ်"

ဘာမှမဖြေဘဲ ပြုံးနေသော သူမကိုယ်စား ဝါဝါက ဝင်ပြော၏။ တကယ်တော့ ဝါဝါပြောတာလည်း တစ်ဝက်အမှန်ပင်။ အနားမှာ မောင်ရှိနေ၍ စိတ်ချမ်းသာပါသည်။

"ကိုမင်းဇေယျာက ရှင့်ကို သိပ်ဂရုစိုက်တာပဲနော် မေ"

"ချစ်တာကိုးကွယ့်"

"အင်း..အင်း ခုတော့ မေတို့က ဂုဏ်ယူပြောနိုင်ပြီ"

သူငယ်ချင်းတွေဆိုတော့ တစ်ယောက်နှင့်တစ်ယောက် နောက်ကြသည်။





"အားကျရင် ရှင်တို့လည်း လက်ထပ်လိုက်ပါလား"

"အမယ်လေး မလုပ်ပါနဲ့၊ မင်းဇေယျာလို လူမျိုးနဲ့တော့ တွေ့မှာမဟုတ်ဘူး၊ ကိုယ်မှီတဲ့ယောကျ်ားမျိုးနဲ့ တွေ့နေမှ"

"ဟဲ့...မှီလာရင်ချိုလိုက်ပေါ့ကွယ်"

မိန်းကလေးတွေအုပ်စုမှာ သဘောကျမဆုံးပေ။ သူမကို အားကျသူတွေရှိတာသိပေမယ့် ဘယ်လိုပြောရမလဲနော်။

"မင်းဇေယျာ မင်းကသိပ်လျှင်တာပဲ၊ ယုယမေကို အပိုင်သိမ်းလိုက်နိုင်တယ်ကွာ"

ယောကျ်ားလေးများဘက်က သူ့ကိုအားကျမဆုံး။ ယုယမေဆိုတာ အားလုံးက စိတ်ဝင်စားခဲ့ကြတဲ့ အမျိုးသမီးလေးဖြစ်သည်။

"ဒါပေါ့ကွ၊ လက်မသွက်ရင် ကိုယ်ခံရမှာပေါ့၊ ခုဆို မေက ငါ့မှငါ ချစ်သွားတာကွ"

"အမယ်လေးကွာ၊ သိပါတယ်၊ ငါတို့အားကျလာပြီ၊ တွေ့တဲ့မိန်းမယူလိုက်ရင်တော့"

"အေး...ဇေယျာမာမီလိုတော့ အိမ်ကမိဘတွေ ကောက်တင်မှာမဟုတ်ဘူး၊ ကန်ချမှာ သေချာတယ်ဟေ့"

"ဟာ...ဒီကောင်"

မောင့်သူငယ်ချင်းအုပ်စုကလည်း တဝါးဝါးဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့အားလုံးအတွက် မောင်နှင့်သူမက စံဖြစ်နေ၏။

"သိပ်လိုက်ဖက်တဲ့စုံတွဲ"ဟု ဝိုင်းဝန်းသတ်မှတ်ထားကြ
သည်။ ထိုအတွက် မောင်ကတော့ အထူးကျေနပ်၏။

"သိလား မေ၊ ဒီကောင်တွေထက်လက်ဦးလို့ပဲ၊ မဟုတ်
ရင် မလွယ်ဘူး"

"အမယ်…မေက သူတို့ကို စိတ်ဝင်စားဦးမှလေ"

"ဩော်…ဒါဆို မေ စိတ်ဝင်စားတာ မောင့်ကိုပေါ့
နော်"

"သွား"

အဆင်ပြေနေတဲ့ဘဝမို့ သူမတို့အတွက် ပျော်စရာ
လက်ထပ်ခဲ့ပေမယ့် ဘာမှပူပင်စရာမလိုပေ။ တကယ်လည်း သူများ
တွေ အားကျစရာပါ။

"မေ့ကိုပြောရဦးမယ်"

"ဘာလဲ မောင်"

"မေဘယ်လ်တို့ နိုင်ငံခြားထွက်သွားကြပြီ"

"ဩော်…မောင်စိတ်မကောင်းဖြစ်နေလားဟင်"

ထိုအမေးကြောင့် မောင် မျက်မှောင်တွန့်၏။ သူမကိုလည်း
မကျေနပ်သလို စိုက်ကြည့်သည်။

"ကျုပ်က ဘာကိစ္စ စိတ်မကောင်းဖြစ်ရမှာလဲ ဒေါ်သူယ





မေ"

မောင် ခါးထောက်မေးပုံက ကလေးတစ်ယောက်လို သူမ
အယာပြုံးလိုက်သည်။

"မသိဘူးလေ၊ မောင်က မေဘယ်လ်ကို စိတ်ဝင်စားခဲ့
လားလို့"

"ကြည့်စမ်း…မေနော်"

"မဟုတ်ဘူးလား"

မျက်စောင်းလေးဝင့်ကာ သူမထပ်စ၏။ သည်တော့ မောင်
က ခပ်တည်တည်ဖြင့်…

"အင်း…ဟုတ်တယ်၊ ဒါကြောင့် မောင်လည်း နိုင်ငံ
ခြားလိုက်သွားမလားလို့ စဉ်းစားနေတာဗျ"

"ဟင်…ကြည့်စမ်း၊ သွား…သွား လိုက်သွား"

သူများကို စတုန်းကတော့ အပြုံးမပျက်သလောက် ကိုယ့်
အလှည့်ကြတော့ သူမကို သဝန်တိုပြီ။ မောင် မဟားဟားရယ်ကာ

"ဟောဗျာ…ပြောတုန်းကတော့ သူပဲပြောပြီး"

"အို…မေကစတာ၊ မောင်က အတည်ပြောတာမဟုတ်
လား"

"အလိုဗျာ…မောင်လည်းစတာပေါ့"

"မယုံဘူး…မယုံဘူး၊ မောင်တကယ်ပြောတာ သိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ…ကဲ”

မောင့်ရင်ဘတ်ကို တစ်ဝုန်းဝုန်းထုရိုက်မိ၏။ ဒါက

ကျောင်းမှအပြန် အိမ်ရောက်တဲ့စစ်ပွဲ။

“ဟာ…ဟော့ မေနော်၊ မောင်နာတယ်ကွ”

“နာပါစေပေါ့”

မိန်းမသားဆိုတာ အချစ်နှင့်ပတ်သက်လျှင် သဝန်တိုတ

ကြတာ ထုံးစံလေ။ မောင်က သူမလက်လေးတွေကို လိုက်ဖမ်းရ

သည်။

“ကြည့်စမ်း…ဒါ ကိုယ့်ယောကျ်ားကို နှိပ်စက်တယ

ပေါ့၊ မာမီရေ”

“အို…ဘာလို့အော်တာလဲ၊ တော်ကြာ မာမီက သူသာ

ကို နှိပ်စက်နေတယ်ထင်မှ”

သူမက မောင့်ပါးစပ်ကို လက်ဖဝါးလေးဖြင့် လိုက်ပိ

၏၊

“ဒါဖြင့် ဘာလို့မေနှိပ်စက်လဲ”

“ဘယ်မှာနှိပ်စက်လို့လဲဟင်”

“ဟောဗျာ…မေထုရိုက်လို့ ဒီကောင်အသည်းတွေ ကြေ

တော့မယ်”

“ကျေပါစေပေါ့၊ ဒါမှ ဘယ်သူ့ကိုမှ စိတ်မဝင်စားနိ





ဘာ”

မျက်စောင်းလေးထိုးကာ သူမပြော၏။ ထိုအခါ မောင်က

ချက်လုံးပြူးကြီးနှင့်…

“ဟောဗျာ…မေ့ကို စိတ်မဝင်စားရင်ကော ဘယ်လိုလုပ်

မလဲ”

“ကောင်းတာပေါ့၊ ဒါဆို မေအိမ်ပြန်လိုက်မယ်”

“အမယ်လေး…မလုပ်ပါနဲ့ဗျာ၊ ဒီမိန်းမလေးတစ်ယောက်

ကို မောင် မနည်းယူထားရတာပါ”

“အို”

သူမတစ်ကိုယ်လုံး ပွေ့ဖက်ကာ မောင်နှိုက်နမ်းလေ၏။

တကယ်ပဲ မေက သူ့ရင်ခွင်မှ ထွက်သွားမည့်အတိုင်း စိုးရိမ်ဟန်

ဖြင့် ဖက်ထားလိုက်တာ အသက်ရှူကြပ်မတတ်ပါပဲလေ။ မလွယ်

တဲ့မောင်ပါကွယ်။





www.burmeseclassic.com

www.burmeseclassic.com

သုံးနှစ်ဆိုသောအချိန်မှာ ခဏလေးနှင့် ကုန်သွားသလိုပါပဲ။ ထိုသုံးနှစ်အတွင်းမှာ မောင်နှင့် သူမတို့၏ အိမ်ထောင်ရေးတွင် အဆင်မပြေစရာ အဖုအထစ်လေးတွေ အနည်းငယ်ရှိခဲ့သည်။ ထိုအဆင်မပြေစရာတွေဆိုတာလည်း မောင့်ဘက်က မသိတတ်လေးမှုများကြောင့်ဟု ဆိုရမည်။

"မောင်"

"ဟင်…မေ"

"ဒီကျောင်းပိတ်ရက်၊ အမေ့ဆီ သွားကြရအောင်နော်"

လက်ထပ်ပြီးကတည်းက မောင့်အိမ်မှာ သူမလိုက်နေခဲ့သည်။ သူမ မိခင်ထံသို့ တစ်လနေ၍မှ တစ်ခါမရောက်ပါ။ အမေကိုယ်တိုင်လည်း သူမဆီ ဘယ်တော့မှလိုက်လာခြင်း မရှိပေ။

ယောက္ခမအိမ်မှာနေ၍ သူမအလိုက်သိစွာ ဘာမှမပြောပေမယ့် စိတ်ထဲကတော့ အမေ့ကို သတိရနေ၏။ မောင့်နှုတ်များမှ 'သူမကို အမေ့ထံ' လိုက်ပို့ဖို့ တစ်ခါမျှမပြော။ တကယ်ဆို မောင်





အလိုက်သိဖို့ကောင်းတာပေါ့။

ယခုလို သူမနှုတ်က ဖွင့်ပြောတော့လည်း မောင် အား ဘက်သရော မရှိပြန်။

"ဟာ..ဒီဟောလီးဒေးမှာ မာမီနဲ့အတူ ဆိုင်လိုက်ထိုင်ရမယ် မေ"

"ဟင်"

မာမီက ဗိုလ်ချုပ်ဈေးမှာ စိန်ဆိုင်ဖွင့်ထားသည်။ နေ့စဉ် မာမီကိုယ်တိုင် ထွက်ပေမယ့် သူမဟို့ကို တစ်ခါမှ မခေါ်ဘူးပါ။

"မောင်တို့က ဘာမှမလုပ်ဘဲ မာမီဆီမှာနေတာ၊ တစ်ခါ ဘလေတော့ မာမီအလုပ်ကို ကူညီရမှာပေါ့ မေ"

"ဒါပေမယ့် မေနဲ့ အမေတို့မတွေ့တာကြာပြီ မောင်"

"နောက်မှသွားတွေ့လည်း ရပါတယ်ကွာ၊ ဒီမှာက ကိုယ့် အလုပ်နဲ့ကိုယ် ဖြစ်နေတာပဲ"

မောင်ဟာ နည်းနည်းမှ ကိုယ်ချင်းမစာပါလားဟု တွေးမိ၏။ အမေနဲ့မတွေ့တာ ဘယ်လောက်ရှိပြီလဲ။ ခြောက်လနီးပါးလေ။

"ကောင်းပြီလေ၊ မောင်မလိုက်ပို့လည်း ရပါတယ်၊ မေ့ဘာသာသွားမယ်"

"ဟာ..ဘယ်ဖြစ်မလဲ၊ မေက မောင်နဲ့အတူ ဆိုင်လိုက် ထိုင်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မာမီက အဲဒီလိုပြောသလားမောင်"

"ဟုတ်တယ်၊ မနက်ဖြန် မာမီသွားစရာရှိလို့ မောင်တို့ ထိုင်ပေးရမှာ မေ"

သည်တော့ မေ ဘာမှမပြောသာပေ။ အမေ့ဆီ သွားမယ့် အချိန်မှ တိုက်တိုက်ဆိုင်ဆိုင် မအားတာတဲ့လေ။ မောင့်၏ အမေ့ အပေါ် လျစ်လျူရှုသောစိတ်ကိုလည်း မကြိုက်ချင်ပေမယ့် ဘာမှ မပြောတော့။ ယောက္ခမအိမ်မှာနေတော့ ယောက္ခမအကြိုက် လိုက် လုပ်ပေးရမည်မဟုတ်လား။

တကယ်ပဲ ယောလီးဒေးမှာ မေခင်နဲ့အတူ ဆိုင်လိုက်ထိုင် ရ၏။ ဆိုင်ထိုင်တယ်ဆိုပေမယ့် သူမက ရတနာပစ္စည်းအကြောင်း တွေ နားလည်တာမဟုတ်။ မောင်ပဲသိသည်။

"ဟော…မင်းဇေယျာနဲ့ ယုယမေ"

"ဪ…ဝါဝါတို့ပါလား"

ဗိုလ်ချုပ်ဈေးလာကြသော ဝါဝါတို့နှင့် တွေ့ကာ အံ့ဩ နေကြ၏။

"ကြည့်စမ်း…ယုယမေတို့ကတော့ စိန်ဆိုင်မှာတောင် ဦးစီးထိုင်နေရပါလား၊ ယောက္ခမကြီးက ဒီလောက်တောင်အားကိုး နေပြီနော်"

"မာမီ မအားလို့ပါ"





သူငယ်ချင်းတွေက သူမကို အထင်ကြီးနေကြ၏။ ကိုယ့် အကြောင်းကိုယ်သာသိသော သူမက မချိပြုံးလေးဖြင့် ဖြေလိုက် သည်။

"ကဲ…မဝါတို့ ထိုင်ကြဦးလေ၊ ကျွန်တော် အုန်းနို့ခေါက်ဆွဲ ကျော မှာလိုက်ဦးမယ်"

"ဟဲ…တဲ ကိုမင်းဇေယျာက အလိုက်သိတတ်သားပဲ"

"မေ့အတွက်ကော မှာလိုက်မယ်နော်"

"အင်း"

မောင်ထွက်သွားတော့ ဝါဝါတို့က ဖြေသည်။

"ယုယမေတို့ကတော့ တကယ်ကံကောင်းတယ်၊ ယောကျ်ားကလည်း ချစ်လိုက်တာ သိပ်ဂရုစိုက်တာပဲ၊ ယောက္ခမ ကြီးကလည်း လုပ်နိုင်လွှဲလို့"

"တော်စမ်းပါကွယ်"

သည်နေ့ အမေ့ဆီမသွားရ၍ သူမစိတ်ထဲ မကြည်လင်ပါ။ ဝါဝါတို့ အပေါ်ယံကြည့်ကာ သူမအား ကံကောင်းသူဟု ထင်နေကြ တာ ဘယ်လိုရှင်းပြရမလဲ။

"တကယ်ပြောတာ၊ ခုမှ ရှင်က သူဌေးချွေးမပီသစွာ ပိုပြီး ဖြူနုဝင်းအိနေတာပဲ၊ တစ်နေ့ထက်တစ်နေ့ ပိုပိုလှလာတယ် မေ"



www.burmeseclassic.com

www.burmeseclassic.com



ပန်းနုရောင်ဝတ်စုံလေးဖြင့် ဖြူနုကာ လှပဝင်းအိစက်နေသော သူမကိုကြည့်ကာ အားပါးတရပြောတော့ ပြုံးမရ၊ မဲ့မရ။ နေတော့ တိုက်ကြီးထဲမှာ၊ စီးတော့ ကိုယ်ပိုင်ကားနှင့် အရိပ်ကောင်းစွာနေရ၍ သူမအသားတို့ ပိုမိုဖြူနုလာတာအမှန်ပါ။

အဝတ်ကောင်း၊ အစားကောင်းလည်း သုံးရပါ၏။ သို့သော် အမေ့ကိုပစ်ထားသလို ဖြစ်တာကြောင့် သူမစိတ်၏ ထောင့်တစ်နေရာမှ မချမ်းမြေ့ဖြစ်ရတာ ဘယ်သူသိမလဲ။

"ရှင်တို့မမြောက်လည်း မောင်က မှန်သွားမှာနေပါပြီနော်"

"အို…တို့က အကောင်းပြောတာ၊ အရင်ကထက်စာရင် ရှင် ပိုပျော်မှာပေါ့နော် မေ"

"ဟင့်အင်း"

"ဟင်"

သူမ ခေါင်းခါယမ်းတော့ ဝါဝါ အံ့သြသလိုကြည့်၏။ သူမ မရှိသလိုလေး ပြုံးလိုက်သည်။

"ကျွန်မ အမေနဲ့မတွေ့ရတာ ကြာပြီဝါဝါ"

"ဟင်…မင်းဓေယျာက လိုက်မပို့ဘူးလား"

"အဟင်း…ဝါဝါသိတဲ့အတိုင်း မောင်နဲ့ကျွန်မက နေ့စဉ်ကျောင်းတက်ရသေးတယ်လေ၊ ပြန်လာတော့လည်း ဟိုကိစ္စ ဒီကိစ္စ





နဲ့ မိုးချုပ်သွားတာပဲ၊ အမေ့ဆီကို စိတ်ကပဲရောက်တယ်ဝါဝါ"

မတတ်သာသည့်အဆုံး သူမခံစားချက်ကို ဖွင့်ပြောမိ၏။ ဝါဝါ သက်ပြင်းချ၏။

"ဒါဆို အန်တီလည်း ရှင့်ကို မျှော်နေမှာပေါ့ မေ"

"သေချာတာပေါ့၊ ဒါကြောင့် ကျွန်မဘာဝက ရှင်တို့ထင်သလို သိပ်ပျော်စရာကောင်းမနေပါဘူးကွယ်"

"ဘာပဲဖြစ်ဖြစ် မင်းဓေယျာကို လိုက်ပို့ခိုင်းပေါ့ မေ"

"အင်းလေ…သူအားရင်ပေါ့"

မကြာခင် မောင် ပြန်ရောက်လာ၏။ ကောင်မလေးတစ်ယောက်က မုန့်ပန်းကန်တွေ လင်ပန်းနှင့် လိုက်ပို့သည်။

"သောက်ကြဦး မဝါတို့၊ ဒီဆိုင်က ကောင်းတယ်၊ ဒါက မေ့အတွက်"

အုန်းနို့ကျောက်ကျော တစ်ပန်းကန်ယူကာ မောင်က သူမလက်ထဲ လာထည့်၏။ သည်လိုအသေးအဖွဲမျိုး မောင် ဂရုတစိုက်ရှိတာကြောင့် သူမ အပြစ်မဆိုသာပါ။

"ကိုမင်းဓေယျာက ခုလိုကြတော့လည်း မေ့ကိုချစ်သားပဲ"

"ယောဗျာ…ကိုယ့်မိန်းမကိုယ်ချစ်တာပေါ့ မဝါရဲ့"

"ဒါဆိုလည်း မေ့ကို စိတ်ချမ်းသာအောင်ထားမှပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းဧယျာ”

“အလိုဗျာ…ဒီထက်စိတ်ချမ်းသာအောင် ထားရမလား၊ စားစရာအသင့်၊ ဝတ်စရာအသင့်၊ မဝါသူငယ်ချင်း ဘာမှုရလဲ မေးကြည့်ပါဦး”

ဝါဝါကိုဖြေရင်းမှ မောင်က သူမအား တစ်ချက်လှမ်းကြည့်ပြီး ပြောသည်။

“မေက ပြောပါတယ်၊ ကိုမင်းဧယျာတို့က မေ့ကိုပြည့်စုံအောင်ထားတယ်လို့၊ ဒါပေမယ့် မေလည်း တစ်ခါတစ်ခါ သူ့အိမ်ကို လွမ်းမှာပေါ့ရှင်”

သူမကိုယ်စား ဝါဝါ ဝင်ဖြေသည်။ မောင်က သူမကို ဖျတ်ခနဲလှမ်းကြည့်၏။

“မောင်လည်း ဒီညနေ မေ့ကို မေ့အမေဆီလိုက်ပို့ဖို့ စဉ်းစားထားပါတယ်”

“ဟင်…တကယ်”

သည်အစီအစဉ် ရုတ်တရက်မို့ သူမ ဟန်မဆောင်နိုင်ဘဲ ဝမ်းသာစွာ မေးလိုက်၏။ မောင်က ခေါင်းညိတ်သည်။

“တကယ်ပေါ့ မေ၊ ဒီမနက်က ဆိုင်ထိုင်ရသေးတယ် မဟုတ်လား၊ ဒါကြောင့် လိုက်မပို့ဖြစ်တာ”

ဝါဝါဘက် လှည့်ရှင်းပြလိုက်သေး၏။ သည်တော့ ဝါဝါ





ကလည်း ထောက်ခံ၏။

“ဒီလိုတော့ ဟုတ်ပါတယ်လေ၊ မိဘအိမ်ပဲ ဘယ်အချိန် ဖြစ်ဖြစ် ရောက်ဖို့အမိကပါ၊ ဒါကြောင့် ကိုမင်းဧယျာက မေ့ကို ဂရုစိုက်ပါတယ်လို့ တို့ပြောသားပဲ မေရယ်”

“ဘာလဲ…မေက မောင်ဂရုစိုက်တာ သူများပြောမှ ယုံတာလား”

မေးရင်း မောင် မျက်မှောင်အနည်းငယ် တွန့်လေ၏။ သူမ ခေါင်းခါယမ်းကာ…

“အို…မဟုတ်ပါဘူး၊ မောင့်ကို မေယုံပြီးသားပဲ၊ အခုဟာက အမေ့ဆီမသွားရတာကြာလို့ မေးတာပါနော်”

သူမ မျက်စောင်းထိုးတော့ မောင်ပြုံးသည်။

“ဟုတ်ပါပြီဗျာ၊ ကဲ ဒီနေ့ ဆိုင်စောစောသိမ်းမယ် မေ”

“အင်း…လင်မယားနှစ်ယောက် ဒီလို ချစ်ချစ်ခင်ခင်နေတာ အကောင်းဆုံးပဲ၊ တို့လည်း မုန့်စားပြီးပြီ သွားတော့မယ်”

ဝါဝါပြန်သွားပြီး မကြာမီ သူမတို့ ဆိုင်သိမ်းလိုက်၏။ အမေ့ဆီသွားရမယ်ဆို၍ သူမ ဝမ်းသာနေသည်။ အိမ်ရောက်တော့ မာမီက ကြိုရောက်နေ၏။

“ဟင်…ဆန်နီတို့ ဆိုင်သိမ်းတာ စောလှချည်လား”

“ဟို…ဒီညနေ မေ့ကို သူ့အမေဆီလိုက်ပို့ချင်လို့ စောစော



www.burmeseclassic.com

www.burmeseclassic.com



သိမ်းလာတာပါ မာမီ"

ထိုအခါ ချက်ချင်း မာမီမျက်နှာပျက်သွားလေ၏။

"အင်း...ဖြစ်ရမယ်၊ တစ်နေ့တလေ ဆိုင်ထိုင်နိုင်းပါတယ် ဟိုသွားချင်ရ ဒီသွားချင်ရနဲ့ ငွေရှာဖို့ လွယ်တာမှတ်နေကြသလားပဲ"

သူမ မျက်လွှာချလိုက်သည်။ မောင်က သူမလက်ကို ဆွဲယူ၏။

"မေလည်း သူ့အိမ်ကိုမရောက်တာကြာလို့ပါ မာမီ"

"အေး...မြန်မြန်သွားပြီး မြန်မြန်လာခဲ့ကြ"

ပြောပြီး မာမီလှည့်ထွက်သွားသည်။ သူမ စိတ်မကောင်းဖြစ်မိရ၏။ အမေ့ကိုတောင် တွေ့ချင်တိုင်း တွေ့ခွင့်မရပါလား။ မောင်ကတော့ ထုံးစံအတိုင်း ပေါ့ပေါ့ပါးပါးပင်။

"ဘာမှစိတ်မကောင်းဖြစ်မနေနဲ့ မေ၊ ရေချိုး အဝတ်အစားလဲပြီး သွားကြရအောင်"

"ကျေးဇူးပါပဲမောင်"

မောင့်ကို တစ်ချက်ကြည့်ကာ သူမပြောလိုက်၏။ သည်တစ်ခါပဲ မောင်က သူမဘက်မှ ရပ်တည်ပေးတာမဟုတ်လား။

"ကိုယ့်ယောကျ်ားကို ကျေးဇူးတင်စရာလားမေ"





"အဟင်း...တင်သင့်ရင်တင်ရမှာပေါ့ မောင်ရယ်"

"ကဲ...တင်ဗျာ"

အမေ့ဆီ ထွက်လာတော့ မောင်က အလိုက်သိစွာ လမ်းမှာ မီနီမားကက်ထဲဝင်၍ အမေ့အတွက် စားသောက်စရာများ ဝယ်လေ၏။

သူမတို့ရောက်လာတော့ အမေပျော်လေသည်။ အမေ့အပြုံးကိုမြင်ရတာ သူမရင်ထဲ အေးချမ်းသွားရ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒေါက်တာမင်းဇေယျာနှင့် ဒေါက်တာယုယမေ"

သူမတို့ ဘွဲ့တွေရသောနေ့မှာ မာမီက သူငယ်ချင်းတွေ ဖိတ်၍ ပါတီပွဲလေး ကျင်းပပေးခဲ့၏။

"အမေကတော့ သမီး ဆရာဝန်ဘွဲ့ရသွားလို့ စိတ်အေး ပြီကွယ်၊ ဒါကြောင့် စစ်ကိုင်းသွားပြီး တရားထိုင်တော့မယ်၊ အမေ့ အိမ်လေးကိုတော့ သမီးအတွက်ထားခဲ့မယ်"

သူမ၏မိခင်က သံယောဇဉ်ဖြတ်၍ တရားဘောင်ဝင်သွား သည်။ အမေ့ရှိနေလည်း အတူမနေရတာမို့ ယခုလို အမေ တရား ဘောင်ထဲဝင်တာ သူမဝမ်းသာပါ၏။

"အမေ စိတ်အေးချမ်းသာစွာ တရားထိုင်ပါ၊ သမီး အတွက် ဘာမှမပူပါနဲ့၊ သမီးလည်း အချိန်ရတာနဲ့ အမေ့ကိုလာ တွေ့ပါ့မယ်"

"ရပါတယ် သမီးရယ်၊ အမေ့အတွက်လည်း သမီးဘာ မပူပါနဲ့၊ သမီးယောက္ခမဟာလည်း စိတ်သဘောထား မဆိုးပါဘူး





ယောက္ခမကို အမေလိုပဲ သဘောထားပါ"

"ဟုတ်ကဲ့ပါ အမေ"

အမေ့အတွက် မောင်နှင့်သူမက စုထားသော ငွေများ ကန်တော့လိုက်သည်။ အမေက လက်မခံချင်ပေ။ သူမတို့ ဖွတ် အတင်းတောင်းပန်ကာ ပေးလိုက်ရ၏။

ယောက္ခမကြီးကတော့ သူမမိခင်ကို

"အင်း...သူ့ဘဝအတွက် သံသရာပါမှာ လုပ်သွားတာ ကောင်းပါတယ်လေ၊ သူ့မှာ ဘာမျှော်လင့်ချက်မှလည်း မရှိတော့ တာပဲ"

အသက်အရွယ်ချင်း တူပေမယ့် ဘဝပေးကံမတူတော့ မာမီသည် ရှိတဲ့အသက်ထက် ပို၍နုပျိုပြီး ပစ္စည်းဥစ္စာကလည်း အပြည့်အစုံမို့ ဘာမှမပူရပေ။ ထိုအပြင် လုပ်ငန်းလုပ်နေသူတွေမို့ မိတ်ဆွေအပေါင်းအသင်းလည်း များတာကြောင့် တစ်နေ့တစ်နေ့ အချိန်ကုန်မှန်းမသိအောင်ပါ။

"ဒါဆို မာမီကတော့ မျှော်လင့်ချက်တွေ ရှိတယ်ပေါ့ နော်"

ထိုည ညစ်ခံပွဲပြီးချိန် မိသားစုစုံညီစွာ စကားပြောဖြစ် ကြ၏။ မာမီကိုယ်တိုင်က ပြောစရာရှိတယ်ဟု မောင်နှင့်သူမကို ခေါ်ထားခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကမေးတော့ မာမီပြုံးသည်။ သူမတို့နှစ်ယောက်ကို ရွှန်းရွှန်းစားစားကြည့်ကာ…

"ဒါပေါ့ ဆန်နီ၊ ဒီနေ့ မာမိရဲ့မျှော်လင့်ချက်တွေ ပြည့်တဲ့နေ့ပဲ"

"ဘာများလဲ မာမီ"

"အဟင်း…သားကိုတောင် မာမီ အသိမပေးခဲ့ရသေးဘူး၊ မာမီတို့မိသားစုအားလုံး နိုင်ငံခြားကိုထွက်ဖို့လေ"

"ဗျာ"

"ရှင်"

"ဟုတ်တယ် သား၊ ဒါပေမယ့် မာမီ အစီအစဉ်သားရိပ်မိမှာပါ၊ ဒါကြောင့် သားနဲ့ယုယမေကို မာမီ ဒီမှာဘွဲ့ရအောင်ထားတာ"

မာမီစကားကြောင့် မောင်နှင့်သူမ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။

"ကျွန်တော်တို့ကော လိုက်ရမှာလား မာမီ"

"အို…ဒါပေါ့ကွယ်၊ ဟိုမှာ သားတို့အလုပ်အကိုင်နဲ့ ပညာအတွက် ပိုကောင်းတယ်မဟုတ်လား"

"အဲဒါတော့ ဟုတ်ပါတယ် မာမီ၊ မေရော မောင်တို့အတွက် ဝမ်းသာစရာပဲ"





သူမကိုပြုံးကာကြည့်ပြီး မောင်ပြောသည်။ သည်ကိစ္စ သူမ ယခုမှသိရပေမယ့် လက်မခံနိုင်ပါ။ ထို့ကြောင့် ချက်ချင်း ခေါင်းခါယမ်းလိုက်၏။

"အို…ဟင့်အင်း မေ မလိုက်နိုင်ဘူး မောင်"

"ဘာ"

"ဟင်"

သူမငြင်းတာကြောင့် မာမီနှင့်မောင် မျက်နှာပျက်သွား၏။ သည်တစ်ကြိမ်တော့ သူမဆန္ဒအတိုင်းဖြစ်ဖို့ လိုပါ၏။

"ဟုတ်ပါတယ် မောင်၊ ကျွန်မတို့ ပညာသင်ထားတာ ကိုယ့်တိုင်းပြည်အတွက်ပဲ၊ သူများတိုင်းပြည်ကို လုပ်ကျွေးဖို့မှ မဟုတ်တာပဲ၊ ဒါကြောင့် မေကတော့ နိုင်ငံခြားကို မလိုက်နိုင်ပါဘူး"

"ဩော်…မင်းက ငါ့ဆန္ဒကို ဆန့်ကျင်တာလား ယုယမေ"

မျက်နှာထားတင်းတင်းနှင့် မေးလိုက်သူက မောင့်မာမီ။ သူမ တောင်းပန်သလိုကြည့်လိုက်၏။

"အဲဒီလိုဖြစ်ခဲ့ရင် ကျွန်မကို ခွင့်လွှတ်ပါ မာမီ၊ ကျွန်မဟာ ပထမတစ်ကြိမ် အမေနဲ့ ခွဲခဲ့ရပြီးပါပြီ၊ ဒုတိယအကြိမ်တော့ ကျွန်မချစ်တဲ့မြေကို မခွဲပါရစေနဲ့ မာမီ"

"မေ မင်းဘာတွေပြောနေတာလဲ၊ ဒီလိုအခွင့်အရေးရဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လွယ်တယ်ထင်သလားဟင်၊ ပြီးတော့ မောင်တို့အတွက် ပညာသင်ဖို့ကော အလုပ်အကိုင်ကော ဟိုမှာ ပိုကောင်းတာမဟုတ်လား''

မောင်က သူမပြင်းတာကို မကြိုက်ဟန်ဖြင့် ဝင်ပြော၏။ သူမ မောင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

''မောင်ပြောတာ ဟုတ်မှာပါ၊ ဒါပေမယ့် မေကတော့ ကိုယ်တစ်ယောက်တည်း တိုးတက်ဖို့ထက် ဆရာဝန်ရှားပါးတဲ့ ဒေသတွေမှာ သွားရောက်အကျိုးပြုဖို့ကို ပိုပြီးလိုလားပါတယ် မောင်''

''ဩော်''

သည်နေရာမှာ မောင်နှင့်သူမ လုံးဝဆန့်ကျင်ဘက်ဖြစ်ပြီ။ သူမ ရင်ဆိုင်နေရတာ မောင်နှင့် မောင့်မာမီ။

''ဒီမှာ ယုယမေ၊ မင်းသေချာစဉ်းစားဖို့ အချိန်ပေးမယ် ငါကတော့ ငါ့ဆန္ဒကို ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူး''

''ဟုတ်တယ် မေ၊ မင်းသေချာစဉ်းစားပါဦး''

သူတို့သားအမိနှစ်ယောက်ကို တစ်ချက်စီကြည့်ပြီး သူမခေါင်းခါယမ်းလိုက်၏။

''ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မအမေရှိတဲ့ ဒီနိုင်ငံကနေ ဘယ်ကိုမှမသွားဖို့ ကျွန်မ ဆုံးဖြတ်ထားပါတယ်''

ခိုင်မာပြတ်သားသော စိတ်ဓာတ်ဖြင့် သူမပြောလိုက်၏။





မာမီမျက်နှာ အကြီးအကျယ်ပျက်သွားသည်။

''ကြည့်စမ်း…မင်းက အတောင်အလက်စုံလို့ ငါ့ကို အာခံတာပေါ့လေ၊ ကောင်းပြီ မင်းမလိုက်လည်း ကိစ္စမရှိဘူး၊ ငါ့သားကိုပဲ ခေါ်သွားမယ် ယုယမေ''

''အို…မောင်က''

''ဘာလဲ…ငါ့သားကို မတိုးတက်အောင် နှောင်းလုပ်ဦးမလို့လား ယုယမေ၊ ကဲ…သား မာမီဟာ သားဆန္ဒအတွက်သမျှ ဖြည့်ဆည်းပေးခဲ့တာ သိပါတယ်နော်၊ ခုလည်း သားနဲ့အတူ ယုယမေကို မာမီခေါ်ခဲ့တယ်၊ သူငြင်းတာ သားအသိပဲ၊ ဒီတော့ သားကော မာမီနဲ့နေခဲ့မလား၊ လိုက်မလား''

အေးစက်စွာ တစ်လုံးချင်းမေးလာသော မာမီ့စကားအဆုံး သူမ မောင့်မျက်နှာကို ဖျတ်ခနဲကြည့်မိသည်။ မောင်ကလည်း သူမကို စိုက်ကြည့်၏။

''ကျွန်တော် မေနဲ့ ဆွေးနွေးလိုက်ဦးမယ် မာမီ''

''အေး…ကောင်းပြီ၊ ငါ့သားဟာလည်း ယုယမေလိုပဲ အမေကိုချစ်တဲ့သား ဖြစ်ပါစေ''

မာမီစကားတစ်ခွန်းက သူမရင်ထဲ အရိုးပြင်းပြင်း ဝင်ရောက်သွား၏။ သူ နေရာမှ ဆတ်ခနဲရပ်သည်။

''မေ…ကိုယ်တို့အခန်း သွားစို့''



www.burmeseclassic.com

www.burmeseclassic.com



သူမ လိုက်လာခဲ့လိုက်၏။ အခန်းထဲရောက်တော့ မောင်နှင့် သူမ မျက်နှာချင်းဆိုင်သည်။

"မောင် မာမီနဲ့လိုက်မသွားဘူး မဟုတ်လားဟင်"

မျှော်လင့်ချက်မျက်ဝန်းများဖြင့် မောင့်ကိုကြည့်ကာ သူမ မေးသည်။ မောင်က အေးစက်စွာ သူမအားကြည့်၏။

"မင်းရဲ့ဆုံးဖြတ်ချက်ကို ပြင်လိုက်ပါ မေ"

"ဟင်"

"မောင်က မင်းကို ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ မေသိပါတယ်၊ ဒီတော့ မောင်ခေါ်တဲ့နောက် မေလိုက်ခဲ့ပါကွယ်"

"အို…ဟင့်အင်း မေ ဆုံးဖြတ်ချက်ကို မပြင်နိုင်ဘူး မောင်၊ မောင့်ကိုချစ်ခဲ့လို့ အမေ့ကိုလည်း မေ စွန့်လွှတ်ခဲ့ပြီးပြီ၊ ဒီတစ်ခါ ကိုယ့်မြေ၊ ကိုယ့်ဇာတိကို မစွန့်လွှတ်ပါရစေနဲ့"

ခေါင်းသွက်သွက်ခါယမ်းကာ သူမငြင်းလေတော့ မောင် မျက်မှောင်ကြီးတွန့်သွား၏။ ဒါဟာ မောင်အလိုမကျရင် ဖြစ်တဲ့ ပုံစံလေ။

"ဩော်…ဒါဆို မင်းက မောင့်ကိုစွန့်လွှတ်မယ်ပေါ့ မေ"

"ရှင်"

ရုတ်တရက် သူမအံ့သြသွား၏။

မောင်ဘယ်လိုမေးလိုက်တာလဲ။ မျက်နှာတင်းနေသော





မောင့်ကို သူမ မယုံနိုင်သလို ကြည့်မိသည်။

"မောင်ကတော့ ရှင်းရှင်းပဲပြောမယ် ကိုယ့်ဘဝတိုးတက်ဖို့အတွက် နိုင်ငံခြားကို မာမီနဲ့လိုက်သွားမယ်"

"အို…ဒါဆို မေ့ကို"

"နောက်ဆုံးအနေနဲ့ မေလိုက်ခဲ့ဖို့ မောင်ပြောပါရစေ"

နောက်ဆုံးတဲ့။ ဘယ်လောက်ထိတ်လန့်စရာကောင်းတဲ့ စကားလဲ၊ ဘာကြောင့်များ သူမနဲ့မောင်ကြားမှာ နောက်ဆုံးဆိုတာ ဖြစ်လာရတာပါလိမ့်။

"မေ…မေ တောင်းပန်ပါတယ် မောင်၊ မောင်လိုက်မသွားပါနဲ့ နော်၊ ဒီမှာပဲ မေနဲ့အတူ"

သို့သော် သူမစကားမဆုံးလိုက်ရပါ။ မောင့်မျက်နှာ ခက်ထန်သွားလျက်…

"တော်စမ်း မေ၊ အဓိပ္ပါယ်မရှိတာတွေ ပြောမနေနဲ့ မင်းဟာ ငါ့မယား ငါသွားရာလိုက်ရမယ်"

"အို…ဟင့်အင်း နိုင်ငံခြားကိုတော့ မေ မလိုက်နိုင်ဘူး မောင်၊ မေ့ကို မြန်မာပြည်မှာမွေးတာ၊ မြန်မာထမင်းကိုစားလာတာ မြန်မာပြည်မှာပဲ မေနေမယ်"

အံလေးကြိတ်ကာ ပြတ်သားသောဆုံးဖြတ်ချက်နှင့် မောင့်ကို ရဲရဲရင်ဆိုင်ကာ သူမပြောချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ မောင်၏အကြည့်စူးစူးတို့နှင့် ဆုံလေပြီ။ ဖာင့်အင်း မောင့်မျက်ဝန်းတွေကို သူမ အရှုံးမပေးလိုတော့…

"တောက်"

မောင့်ထံက ပြင်းထန်သော တောက်ခေါက်သံ။ ထို့နောက် နေရာမှ ချာခနဲလှည့်ကာ သူမကို ကျောခိုင်းထွက်သွားလေ၏။

"မောင်"

သူမအသံကလည်း လည်ချောင်းနှံးမှ ပျောက်သွား၏။ မောင် ကျောခိုင်းထွက်ခွာသွားခြင်းဟာ သူမအတွက် တစ်သက် တာလား။

မှုန်ဝါးသောမျက်ရည်တွေက ပါးပြင်ပေါ်သို့ အဆက်မပြတ် ကျဆင်းလာသည်။ တကယ်ဆို မောင်နှင့်သူမ တစ်ယောက်နဲ့ တစ်ယောက် ချစ်ပါလျက် လမ်းခွဲကြရမည့် အခြေအနေဖြစ်လာတာ အတိတ်ဘဝ ကံကြမ္မာကြောင့်လားကွယ်။



"ခေါက်…ခေါက်"

ပြင်းထန်သော တံခါးခေါက်သံက နှစ်မြိုက်စွာအိပ်မော့ သွားသည့် သူမကို အိပ်ရာမှနိုးစေ၏။ မျက်ဝန်းတို့ ပွင့်လာချိန်…

"ဟင်…ငါဘယ်ရောက်နေပါလိမ့်"

သူမရောက်နေတာ အမေ့ရဲ့အိမ်လေးလည်း မဟုတ်ပါ လား။ နောက်မှ စဉ်းစားလိုက်တော့ မကြာခင်ကပဲ သူမတာဝန်ကျ ရာ ဒီတောင်ပေါ်ဒေသလေး ရောက်နေပါလားဟု သတိထားမိ လိုက်၏။

"ခေါက်…ခေါက်"

နောက်တစ်ကြိမ် တံခါးခေါက်သံမှာ သူမ ခုတင်ပေါ်မှ ဆင်းကာ ကိုယ်ကို သေသပ်အောင်ပြုပြင်ပြီး တံခါးသွားဖွင့်လိုက် ၏။

"ထမင်းစားဖို့ အဆင်သင့်ဖြစ်ပါပြီ ဆရာဝန်မလေး"

"အို…ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



လာခေါ်သူကို သူမ အားနာသွားရ၏။ သည်ရောက်တော့ ခရီးပန်းတာနှင့် ရာသီဥတု အေးလွန်းတာတို့ပေါင်းကာ အနားယူရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်မဟုတ်လား။ အိပ်နေစဉ် တစ်လျှောက် မောင်နှင့်ပတ်သက်ခဲ့တဲ့ အကြောင်းတွေ အိပ်မက် မက်နေသလိုပါပဲ။

သူမ အခန်းထဲကထွက်လာတော့ ပတ်ဝန်းကျင်က အနည်းငယ် မှောင်နေပြီ။ ရာသီဥတုမှာ ပို၍အေးလာသယောင်။ မီးလင်းဖိုကို တွေ့ရသည်။

"ညနေစောင်းဘက်အိပ်ရင် ရေပြောင်းမြေပြောင်း ဆရာဝန်မလေး ဖျားမှာစိုးလို့ တံခါးခေါက်နှိုးလိုက်ရတာ စိတ်မရှိပါနဲ့"

ထမင်းပွဲနှင့်အတူ မီးလင်းဖိုအားမှာ စောင့်နေသော ဦးပန်းဆိုင်က သူမကိုတွေ့တော့ တောင်းပန်သည်။

"အို…ရပါတယ် ဦးလေး၊ ကျွန်မလည်း ခဏဆိုပြီး ရုတ်တရက် အိပ်ပျော်သွားလိုက်တာ"

"ခရီးကကြမ်းတော့ ဆရာဝန်မလေး ပင်ပန်းမှာပေါ့၊ ဒါကြောင့် အိပ်ပျော်သွားတာ၊ အိပ်ရာကထ ဗိုက်ဆာနေမှာပေါ့၊ ထမင်းပွဲ အသင့်ပဲ၊ အားမနာပါနဲ့ ဆရာဝန်မလေး"

ရာသီဥတု အေးပေမယ့် ထမင်းပွဲက ပူပူနွေးနွေး ပြင်ဆင်





ထား၏။ သူမက ထမင်းပွဲဝင်ထိုင်ရင်း…

"ဟို…ကျွန်မတစ်ယောက်တည်းလား၊ ဦးလေးတို့ကော တစ်ခါတည်း မစားဘူးလား"

"ကျုပ်တို့စားပြီးပါပြီ၊ ဆရာဝန်မလေးပဲ စားပါ၊ ထမင်းက ပူပူနွေးနွေးစားမှ ကောင်းတယ်"

"ဟုတ်ကဲ့"

ပူပူနွေးနွေး ထမင်းပွဲမြင်တော့ သူမ ဟန်မဆောင်နိုင်တော့။ ဗိုက်ထဲကဆာလာတာမို့ လက်ဆေးပြီး ထမင်းကို စားလိုက်၏။

ချက်ထားသော ဆန်က နူးညံ့၍ ကောက်ညှင်းလို အနည်းငယ်စေးသည်။ သို့သော် စားကောင်းပါ၏။ ပဲပုပ်ထောင်း၊ ဝက်သား မုန့်ညှင်းချဉ်၊ ဆိတ်သားနဲ့ မှျစ်ချက်၊ မုန်လာဥ ဟင်းရည်တို့ဖြင့် ခံတွင်းမြိန်လှ၏။

"ဒီမှာက အမြဲဈေးရှိလား အဒေါ်"

ဦးပန်းဆိုင်မိန်းမကို သူမ လှမ်းမေးလိုက်သည်။ အဘွား ကြီးက ခေါင်းခါယမ်းကာ…

"မရှိဘူးဓေ၊ ငါးရက်တစ်ပတ်ဈေးပဲရှိတာ၊ ဒီဟင်းတွေ မနေ့က ဈေးလိုက်ထားလို့ရတာ"

"သော်"

သူတို့စားဖို့ ဝယ်ထားတဲ့ဟင်းချက်စရာတွေ သူမအတွက်



www.burmeseclassic.com

www.burmeseclassic.com



ချက်ရလို့ ကုန်ရောပေါ့ဟု တွေးကာ အားနာချင်သွား၏။

"နောက်ရက်တွေ ကျွန်မဘာသာချက်ပါမယ် ဦးလေး"

"မလိုပါဘူး ဆရာဝန်မလေး၊ ဒီရွာကအားလုံးစုပြီး ဆရာဝန်မလေးအတွက် စားစရိတ်တာဝန်ယူထားလို့ ကျုပ်မိန်းမ ချက်ကျွေးပါလိမ့်မယ်၊ ဆရာဝန်မလေး စားချင်တာရှိရင်ပြောပါ"

"အို…ရပါတယ်၊ ကျွန်မ ရှိတာနဲ့စားတတ်ပါတယ်ရှင်"

သည်လိုနေရာမျိုးမှာ အစားအသောက်အတွက် ချေးများ နေလို့ မဖြစ်ပေ။ သူမ ထမင်းစားပြီး မကြာခင် အသက်ဆယ့်ရှစ် နှစ်ဝန်းကျင် ကလေးမတစ်ယောက် ရောက်လာ၏။

"နောဖော့ …လာ"

ဦးပန်းဆိုင်က သူမနှင့် မိတ်ဆက်ပေးသည်။

"ဆရာဝန်မလေးအတွက် အကူရအောင် ခေါ်ထားတာပါ၊ နောဖော့တဲ့၊ ကြက်ခြေနီသင်တန်း တက်ဖူးတယ်"

"အို…အဆင်ပြေတာပေါ့၊ လာ ညီမလေး"

အသားဖြူဖြူ ကိုယ်ခန္ဓာတုတ်တုတ်လေးနှင့် နောဖော့ကို သူမပြုံးရယ်ကာ ခေါ်လိုက်၏။

"ကျွန်မ အစောကြီးထဲကလာမလို့၊ ယာတဲကအပြန် နောက်ကျတာနဲ့ ခုမှရောက်တယ် မမ"

လေသံဝဲဝဲလေးနှင့် နောဖော့က ရှင်းပြနေ၏။ မြင်မြင်ချင်း





ခင်မင်စရာ ကလေးမပါ။

"ရပါတယ်ကွယ်၊ မမလည်း စောစောကမှ အိပ်ရာနိုး တာ၊ နောဖော့က ယာလုပ်တာလား"

"ဟုတ်တယ် ဆရာဝန်မလေး၊ သူ့မှာ အမေပဲရှိတယ်၊ သားအမိနှစ်ယောက် တောင်ယာလုပ်တယ်"

နောဖော့ကိုယ်စား ဦးပန်းဆိုင်က ဝင်ဖြေသည်။

"ဒါဆို…ယာမလုပ်ဘဲ မမဆီမှာ ကွန်ပေါင်ဒါလုပ်ပေါ့ နောဖော့"

"ဟုတ်ကဲ့…ကျွန်မလုပ်ပါ့မယ်"

"အေး…အေး မမ နောဖော့ကို လခပေးမယ်"

သူမအတွက် သေချာပေါက် အဖော်တစ်ယောက်လိုတာမို့ နောဖော့ကို ခေါ်ထားဖို့ ဆုံးဖြတ်လိုက်၏။

"အဲဒီအတွက်လည်း မပူပါနဲ့ ဆရာမလေး၊ ကျုပ်တို့ စီစဉ်ထားပါတယ်"

"ဒါဆို အဆင်ပြေတာပေါ့ ဦးလေး၊ မနက်ဖြန် ရွာထဲက လူတွေအားလုံး စုပေးပါ၊ ကျန်းမာရေးနဲ့ပတ်သက်တာ ကျွန်မ ဟောပြောချင်လို့"

"စိတ်ချပါ ဆရာမလေး၊ ခေါ်ထားလိုက်ပါ့မယ်၊ ဆေးခန်းကို မနက်ကြမှ ကျုပ်လိုက်ပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့''

အတိတ်မှ လန့်နိုးလာသော သူမသည် ယခုတော့ လက်ရှိဘဝမှာ အဆင်ပြေစွာနေဖို့ ကြိုးစား၏။ လမ်းပန်းခက်ခဲကာ ဆရာဝန်ပေးတဲ့ ဒီလိုဒေသမျိုးလေးမှာ ပြည်သူတွေအတွက် သူမလာရတာ ကျေနပ်သည်။

ဟင်း…မောင်ကတော့ ယခုချိန် နိုင်ငံခြားရောက်နေရောပေါ့။

''ခုညတော့ ရွာထဲကလူကြီးတချို့ကို ဖိတ်ခေါ်ထားပါတယ်၊ ဆရာမလေးနဲ့ မိတ်ဆက်ပေးရအောင်လို့ပါ''

''ကောင်းပါတယ် ဦးလေး၊ ကျွန်မလည်း တွေ့ချင်ပါတယ်၊ ဒါမှ ရပ်ရွာအတွက် ကျန်းမာရေးကိစ္စနဲ့ ပတ်သက်ပြီး လိုအပ်တာတွေ ဆွေးနွေးနိုင်မှာပါ''

မကြာခင် ဦးပန်းဆိုင်အိမ်သို့ လူများ တဖွဲဖွဲရောက်လာ၏။ လူအားလုံးစုံတော့ ဦးပန်းဆိုင်က သူမကို မိတ်ဆက်ပေးသည်။

''သူက ကျုပ်တို့ရွာကို ပြောင်းလာတဲ့ ဆရာဝန်မလေး ဒေါ်ယုယမေပါ''

''ဟာ…ဆရာဝန်မလေးက ငယ်ငယ်လေး''

''အို…ဟုတ်ပါ့တော်၊ ရုပ်လေးကလည်း ချောလိုက်တာ''





''ဒီလောက်ငယ်ပြီးချောတဲ့ မိန်းကလေး တို့ဆီရောက်လာတာ အံ့သြစရာပဲ''

အဖြူရောင် ယုန်မွေးဆွယ်တာဖြင့် သူမက အားလုံးကို ပြုံးပြလိုက်၏။ သူမအပြုံး မြင်တော့ အားလုံးငြိမ်သက်သွားကြသည်။

''အားလုံး မင်္ဂလာပါရှင်၊ ဒီဒေသကို ကျွန်မရောက်လာတာ ကျန်းမာရေးအတွက် ပြည်သူလူထုကို အကျိုးပြုဖို့ပါပဲ၊ ဒါကြောင့် ဒီဒေသခံများကလည်း ကျွန်မကို ဝိုင်းဝန်းကူညီကြပါ၊ ကျန်းမာရေးကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မဆီကို အချိန်မရွေး အကူအညီတောင်းနိုင်ပါတယ်ရှင်''

သူမစကားအဆုံး လက်ခုပ်သံတွေ ဆူညံသွား၏။ အားလုံးက သူမကို သဘောကျနေကြသည်။

''ဆရာမလေးကို ကျုပ်တို့ရွာကလည်း အထူးလှိုက်လှဲစွာ ကြိုဆိုပါတယ်ခင်ဗျာ''

''ကျေးဇူးတင်ပါတယ်ရှင်''

အားလုံးနဲ့မိတ်ဆက်ပြီးချိန်မှာ မိုးချုပ်လေပြီ။ ဦးပန်းဆိုင်တို့လင်မယားက အောက်ထပ်မှာအိပ်၍ သူမနှင့် နောဖော့ အပေါ်ထပ်မှာ နှစ်ယောက်တည်းအိပ်၏။

''ဦးပန်းဆိုင်တို့က သားသမီးမရှိဘူးလား နောဖော့''



www.burmeseclassic.com

www.burmeseclassic.com



''ရှိသားပဲ မမ''

''ဟင်...ဟုတ်လား၊ သူတို့ ဒီမှာမနေဘူးလား''

''တစ်ခါတစ်ခါ လာပါတယ်''

''ြော်''

ဆက်လက်မေးလျှင် စပ်စုရာကျမည်စိုး၍ သူမ ငြိမ်နေလိုက်၏။

ထိုစဉ် မြင်းခွာသံကြားသည်။ အောက်ထပ်မှာ စကားသံတိုးသဲ့သဲ့တွေ။

''နောဖော့''

''ရှင်''

''အောက်မှာ ညှိသည်ရောက်နေတာလားပဲ''

''စောစောက မြင်းခွာသံလား မမ''

''အင်း''

နောဖော့က ခေါင်းခါယမ်း၏။

''မဟုတ်ဘူး၊ ဘကြီးတို့သား''

''ဘယ်သူ''

''ဘကြီးရဲ့သား စဝ်ရန်နိုင်လေ၊ သူ တစ်ခါ တစ်ခါ အိမ်ပြန်အိပ်တယ် မမ''

''ဘာ...စဝ်ရန်နိုင်က ဦးပန်းဆိုင်ရဲ့သား ဟုတ်လား''





သူမ အိပ်ရာမှ ဆတ်ခနဲထကာ အံ့ဩစွာမေးလိုက်၏။ ကြည့်စမ်း...သူမကို လာကြိုစဉ်က စဝ်ရန်နိုင်ဟာ ဦးပန်းဆိုင်နဲ့ ဘာမှမပတ်သက်တဲ့အတိုင်း။

''ဟုတ်တယ် မမ၊ ဒါပေမယ့် များသောအားဖြင့် အိမ်မှာ မနေပါဘူး၊ သူ့စိုက်ခင်းမှာပဲ သူနေတယ်''

ပြောနေစဉ် မကြာခင် မြင်းခွာသံကြားရသည်။ သူပြန်သွားတာပဲ။

''သူ...သူက ဘာဖြစ်လို့ ဒီမှာမနေတာလဲ နောဖော့''

''ဘကြီးက သူ့ကို ငယ်ငယ်ကတည်းက မြို့မှာကျောင်းထားတယ်၊ သူပြန်လာတာ မကြာသေးဘူး၊ ရွာကလူတွေနဲ့လည်း မရောဘူး၊ သူ့ဘာသာနေတာပဲ မမ''

စဝ်ရန်နိုင်...

မျက်နှာမှာ မုတ်ဆိတ်၊ ပါးမြိုင်းမွေးတွေဖြင့် အရပ်မြင့်မြင့်၊ ကိုယ်ဟန်ကျစ်ကျစ်ဖြင့် ယောကျ်ားပီသစွာ ခန့်ညားတဲ့လူတစ်ယောက်။

သို့သော် သူ့ပုံစံက လောကကြီးကို မကျေနပ်ဟန်ဖြင့် ဂျစ်ကန်ကန် မှုန်ကုတ်ကုတ်နှင့်ပါလား။ ရိုးသားသော ဦးပန်းဆိုင်တို့၏သားဟု ဘယ်လိုမှ ထင်စရာမကောင်းပါလား။



www.burmeseclassic.com

www.burmeseclassic.com

သည့်ဒေသလေးက သူမနှင့်အဆင်ပြေလှ၏။ လူတွေက လည်း ရိုးသားအေးချမ်းကြတာမို့ သူမကို ဝိုင်းဝန်းကူညီသည်။ ချစ်ခင်လေးစားကြသည်။

သူမကလည်း ကျန်းမာရေးကိစ္စသာမက ရပ်ရွာအတွက် တတ်နိုင်သမျှ တက်ကြွစွာ ဆောင်ရွက်ပေး၏။

"မမရောက်လာမှ ကျွန်မတို့ရွာလည်း ပိုပြီးသာယာလှပ သွားတယ်"

ညနေလမ်းလျှောက်ရင်း နော်ဖော့က ပြောသည်။ တောင်ပြာတန်းများ ကာရံထားသော ဒီရွာလေးက နှင်းမှုန်တို့ဖြင့် အေးချမ်း၍ ကြည့်လေရာတိုင်းမှာ ပန်းပေါင်းစုံဖြင့် စိမ်းစိုလန်းဆန်း နေ၏။

"ဒီရွာလေးက နဂိုကတည်းက သာယာလှပတာပါ နော်ဖော့၊ ရွာသူရွာသားတွေကလည်း ရိုးသားအေးဆေးကြတယ်၊ မမတော့ ဒီဒေသလေးကို သဘောကျတယ်"





"ဒီလိုဆိုရင်တော့ ဝမ်းသာစရာပါပဲ မမရယ်၊ ကျွန်မတို့က မမ ဒီရွာမှာပျင်းပြီး မြို့ကိုပြန်သွားမှာ စိုးရိမ်နေတာ"

"မပြန်ပါဘူးကွယ်၊ ဒီရွာမှာ မမပျော်ပါတယ်"

နေဝန်းသည် တောင်ပြာတန်းများ၏ နောက်ကွယ်တွင် ရောက်နေပြီ။ ကျေးငှက်သံတို့က ဟိုမှဒီမှာ ကြားရတာ တေးသံ တစ်ခုလို။

ငှက်ကလေးတွေမှာ အချိန်တန်လျှင် အိပ်တန်းဝင်စရာရှိ ပေမယ့် သူမမှာတော့ ပြန်စရာအိမ်မရှိသလိုပါပဲ။ အမေကလည်း စစ်ကိုင်းမှာ မောင်ကလည်း သူမကိုထားကာ နိုင်ငံခြားထွက်သွား ခဲ့ပြီမဟုတ်လား။

"တကယ်လား မမရယ်၊ ကျွန်မတို့ရွာမှာ မမအတွက် ပျော်စရာဘာမှ မရှိဘူးနော်"

"အို…ရှိတာပေါ့၊ ဟောဒီတောင်တန်းတွေ ရိုးသားအေး ဆေးကြတဲ့ တိုင်းရင်းသားတွေ၊ ဖြူလွှလွှနှင်းစက်တွေဟာ မမ အတွက် ပျော်စရာပါ နော်ဖော့"

ရန်ကုန်မှာ ဒီလိုရှုခင်းမျိုး တွေ့ရခဲသည်မဟုတ်လား။ အမြဲတမ်း လူတွေရှုပ်တွေးစည်ကားကာ ကားသံများဖြင့် ဆူညံနေ တဲ့ မြို့တော်တစ်ခုပါ။ သဘာဝလေကို ရှူရဖို့ ခဲယဉ်းသည်။

"အဟင်း…ဟင်း မမပြောမှ ကျွန်မလည်း ကိုယ့်ဒေသ



www.burmeseclassic.com

www.burmeseclassic.com



ကို သတိထားမိတယ်''

''ဒီလိုပဲပေါ့ကွယ်…ကိုယ့်နားကအရာကို တန်ဖိုးရှိမှန်း လူတွေက တော်ရုံနဲ့ သတိမထားမိကြဘူး''

သူမစကားအဓိပ္ပါယ်ရှိလှ၏။ မျက်ဝန်းထဲမှာ မောင့်ကို မြင်ယောင်မိသည်။ မောင်လည်း ဒီလိုလူမဟုတ်လား။

ထိုစဉ်…

''ခွပ်…ခွပ်''

''ဟော…ဦးစဝ်ရန်နိုင်''

မြင်းညိုကြီးပေါ်မှာ ဦးစဝ်ရန်နိုင်သည် မြင့်မြင့်မားမားဖြင့် ဘွားခနဲတွေ့ရ၏။ နောဖော့က လှမ်းမြင်ခြင်းဖြစ်သည်။

''ဟိတ်…မင်းတို့ ဘယ်ကိုသွားနေကြတာလဲ''

သူက မြင်းကို တုံ့ခနဲရပ်ကာ မေး၏။

''ကျွန်မတို့ ဟိုဘက်ကို လမ်းလျှောက်မလို့ပါ ဦးလေး''

''ဘာ…ဒီလောက်မိုးချုပ်နေပြီ၊ ပြန်လှည့်''

သူက မျက်မှောင်ကြီးတွန့်ကာ ပြောသည်။ နောဖော့က သူမကိုလှည့်ကြည့်၏။

''မမ ပြန်လှည့်မလား''

''အို…ခုမှ နေဝင်ကာစရှိသေးတယ်''

''ဒီမှာမမလေး ဒါ မြို့မဟုတ်ဘူးဗျ၊ တော…တော





နေဝင်တာနဲ့ မိုးချုပ်တာပဲ၊ ရှေ့ဆက်သွားရင် တောအုပ်ပဲရှိတယ်''

ခပ်လှမ်းလှမ်းမှာ မြင်နေရသော တောအုပ်စိမ်းကို သူလှမ်းပြသည်။ နေဝင်ချိန်မို့ တောအုပ်က မှိုင်းပျပျ။

''နောဖော့က ပြောတယ် အဲဒီတောအုပ်ထဲမှာ စမ်းချောင်း ရှိတယ်တဲ့''

သူမက အတွန့်လေးတက်လိုက်၏။ သည်တော့ သူ မဲ့ခနဲ ပြုံး၏။

''အဲဒီတော့ ခင်ဗျားက တောအုပ်ဆီသွားမယ်ပေါ့၊ ဟုတ်လား ဆရာဝန်မကြီး''

သူ့မေးပုံက ခပ်ရွဲ့ရွဲ့မို့ သူမစိတ်လေး တိုသွားချင်ရ၏။ သူ့ကိုပြန်ရွဲ့ကာ ဖြေလိုက်သည်။

''ဟုတ်တယ်…ဟုတ်တယ်၊ စမ်းချောင်းလေးကိုလည်း သွားမယ်၊ စမ်းချောင်းနားက ပန်းတွေကိုလည်းခူးမယ်၊ ကဲ ရှင် ဘာပြောချင်သေးလဲ ဦးစဝ်ရန်နိုင်''

''ဘာ…စမ်းချောင်းကိုသွားမယ်၊ ပန်းတွေခူးမယ် ဟုတ်လား၊ ဟား…ဟား မင်းတော်တော်စိတ်ကူးယဉ်ပါလား၊ အေး…. သတ္တိရှိရင်သွားပေါ့၊ ဒီအချိန်သွားလို့ကတော့ စမ်းချောင်းနားရောက် မှာမဟုတ်ဘူး ကျားပဲအဆွဲခံရမယ်''

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



သူကပြောပြီး မြင်းခွာသံတခွပ်ခွပ်ပေးလျက် ထွက်သွားသည်။ သူမနှင့်နော်ဖော့သာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကျန်ခဲ့၏။

“မ…မမလေး ဆက်သွားမှာလားဟင်”

နော်ဖော့က မျက်နှာငယ်လေးနှင့် မေး၏။ ခပ်လှမ်းလှမ်းရောက်နေပြီဖြစ်သော သူ့ကို လှမ်းကြည့်မိ၏။

ဒါ…သူမတို့မသွားအောင် တမင်ခြိမ်းခြောက်သွားတာဖြစ်မည်။ သူပြောသလို မသွားပါက သူမသတ္တိနည်းရာကျမှာမို့ ရဲရဲဆုံးဖြတ်လိုက်၏။

“သွားမှာပေါ့ နော်ဖော့၊ နော်ဖော့က ကြောက်လို့လား”

“ဟို…မ…မကြောက်ပါဘူး မမလေး၊ မမလေးရှိတာပဲ”

“အေး…ဒီလိုမှပေါ့၊ မမတို့က နေ့ခင်းပိုင်းတွေ အားတာမဟုတ်ဘူး၊ ဒီအချိန်လေးထွက်ရတာ ဒီလောက်အေးချမ်းတဲ့နေရာဘယ်ကမှ ကျားမရှိဘူး၊ လာ…နော်ဖော့ နီးနေပြီ၊ ဆက်သွားရအောင်”

“ဟုတ်ကဲ့ မမ”

သူမရှေ့မှ ဦးဆောင်၍သာ နော်ဖော့လိုက်ခဲ့ခြင်းဖြစ်၏။ မှန်တာပြောရလျှင် စိတ်ထဲက ကြောက်ရွံ့၍။ မမက ဆရာဝန်မို့





လားမသိ လုံးဝမကြောက်ပါလား။

“ဟယ်…အဝေးကကြည့်တော့သာ တောကမှိုင်းပျပျနဲ့ အထဲမှာ သာယာလိုက်တာ”

သစ်ပင်ကြီးများတွင် တွယ်ကပ်နေသော သစ်ခွပန်းများနှင့် ရောင်စုံကျေးငှက်တို့ကိုကြည့်ကာ သူမ သဘောကျစွာ ပြောလိုက်၏။

“ဟုတ်တယ်နော် မမ၊ ကျွန်မလည်း ဒီကိုလာဖို့ အဖော်မရှိတာနဲ့ ခုမှရောက်ဖူးတယ်၊ သိပ်သာယာတာပဲ”

နော်ဖော့ကလည်း စိမ်းစိုလန်းဆန်းသော ပတ်ဝန်းကျင်ကို ကြည့်ကာ စောစောက ကြောက်စိတ်များ ပျောက်သွားပုံပင်။

“ဒါကြောင့် မမ လာချင်တာပေါ့ကွယ်၊ ဟော…ဟိုမှာ စမ်းချောင်း”

“တောပန်းတွေလည်းစုံတယ် မမ”

နှစ်ယောက်သား စမ်းချောင်းလေးဆီ အပြေးရောက်သွား၏။ ကြည်လင်သောစမ်းချောင်းလေးက သူမရင်ကို အေးမြကြည်နူးစေသည်။

“ပန်းတွေကလည်း လှလိုက်တာ”

“စမ်းချောင်းထဲမှာ ငါးတွေပြေးနေတယ် မမ”

သူမက ပန်းတွေခူးသလို နော်ဖော့က စမ်းချောင်းထဲမှာ ငါးတွေလိုက်ဖမ်းလျက် ကစားနေစဉ်…



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း"

"အမေ့"

"မမ"

မမျှော်လင့်ဘဲ ကျားဟိန်းသံကြောင့် သူမတို့ လန့်သွားသည်။ နောဖော့က စမ်းချောင်းထဲမှပြေးကာ သူမကို ပြေးဖက်၏။

"ဝေါင်း…ဝေါင်း"

"မမ…မမ ကျား"

"အို…ဟိုမှာ"

တွေ့ရပါပြီ၊ စမ်းချောင်းသို့ ရေသောက်ဆင်းလာသော ကျားကြီးတစ်ကောင်။ သူမမှာ ပန်းချုံများကြားထဲ ရောက်နေတာကြောင့် ကျားကြီးနှင့် ရုတ်တရက် ရင်မဆိုင်မိခြင်းပါ။

"မလှုပ်နဲ့၊ အဲဒီအတိုင်း ငြိမ်ငြိမ်လေးနေ"

"ဟင်…ဦးစဝ်ရန်နိုင်"

သူတို့နောက်မှ စဝ်ရန်နိုင် ရောက်လာကာ ခပ်တိုးတိုး ပြော၏။ စောစောက ကြောက်လန့်ရှိန်များမှာ သူရောက်လာတော့ အနည်းငယ် ပြေပျောက်သွား၏။

"ဒီကောင် ရေသောက်ပြီးရင် ပြန်မှာပဲ၊ အဓိက မင်းတို့ကို မမြင်မိဖို့ပဲ"

"ဟို…ဟို သူမြင်သွားရင်ကော ဦးလေး"





နောဖော့က မျက်လုံးဝိုင်း၍ ကြောက်လန့်တကြား မေးလေ၏။

"မြင်ရင်တော့ မင်းတို့ သူ့အစာဖြစ်သွားပြီပေါ့"

"အမယ်လေး"

"အို…ဘာကြောင့်အော်ရတာလဲ နောဖော့၊ ရှင် ရှင်ကလေးကို ခြိမ်းခြောက်စရာလား"

သူမလက်လေးဖြင့် နောဖော့ပါးစပ်ကို အသာလှမ်းပိတ်ရင်း သူ့ကိုကြိတ်ကာ ရန်တွေ့လိုက်၏။

"ဟာ…ဒါ ကျုပ်ခြိမ်းခြောက်တာမဟုတ်ဘူး၊ တကယ်ဖြစ်မှာ ကျုပ်ခြိမ်းခြောက်တယ်ထင်ရင် ခင်ဗျား ရုပ်လုံးထွက်ပြလိုက်"

"ရှင်နော်"

သူမမှာ မတတ်သာသဖြင့် သူ့ကို မျက်စောင်းလေးဖြင့်သာ ရန်ထောင်နိုင်၏။ ကျားကြီးက အချိန်အနည်းငယ်ကြာစွာ ရေသောက်ပြီးမှ တောထဲပြန်ဝင်သွားလေသည်။ သည်တော့မှ သက်ပြင်းချနိုင်တာ သူမတို့ပင်။

"ဟင်…တော်ပါသေးရဲ့ မမရယ်၊ ကျားကြီး ကျွန်မတို့ကို မတွေ့လို့"

"ဒီလိုကျားမျိုး တောထဲမှာရှိတာကို ရှင်ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သေချာမပြောရတာလဲဟင်''

''ဟောဗျာ''

သေးကျဉ်းသောခါးလေးပေါ် လက်ထောက်ကာ သူမ ရန်လေးထောင်၍ သူ့ကိုမေးမိ၏။ အနီးကပ်မြင်ရသော သူမ၏ ဖြူနုဝင်းဝါသော အလှအပများကြောင့် သူ မျက်စိဖျတ်ခနဲလွှဲလိုက်သည်။

''မမကလည်း လမ်းမှာ ဒီဦးလေးက တောထဲမှာကျား ရှိတယ်လို့ သတိပေးပါတယ်''

နောဖော့က ကြားမှဝင်ပြေသည်။

''အို...သူကစတယ်ထင်နေတာကိုး၊ 'သေချာသိရင် မသွားဖြစ်အောင်တားရမှာပေါ့ နောဖော့ရဲ့''

''အင်း...ခင်ဗျားတို့မြို့သူတွေဟာ ကျေးဇူးတရားကို တယ်ပြီးမသိတတ်ပါလားဟင်၊ ခင်ဗျား ဇွတ်တရွတ်ခေါင်းမာပြီး ဆက်သွားလို့ ကျုပ်နောက်ကလိုက်လာတာ အမိရဲ့''

သည်တော့မှ ဟုတ်တာပဲဟု သူမတွေးမိ၏။ သူမလာတုန်း ကလည်း သူပဲလာကြိုခဲ့တာ အမှတ်ရသည်။

''ဆောရီးပဲ၊ ကျွန်မလည်း ကျားကိုတကယ်တွေ့တော့ လန့်သွားတယ်၊ ရှင်ရောက်လာလို့ ဘာမှမဖြစ်တာ၊ ကျေးဇူးပါပဲ''၊

''မလိုပါဘူးဗျာ''





ယခုမှ ကျေးဇူးလာတင်နေသော သူမကို သူ မျက်မှောင် ကြွန့်ကာ ပြောတော့

''အို...ဘယ်နှယ်မလိုရမှာလဲရှင် လိုတာပေါ့၊ ရှင့်ကို ပထမတစ်ကြိမ်ကတည်းက ကျေးဇူးတင်စကား ပြောချင်နေတာ၊ အခု တစ်ခါတည်းပေါင်းပြီး ကျေးဇူးတင်ကြောင်း ပြောပါရစေ''

''ရပါတယ်၊ ကျုပ်လိုက်လာတာ ခင်ဗျား ကျေးဇူးအတင် ခံဖို့ မဟုတ်ပါဘူး၊ ကျုပ်တို့နယ်ကို ရောက်လာတဲ့ ဧည့်သည် တစ်ယောက်ကို စောင့်ရှောက်ရမယ့် ဝတ္တရားနဲ့ပါ''

ထိုစကားကြောင့် စောစောက သူမကျေးဇူးတင်စိတ်လေး ပျောက်သွား၏။ သည်လူဟာ ဘာကြောင့်များ ဘုကျကျ ပြောရပါ လိမ့်။

သို့သော် အနီးကပ်မြင်ရသော သူ့ရုပ်သွင်က ခန့်ညားလွန်း တာမို့ ဒီလိုလူမျိုး တောထဲရောက်နေတာ နှမြောစရာဟု တွေးမိ သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒီတောထဲကို ကျားက တစ်ခါတစ်ခါမှ မျက်စိလည်ပြီး ရောက်လာတတ်တာပါ၊ ပုံမှန်ကတော့ သမင်၊ ယုန်၊ ကျီတို့ပဲ ရှိတတ်ပါတယ်"

ညရောက်တော့ အိမ်ကြီး၏ မီးလင်းဖိုရှေ့မှာ လူစုမိကာ ဦးပန်းဆိုင် ညနေက တွေ့ခဲ့ရသော ကျားအကြောင်း ပြောပြလေသည်။

စဝ်ရန်နိုင်ကတော့ သူမတို့ကို အိမ်အထိလိုက်ပို့ပေးပြီး ပြန်သွားသည်။

"ဦးစဝ်ရန်နိုင် ရောက်လာလို့ တော်သေးတာပေါ့ ဦးကြီးရယ်၊ မဟုတ်ရင် ကျွန်မတို့ ကျားစာမိပြီ"

နော်ဖော့က ယခုထက်တိုင် ကြောက်စိတ်မပြယ်သေးဟန်ဖြင့် ဦးပန်းဆိုင်ကို ပြောပြနေသည်။

"ညည်းက ဆရာဝန်မလေးကို ဘာကြောင့် အဲဒီဘက် ခေါ်သွားရတာလဲ"





"အို…သူ့အပြစ်မဟုတ်ပါဘူး ဦးလေး၊ ကျွန်မက လျှောက်ချင်လို့ပါ"

သူမ ကြားထဲမှ ဝင်ပြောလိုက်၏။

"ဆရာဝန်မလေး သွားချင်တယ်ဆိုရင် ကျုပ်ကိုပြောရော ပေါ့၊ ဆရာဝန်မလေး အားတဲ့ရက် ကျုပ်လိုက်ပို့မှာပေါ့ကွယ်"

"ဟုတ်ပါတယ် ဆရာဝန်မလေးရယ်"

ဦးပန်းဆိုင်တို့ လင်မယားက သူမအတွက် ပူပန်စွာပြော လေ၏။

"ကျွန်မ မှားသွားပါတယ် ဦးလေး၊ တောအုပ်လေးက စိမ်းတော့ လမ်းလျှောက်ချင်စိတ် ပေါက်သွားမိလို့ပါ"

"ခုတော့ အဆင်ပြေပါပြီ၊ ဦးစဝ်ရန်နိုင်က မမအားတဲ့နေ့ သူလာခေါ်မယ်တဲ့"

"ဟာ…အဲဒါ သိပ်အဆင်ပြေတာပေါ့၊ သူပါရင် စိတ်ချ ရပြီ၊ သူက တောပစ်လည်းကျွမ်းတယ်"

စဝ်ရန်နိုင်အကြောင်း ဦးပန်းဆိုင်က အားပါးတရပြောလေ ၏။ မြင့်မားခန့်ညားသော စဝ်ရန်နိုင်ပုံစံက အားကိုးစရာပါ။

"ဦးစဝ်ရန်နိုင်က ရွာမှာမနေဘူးနော် ဦးလေး"

"ဟုတ်တယ်၊ သူက လူတွေကိုမကြိုက်ဘူး၊ သူ့ဘာသာ တစ်ယောက်တည်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမကောင်းစွာဖြင့် ဦးပန်းဆိုင် ပြောသည်။ သား တစ်ယောက် သူတို့နဲ့မနေတာ မိဘတွေအနေနဲ့ ဘယ်စိတ်ကောင်း ပါ့မလဲ။

''ဟို…သူက ဘာဖြစ်လို့ တောထဲမှာတစ်ယောက်တည်း နေတာလဲ ဦးလေး''

''အင်း…အစက သူ မြို့မှာနေတာပါ၊ အဲဒီမှာ မြို့သူနဲ့ တွေ့ပြီး သူ အသည်းကွဲခဲ့တယ် ဆရာဝန်မလေး၊ ဒါကြောင့် တောမှာပြန်နေတာ''

''ဪ''

ရုတ်တရက် သူ့အကြောင်းတွေ သိလိုက်ရတော့ သူမ စိတ်မကောင်းဖြစ်သွားရ၏။

အသည်းကွဲထားတဲ့ လူပါလား။

ဘယ်လိုမိန်းမကများ သူ့ကို လှည့်စားလိုက်တာပါလိမ့်။

''ကဲ…မိုးချုပ်ပြီ ဆရာမလေးလည်း ပင်ပန်းလာတယ်၊ စောစောအနားယူပါ''

''ဟုတ်ကဲ့''

အပေါ်ထပ်ရှိ သူမအခန်းသို့ တက်ခဲ့၏။ သို့သော် အတွေး ထဲမှာတော့ စဝ်ရန်နိုင်အကြောင်းပါလာသည်။ တကယ်တော့ သူနဲ့ သူမဟာ ဘဝတူချင်းဖြစ်နေမလား။





''ခွပ်…ခွပ်''

ဟော…ဦးစဝ်ရန်နိုင်။

မြင်းခွာသံကြောင့် သူမ အိပ်ရာမှထကာ ပြတင်းပေါက်က ကြည့်လိုက်၏။ လရောင်အောက်မှ မြင်းဖြူကြီးပေါ်တွင် ခန့်ညား စွာထိုင်နေသည့် စဝ်ရန်နိုင်။

သူကလည်း သူမရှိရာအခန်းသို့ မော့ကြည့်နေ၏။

''အို''

ကြည့်စမ်း…သူဘာလို့ သူမအခန်းကို ကြည့်နေရတာပါ လိမ့်။ သူမလိုက်ကာနောက်ကွယ်မှာ ရပ်နေလိုက်သည်။

အတန်ကြာအောင် သူကြည့်ပြီးမှ မြင်းကိုပြန်လှည့်ကာ ခပ်ဖြည်းဖြည်း ထွက်ခွာသွားလေ၏။

ဟင်း…

သက်ပြင်းလေး ကြိတ်ချမိတာက သူမ။ လရောင်အောက် မှာ အဝေးသို့ရောက်သွားပြီဖြစ်သော သူ့ကို ခပ်ငေးငေးကြည့်မိ သည်။

ဪ…ဒီလရောင်ဟာ ရင်ထဲကအလွမ်းစိတ်ရှိနေသူတွေ ကို ပိုမိုအောင်များ ဖန်တီးလေသလားကွယ်။

ဦးစဝ်ရန်နိုင်…

ပြီးတော့ ဒေါက်တာယုယမေ။ နှစ်ဦးလုံးရင်မှာ အဖော်



www.burmeseclassic.com

www.burmeseclassic.com



က အဖြစ်တွေကို ပြန်လည်သတိရပြီး နာကျင်နေသလား။ သူတို့ကို ပစ်ခွာသွားသူတွေအတွက် ကြေကွဲစွာခံစားနေသလားဆိုတာ မည်သူ ပြောနိုင်မှာလဲ။



တောင်ပြာတန်းတွေကြားမှာ ဖြာကျနေသော လရောင် ဖျော့ဖျော့ဟာ အိပ်မက်တစ်ခုခုထဲ ရောက်သလိုပါပဲ၊ တစ်ချက်ချင်း ထွက်ပေါ်လာသည့် မြင်းခွာသံကပင် ဒီလိုတိတ်ဆိတ်တဲ့ ညအချိန် မှာ သူ့အတွက် စည်းချက်အလား၊ သူ သက်ပြင်းတစ်ချက်ချကာ လမင်းကြီးကို ငေးကြည့်မိ၏။

ကြည့်စမ်း… လမင်းကြီးထဲမှာ နက်မှောင်သောဆံပင်များ ဝဲလွင့်လျက် အပြုံးတစ်ခုကို ဆောင်ထားသည့်မိန်းကလေး တစ်ယောက်…

သူမဟာ ဒေါက်တာယုယမေပေါ့။

စဝ်ရှန်နိုင်လို့ခေါ်တဲ့ သူ့အတွက် မိန်းမတွေဟာ မုန်းစရာ ဖြစ်ခဲ့၏။ သူ့နှလုံးသားသည် မိန်းမတစ်ယောက်ကြောင့် ကွဲအက်ခဲ့ ဖူး၏။

"အချစ်"ဆိုတာကို အလေးအနက်ထားသောသူ့အတွက် မိန်းမတစ်ယောက်၏ လှည့်စားမှုကြောင့် အတော်လေးခံစားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တော်ပြီ…

မြို့ကမမတွေကို ကြောက်လန့်ကာ ဒီတောဒီတောင်ထဲ သူ ထွက်ပြေးလာတာမှန်သည်ဟုထင်၏။ သည်မှာက အေးချမ်း၏ လူတွေက ရိုးသားသည်။

တောတောင်တို့က သဘာဝအလှကို ဖန်တီးထားသလို ပါပဲ။ စိမ်းစိုသော ရှုခင်း၊ အရိုင်းဆန်စွာပေါက်နေသောပန်းမျိုးစုံ တဝေါဝေါစီးကျနေသည့် ရေတံခွန်၊ မြူးတူးခုန်ပေါက်ဆော့ကစား နေကြသည့် ယုန်သူငယ်လေးတွေ၊ သမင်လေးတွေ၊ ဂျီတို့က သဘာဝအလှကို များစွာဖြည့်စွက်ထား၏။

လူတွေနှင့်ကင်းဝေးတဲ့ ဒီတော၊ဒီတောင်မှာ သူ့အတွက် စိတ်အေးချမ်းစရာပါပဲ။

ခြံထဲမှာ သစ်လုံးအိမ်လေးဆောက်ကာ မြင်းတစ်ကောင် ကားတစ်စီး၊ သူ့အဖော် ခွေးကြီးညိုကြီးတို့နှင့် နေလိုက်သည်။ သူ့အဖော်တွေက သူ့ကို သစ္စာရှိကြ၏။

သူ့ကိုသစ္စာမဖောက်…

သူပေးသောတာဝန်ကို ကျေပြွန်စွာ ဆောင်ရွက်ကြသည်။ ဘယ်သူမှ သူ့ကို မလှည့်စား။ ကဲ… ဘယ်လောက်ကောင်းလဲ။

သည်အချိန်ကြမှ… အဘဦးပန်းဆိုင်က သူ့ကို





မြို့ကလာတဲ့ ဆရာဝန်မလေး ဒေါ်ယုယမေကို သွားကြို ဖို့ အမိန့်ချမှတ်၏။ အမှန်ပြောရလျှင် သူ မိန်းမတွေနှင့် မပတ်သက်ချင် ပေ။

သို့သော် အဘခိုင်းတာဆိုတော့ ငြင်းမရ၊ နောက်တစ်ခုက လည်း ဒီလိုနေရာကိုလာရောက်တဲ့ ဆရာဝန်တစ်ယောက်၏ စေတနာ ကို လေးစားရမည်ဟု သူထင်သည်။

"ဒါဟာ မြို့ပေါ်ကတော်ရဲ့လူတွေ မလုပ်နိုင်တဲ့ သတ္တိ တစ်ခု မဟုတ်လား"

ထို့ကြောင့် အဘခိုင်းတာကို ခေါင်းညိတ်ခဲ့သည်။ သို့သော် ဒေါက်တာယုယမေကို တွေ့လိုက်ချိန်မှာတော့ သူမှားသွားပြီဟု သိလိုက်၏။

သူထင်ထားတဲ့ ဒေါက်တာယုယမေကား အသက်ငါး ဆယ်ဝန်းကျင် ပါဝါမျက်မှန်ကြီးတပ်ထားတဲ့ အမျိုးသမီးကြီး တစ်ယောက်ဟု။

သူမဟာ ဒေါက်တာယုယမေမှန်းသိလိုက်ရတော့ သူမျက်နှာ ကြီး အလိုလို မသိမသာတင်းသွားမိ၏။

ဒီလိုချောမောလှပတဲ့ မိန်းကလေးမျိုးတွေနှင့် သူ မပတ် သက်ချင်ပါ။ ထို့ကြောင့် သူမကို တစ်လမ်းလုံး ကောင်းကောင်း မဆက်ဆံခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ယုယမေဟာ ကိုအတွက် ဘုရားသခင်က ပို့ပေးလိုက်တဲ့ လက်ဆောင်ပဲ"

ဟု လူကြီးတွေ ကျေနပ်အားရပြောသံတွေ၊ သူမ၏ ရွာသား များအပေါ်ထားတဲ့စေတနာတွေ ကြားလာရသည်။

"အဘတို့ သိပ်အထင်ကြီးမနေနဲ့၊ သူက အချိန်တန်ရင် အိမ်ပြန်မှာပဲ"

သည်ရွာကို ရောက်လာတာ အကြောင်းတစ်ခုခုကြောင့်ဟု သူထင်၏။ ထို့ကြောင့် ရွာသားတွေအပေါ် စေတနာထားတယ် ဆိုတာ ဟန်ဆောင်တာပဲဖြစ်မည်။

"မင်း ဘယ်လိုပြောလိုက်တာလဲ စပ်ရန်နိုင်၊ သူက ချေ့သည်ဆိုတာ ငါတို့သိတယ်၊ ဒါပေမယ့် ဒီလောက်ဝေးလံတဲ့ ငါတို့ဆီရောက်လာတဲ့ ဆရာဝန်မလေးရဲ့စေတနာဟာ… မနည်း ဘူး၊ သူရောက်ရှိနေတဲ့အချိန်မှာ ငါတို့ရွာသားတွေအပေါ် ဂရုစိုက် တာကိုက ဝမ်းသာကျေနပ်စရာပဲ"

အဘက သူမနှင့်ပတ်သက်ပြီး လုံးဝအထိမခံပေ၊ တကယ် သေချာပြန်တွေးကြည့်တော့ အဘတို့အပိုင်းလဲ ဟုတ်တာပါပဲ။

"အဘတို့ပဲ အဘတို့ဒေါက်တာကို အထင်ကြီး၊ ကျွန်တော်ကတော့ အထင်မကြီးဘူး"

"ဘာကွ… အေးလေ မင်းက ဘယ်အထင်ကြီးပါ့မလဲ၊





အသုံးမကျတဲ့မိန်းမနဲ့ တွေ့လာတာကိုး၊ ပြီးတော့ မင်းကိုယ်တိုင်က ကော ဘာများအသုံးကျလို့လဲ မိဘက မြို့မှာပညာသင်ခိုင်းတယ်… ပညာတတ်တော့ မြို့ကမိန်းမကိုယူဖို့ကြိုးစားတယ်၊ ဟိုက မင်းကို ပစ်သွားလို့… မိန်းမဆိုရင် မင်းက အလိုလို မုန်းနေတာ မဟုတ် လား စပ်ရန်နိုင်"

အနောပေါ်တွတ်ကျဆိုတာ ဒီစကားမျိုးဖြစ်မည်ထင်၏။ အဘစကားတွေ မုန်လွန်းတော့ သူအသည်းနာသွားရသည်။

ဆက်လက်ပြီး အဘနှင့်ပြိုင်၍ မပြောချင်တာမို့ သူ ဦးနေရာ က ထွက်ခဲ့၏။

"မင်းက ဘာများအသုံးကျလို့လဲတဲ့"

အဘမေးခွန်းကို သူ မဖြေနိုင်ခဲ့။ သေချာပြန်တွေးကြည့် တော့လည်း အသည်းကွဲဝေဒနာနှင့်သူ ရပ်ရွာအတွက် ဘာမှ မသေချာသေးပါလား။

ဒေါက်တာယုယမေ…

အမျိုးသမီးတန်မဲ့နှင့် သူတို့ရွာ လူတွေအပေါ် စေတနာ ထားလိုက်တာ။ တွေးရင်း ကိုယ့်ဘာသာ ရှက်ချင်သလိုလိုဖြစ် လာ၏။

ယနေ့လည်း မမျှော်လင့်ပဲ သူမကို ဆည်းဆာချိန်မှာ အလှ ဆုံးအဖြစ် သူတွေ့လိုက်ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ သူမကိုတွေ့တော့ လျစ်လျူမရှုနိုင်ခဲ့ပေ။ သူမအန္တရာယ်ဖြစ်မှာကို သူစိုးရိမ်မိ၏။ ထို့ကြောင့် သူမသွားမည့်လမ်းကို တားဆီးသတိပေးခဲ့သည်။

သို့သော်…

မိန်းမလှလေးတွေဟာ ခေါင်းမာတတ်ကြပါလား၊ သူ့စကားကို သူမ နားမထောင်၊ ရှေ့ဆက်တိုးလေ၏။ နောက်ဆုံး စိတ်မချရတဲ့သူကပဲ သူမနောက်သို့ တိတ်တဆိတ်လိုက်သွားရတာ မဟုတ်လား။

သူစိုးရိမ်တဲ့အတိုင်း သူမကို အန္တရာယ်မှ ထုတ်ယူလိုက်ရသည်။ ကျေးဇူးတင်တဲ့ သူမမျက်လုံးတွေကို သူ မသိချင်ယောင်ဆောင်ခဲ့ပြီးမှ ယခုသူမရှိတဲ့နေရာကို သူဘာကြောင့် လိုက်လာတာပါလိမ့်။



အရှိန်ပြင်းစွာကျရောက်နေသော အဖြူရောင်ရေတံခွန်ကြီး၊ ရေသံတွေက တိတ်ဆိတ်သောတောကြီးထဲမှာ တဝေါဝေါဖြင့် ဆူညံလို့။

ရေတံခွန်ကြီးအောက်မှာ ကျောက်တုံး ကျောက်ဆောင်တို့ဖြင့် လှပကာ… ရေအိုင်တို့က ကြည်စင်နေသည်။

ကြည့်စမ်းပါဦး… ရေတံခွန်ကြီးရဲ့ အနားပတ်လည် တောအုပ်ထဲမှာ ရောင်စုံတောပန်းတို့ ပွင့်လန်းလို့လေ။

လှလိုက်တဲ့ရှုခင်း… သာယာရှုမောလို့ မဆုံးတော့ပြီ။ သည်နေရာသို့ လိုက်ပို့တာက… စဝ်ရန်နိုင်။ ယနေ့တော့ သူမနှင့် နောဖော့တို့ အားလပ်တာမို့ တောထဲကို ပျော်ပွဲစားအဖြစ်… သူဦးဆောင်ကာ ထွက်ခဲ့ခြင်းပါ။

"နောဖော့ရေ… ကြည့်ပါဦးကွယ်၊ ဘယ်လောက်တောင် သာယာလှပတဲ့ ရှုခင်းလဲဆိုတာ… မမဖြင့်… ဒီလိုသာယာတဲ့နေရာလေးကို ပထမဆုံးအကြိမ် ရောက်ဖူးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလည်း တစ်ခါ နှစ်ခါပဲ ရောက်တယ် မမ"

"သြော်..."

သည်ရွာမှာ နေထိုင်သော နောဖော့ပင် အရောက်နည်းသတဲ့။ အင်းလေ အခုန်တော့ ဒီနေရာက... ရွာနဲ့လည်း အနည်းငယ်အလှမ်းကွာဝေးတာကိုး။

"သူကော"

"ဦးလေး၊ တောထဲခဏဝင်သွားတယ်"

သူမတို့ကိုထားခဲ့ပြီး သူထွက်သွားခြင်းဖြစ်၏။ သူပြန်သွားတာလားဟု တွေးမိပေမယ့် သူမတို့ကိုထားကာ ဒီလိုတော့ မလုပ်တန်ရာ။

"မမရေ ကျွန်မ ပန်းလေးတွေခူးလိုက်ဦးမယ်"

"အင်း...မမတော့ ဒီရှုခင်းလေးသာယာလွန်းလို့ ဒီနားကပဲ စောင့်နေမယ် နောဖော့"

"ဟုတ်ကဲ့"

သွက်လက်စွာပင် နောဖော့က ပြေးထွက်သွား၏။ ပြီးတော့ တောပန်းတွေကြားမှာ ပျော်ရွှင်စွာခူးလို့။

"ဟယ်...ငါးလေးတွေ"

သူမက ကြည်လင်သောရေထဲမှ ငါးလေးများ ကူးခတ်နေတာကို... ချစ်စဖွယ်တွေ့လိုက်ရ၏။





ရွှေငါးလေးတွေ...

ကျောက်ခဲကျောက်တုံး၊ ကျောက်ခဲလေးများနှင့်မို့ ရေက ကြည်လင်နေသည်။

သူမက လုံချည်လေးကို တိုတိုဝတ်ကာ ဖြူနုစ်သော ခြေထောက်လေးများဖြင့် ရေထဲဆင်းလိုက်၏။ ထို့နောက်တော့ အရာအားလုံးကိုမေ့ကာ ကလေးတစ်ယောက်လို ရွှေရောင်ငါးလေးတွေကို လိုက်ဖမ်းဆော့ကစားမိသည်။

"ဟော, မိတော့မယ် မိတော့မယ် ကဲ"

ကြည့်စမ်း... ငါးလေးတွေကလည်း လျင်မြန်လိုက်တာ... သူမလက်ထဲရောက်လုနီးမှ... လွတ်သွားရတယ်လို့။

"အဟင်း... ဟင်း"

မင်းတို့ဘယ်လောက်လျင်နိုင်မှာလဲကွယ်...

ပတ်ဝန်းကျင်ကို သူမက သတိမထားမိတော့ပဲ ငါးလေးတွေ သွားရာနောက် အပြေးလိုက်မိရင်း တစ်နေရာအရောက်

"အို"

ကျောက်တုံးလေးပေါ်မှ ချော်ခနဲ ရေထဲသို့ အရှိန်ဖြင့်ကျသွားလေ၏။

"အား...ဂွီ"

အရှိန်ဖြင့် စီးဆင်းလာသောရေနောက်သို့ သူမပါသွားကာ



www.burmeseclassic.com

www.burmeseclassic.com



မထိန်းနိုင်တော့။ ယခုမှ သတိရတာက သူမရေမကူးတတ်တာ။

"ဟာ ဟော့"

တောထဲသွားကာ… စားစရာရှာလာသော စဝ်ရန်နိုင်တစ်ယောက် ရေထဲကိုအရှိန်ဖြင့်မျောသွားသည့်… သူမအားမြင်တော့ သူ့မျက်လုံးတို့ ပြာခနဲဖြစ်သွား၏။

နော်ဖော့ကိုလည်း မတွေ့တော့။

သူ့ဘာမှ စဉ်းစားမနေနိုင်၊ အပေါ်ကုတ်အင်္ကျီကိုချွတ်ကာ ရေထဲသို့ ဝုန်းခနဲဆင်းခဲ့သည်။ ထို့နောက် အမြန်ဆုံးနှုန်းဖြင့် သူမဆီသို့…

"ဒေါက်တာ… ဒေါက်တာ ဘာမှမကြောက်နဲ့၊ ကျွန်တော်လာပြီ"

သူ့အသံကိုကြားလိုက်ပေမယ့် သူမ ဘာမှပြန်မပြောနိုင်တော့ပါ။ မကြာခင် သူရောက်လာကာ ရေထဲမှသူမကို ခဲရာခဲဆစ် ကယ်ဆွဲသွားတော့၏။

"ဟင်…မမ၊ မမ"

ယခုမှ ဘယ်ကပေါ်လာမှန်းမသိသော နော်ဖော့သည် သူမ အတွက် စိုးရိမ်စွာပြေးလာ၏။

"နော်ဖော့ မီး အမြန်မွေးစမ်း"

"ရှင်…ဟုတ်ကဲ့ ဦးလေး"





သူက ရှေးဦးသူနာပြုနည်းနှင့် သူမကိုပြုစုပြီး အေးနေသော သူမကိုယ်လေးနွေးလာစေရန် နော်ဖော့ကို မီးမွေးခိုင်းလိုက်၏။

"အင်း… အင်း"

"ဒေါက်တာ၊ ဒေါက်တာ"

"အို… ကျွန်မ … ကျွန်မ"

ကျယ်ပြန့်သော သူ့ရင်ခွင်ထဲမှ သူမရုန်းထလိုက်သည်။ ကြည့်စမ်း… သူမတစ်ကိုယ်လုံး ရေတွေရွှဲနစ်ကာ အဝတ်အစားများမှာ အပျောသားတွေမို့ ကိုယ်မှာကပ်လို့။

မကြည့်ပါဘူးဆိုပေမယ့် အသားကပ်ရေစိုနေသော အဝတ်များအောက်မှ အလွန်တရာ အချိုးပြေပြစ်သည့် ဖွံ့ထွားသော သူမ ခန္ဓာကိုယ်ကို အရှိအတိုင်း မြင်လိုက်ရတာမို့ သူ မျက်စိဖျတ်ခနဲ လွှဲလိုက်မိ၏။

"ဟိုမှာ မီးမွေးခိုင်းထားတယ်ဒေါက်တာ၊ အချမ်းပြေပြီး ဒေါက်တာ အဝတ်အစားတွေ ခြောက်အောင်လို့လေ"

"ရှင်၊ ဟုတ်… ဟုတ်ကဲ့"

သူ့ရှေ့မှ သူမအမြန်ထွက်ခဲ့လိုက်သည်။ နော်ဖော့က မီး အသင့်ဖိုထား၏။

"မမ၊ မမ ဘာမှမဖြစ်ဘူးနော်၊ ကျွန်မ စိုးရိမ်လိုက်တာ"

တကယ်ပဲ နော်ဖော့မျက်နှာလေးက စိုးရိမ်ဟန်လေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးဝိုင်းလို့။

"မမ ဘာမှမဖြစ်ပါဘူးကွယ်"

သို့သော် သူမခန္ဓာကိုယ်လေး ချမ်းအေးနေတာမို့ မီးကင်လိုက်၏။ မီးအရှိန်ကြောင့် သူမကိုယ်လေး နွေးလာသည်။

သို့သော်…

သူ့ကို အမှတ်ရ၍ ကြည့်လိုက်တော့ အို… ငါးကြီးနှစ်ကောင် ဆွဲလာသည်။ လျှင်လိုက်တဲ့လူ… ဒီငါးတွေ ဘယ်အချိန်က များ ဖမ်းလိုက်တာပါလိမ့်။

"ရော့ နောဖော့၊ ဒီငါးတွေ ကင်ထား၊ ငါ ယုန်ပစ်လာတာ၊ အရေခွာလိုက်ဦးမယ်"

သူမကို တစ်ချက်သာကြည့်ပြီး နောဖော့ကို ငါးတွေပေးကာ သူ ထွက်သွား၏။ ဟင် … သူလည်းရေတွေစိုနေတာ… ယခုထိ မီးဖိုနား မရောက်နိုင်သေးပေ။

- နာရီဝက်လောက်ကြာမှ အတန်ငယ်ဝဖြိုးသော ယုန်ကြီး တစ်ကောင်ယူလာ၏။ ထို့နောက် သူကိုယ်တိုင် ယုန်ကိုကင်သည်။

"ခင်ဗျား… သက်သာသွားပြီလား ဒေါက်တာ"

"ရှင်… ဟုတ်ကဲ့"

ကလေးမဟုတ်ပါပဲ ရေထဲဆင်းဆော့မိတဲ့အဖြစ်ကြောင့် သူမ ရှက်ချင်သလိုလို၊ ဒါကို သူကလည်း သိဟန်ဖြင့် သူမမြင်





အောင် တစ်ချက်ပြုံးမိ၏။

"ရေကကြည်တော့ အပေါ်ယံအမြင်မှာ တိမ်သလိုဖြစ်မှာပဲ၊ ဒါပေမယ့် အောက်ပိုင်းက စောက်နက်တယ်ဗျ ဒေါက်တာကို ရေထဲဆင်းဆော့တယ်လို့ ကျွန်တော် မထင်ဘူး"

"အို…ကျွန်မက ငါးလေးတွေကို"

"ဟွန်း… သိတယ်၊ အဲဒီရွှေငါးလေးတွေကို ဒေါက်တာ လိုက်ဖမ်းတာ မဟုတ်လား"

အမှန်မို့ သူမငြိမ်နေလိုက်၏။ ဖမ်းတာမှန်ပေမယ့် တစ်ကောင်မှ မမိခဲ့ပါ။

"နောဖော့လည်း… ယန်းတွေခူးရင်း တောထဲရောက်သွားတာနဲ့"

အပြစ်မကင်းသလိုမို့ နောဖော့မျက်နှာလေးငယ်စွာပြော၏။ သူက ခေါင်းတညိတ်ညိတ်လုပ်သည်။

"အင်း… မိန်းကလေးတွေ တယ်ခက်တာပဲ၊ လိုချင်တာနဲ့ တွေ့ရင် ကိုယ့်အတွက် အန္တရာယ်တွေ ဘာတွေ သတိမထားမိတော့ဘူး"

"အို… ဒီလိုတော့ မပြောပါနဲ့၊ တကယ်ဆို ရှင်က ရေနက်တယ်ဆိုတဲ့အကြောင်း ကြိုတင်သတိပေးသင့်တာပေါ့"

"ဟောဗျာ"



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းလေးထိုးကာ သူမအပြောကြောင့် ပခုံးတွန့်လိုက်မိ၏။ ရေထဲမှ ကယ်ခဲ့တာကိုပဲ သူမကျေးဇူးတင်ရမှန်းမသိ။

"ဟုတ်ပါတယ် ဦးလေးရယ် နောဖော့ကလဲ ပန်းတွေကလှတာနဲ့"

"ကဲ... ကဲ ခင်ဗျားတို့ ကျုပ်ပဲ အရှုံးပေးပါတယ်၊ ဟောဒီမှာ ငါးကင်နဲ့ ယုန်ကင်စားကြ"

မွှေးပျံ့သော ငါးကင်နဲ့ ယုန်ကင်နံ့ကြောင့် သူမတို့ ဗိုက်တွေ ဆာလာသလိုပါပဲ။ သူမနှင့်နောဖော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

"ဟို... ရှင်ကော"

"အဟွန်း... ကျုပ်လည်း စားမှာပေါ့ဗျာ ဆာနေပြီပဲ"

"ဟုတ်တယ်... နောဖော့လည်း ဆာပြီ၊ မမ... အရင်စား ရော့"

သူမလက်ထဲသို့ ငါးကင်ထည့်ပေး၏။ သူက ယုန်သားကင်များ ဖဲ့ပေးသည်။ သူမတစ်သက် ဒီတစ်ခါစားရတာလောက် ကောင်းတာ မရှိဟုထင်သည်။

"ဦးစဝ်ရန်နိုင်"

"ဗျာ"

"ကျွန်မကို ကယ်တဲ့အတွက် ခုလို ကျွန်မတို့ကို ယုန်ကင်





ငါးကင်တွေနဲ့ ညှော်ခံတဲ့အတွက်... အားလုံး၊ အားလုံး ကျေးဇူးတင်ပါတယ်နော်"

လိုက်လှဲစွာပြောရင်း သူ့ကို တောက်ပသောမျက်ဝန်းလေးများဖြင့် ကြည့်ကာ သူမပြောတော့... သူရင်ခုန်ချင်သွားရသည်။

စဝ်ရန်နိုင်... သတိထား။

ဒေါက်တာယုယမေဟာ မိန်းမလှလေးတစ်ယောက် မင်းစိတ်တွေ... တည်ပါစေ။

သူ့ကိုယ်သူ သတိပေးရင်း ခေါင်းတစ်ချက်ခါယမ်းလိုက်၏။

"မလိုပါဘူးဗျာ"

ဒါပဲပြောပြီး သူထသွားသည်။ သူမနှင့် နောဖော့ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ ပခုံးတွန့်လိုက်မိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"မမရေ ဦးစဝ်ရန်နိုင်တော့ ဖျားနေပြီ"

"ဟင်"

ရေစာခွန်ကပြန်ပြီး သုံးရက်လောက်ကြာတဲ့အထိ သူ့ကို မတွေ့ရပေ။ ပျောက်ချက်သားကောင်းနေသောသူ့ကို သူမစိတ်ထဲ တစ်ခါ တစ်ခါ သတိရမိပေမယ့် ထုံးစံအတိုင်း သူခြံထဲမှာပဲရှိမည်ဟု ထင်ခဲ့၏။

သည်နေ့တော့ နောဖော့ကဆေးခန်းရောက်တာနှင့် သူမကို သတင်းပို့လာခြင်းပါ။

"သနားပါတယ် မမရယ်၊ ဦးစဝ်ရန်နိုင်က ခြံထဲမှာ တစ်ယောက်တည်း"

"အို… ဖျားနေတာ သူ့ဘာကြောင့် ဆေးခန်းမလာတာပါလိမ့်"

"မမကလဲ… ဦးစဝ်ရန်နိုင်က ဆေးခန်းမလာနိုင်လောက်အောင် ဘယ်လောက်များ ဖျားနေမှန်းမသိပဲ"





နောဖော့ပြောမှ သူ့အတွက် စိတ်ပူသွားမိ၏။ သူဟာ သူမကို ရှောင်ဝှက်ယ်ခဲ့တာပဲ။ ထိုစဉ်က… တစ်ချိန်လုံးရေစိုအဝတ်အစားများနှင့် သူရှိနေခဲ့သည်။

"အဘတို့ကော သိလား"

"ဟင့်အင်း… အဘတို့ သိပုံမရဘူး၊ သူကလည်း အသွားအလာကျဲတယ် မဟုတ်လား"

"ကဲ… လာ… နောဖော့၊ သူ့ဆီသွားရအောင်"

သူမက ဆေးအိတ်ထဲပစ္စည်းတွေထည့်လိုက်၏။ နောဖော့က မျက်လုံးလေးပြူးကာ

"ဟို… ဆေးခန်းက"

"ဒီနေ့ လူနာရှင်းတော့ စောစောပိတ်မယ် နောဖော့၊ သူ့ကျေးဇူးက မမအပေါ်မှာ ရှိတယ်ဆိုတော့… သွားရမယ်"

"ကောင်းတယ်မမ မဟုတ်ရင် ဦးစဝ်ရန်နိုင်ကြီးက ဘယ်တော့မှ ဆေးခန်းလာမှာ မဟုတ်ဘူး"

နောဖော့က ဝမ်းသာအားရထောက်ခံပြီး သူမနှင့်အတူ လိုက်လာသည်။ အမှန်တော့ အတန်ငယ်ဝေးကွာသော သူ့ခြံထဲသို့ သူမ ပထမဆုံးအကြိမ် ရောက်ဖူးတာပါ။ ခြံကကျယ်ကာ သီးပင်စားပင်များစုံသည်။ ယာခင်းများက အစီအရီ။ သူမအကြိုက်ဆုံးကား သူ့ခြံရှေ့မှာ ရှိနေသည့် ရောင်စုံပန်းခင်းကြီးပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးစဝ်ရန်နိုင်… ဦးစဝ်ရန်နိုင်"

ခြံကကျယ်ကာ သူနေထိုင်သော သစ်လုံးအိမ်မှာ နောက်နားရောက်နေတာမို့ နောဖော့က အော်ခေါ်သည်။ သို့သော် ထူးသံကို တော်တော်နှင့် ပြန်မကြားရပေ။

"ကဲ… နောဖော့ ခြံတံခါး ဖွင့်ကြည့်ပါဦး"

"ဟင်… ချက်မထိုးထားဘူး မမ"

နောဖော့ကပြောရင်း သစ်လုံးခြံတံခါးကို တွန်းဖွင့်လိုက်သည်။ သူမလည်း လိုက်ဝင်၏။

ယခုချိန်ထိ ခြံထဲမှာ သူ၏အရိပ်အယောင်ကို မတွေ့ရပါ။ သူမတို့ သစ်လုံးအိမ်လေးဆီသို့ လာခဲ့လိုက်ကြသည်။

"အင်း… အင်း"

"ဟင်… ဒါ ညည်းသံပဲ"

"လာ… နောဖော့"

လူနာညည်းသံကြောင့် သူမတို့ အိမ်တံခါးတွန်းဖွင့်ကာ အမြန်ဝင်ခဲ့သည်။

"အို… ဦးစဝ်ရန်နိုင်"

တစ်ယောက်အိပ်ခုတင်ပေါ်ရှိ မွေ့ယာပေါ်တွင် ဗွမ်းစောင်တစ်ထည်ခြုံလျက် ဖျားနေသော ဦးစဝ်ရန်နိုင်။ အပူရှိန်တက်နေတာကြောင့် သူ့နှုတ်ဖျားမှ ညည်းနေခြင်းပါ။





"နောဖော့… ရေနွေးအိုးအမြန်တည်ပါ"

"ဟုတ်ကဲ့ မမ"

နောဖော့ မီးဖိုထဲဝင်သွား၏။ သူမက သူ့ကို အပူရှိန်ကျစေရန် ဆေးတိုက်ဖို့ ပြင်သည်။ သူဒီလောက်ဖျားနေတာ သူမကြောင့်ပဲ။

အအေးပတ်သွားတာကြောင့်ဟု သိရတော့ သူမသက်ပြင်းချမိ၏။

"မမ ရေနွေးရပြီ"

"အေး… အေး၊ မမကို ဆေးတိုက်ဖို့ ကူပါဦး"

ပက်လက်လှန်အိပ်နေသော သူ့ကိုယ်ကြီးကို ဒေါင်းစောင်းဖြစ်အောင် ပြုပြင်ကာ ဆေးတိုက်လိုက်ရ၏။

"ဦးစဝ်ရန်နိုင်… ဦးစဝ်ရန်နိုင်"

သူမခေါ်တော့ သူတအင်းအင်းဖြင့် မျက်လုံးများ ဖြည်းဖြည်းခြင်း ဖွင့်လာ၏။

"ဟင်…ဒေါက်တာ"

သူမကိုတွေ့တော့ သူရုတ်ခနဲထဖို့ ကြိုးစားသည်။

"အို… မထနဲ့ဦးလေ၊ ရှင်သိပ်ဖျားနေတယ်"

သူမက သူ့ပခုံးကို လက်ဖြင့်အသာဖိရင်း တားလိုက်၏။

"ဒေါက်တာ… ဒီကို ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"နောဖော့က… ရှင်ဖျားနေတယ်ပြောလို့ ကျွန်မလိုက်လာ
တာ ဦးစစ်ရန်နိုင်"

သူ့မျက်လုံးများက နောဖော့ထံအကြည့်ရောက်သွားသည်။

"ဦးလေးအသိတစ်ယောက်နဲ့တွေ့လို့ နောဖော့ကို
ပြောပြတာနဲ့… မမကို ပြန်ပြောလိုက်တာပါ"

နောဖော့က အပြစ်ရှိသလိုဟန်ဖြင့် သူ့ကို ရှင်းပြနေ၏။
သူ မျက်ဝန်းတွေ ပြန်မှိန်းသွားကာ

"ကျေးဇူးပဲ နောဖော့"

ဟုဆိုတော့မှ သူမနှင့်နောဖော့ သက်ပြင်းချနိုင်သည်။

"နောဖော့ ဆန်ရှာပြီး ခပ်ပျော့ပျော့လေး ပြုတ်လိုက်ဦး
သူ အဖတ်စားလို့ မရသေးဘူး"

"ဟုတ်ကဲ့ မမ"

သွက်လက်သော နောဖော့က နေရာမှလှည့်ထွက်သွား၏။
နောဖော့ ထွက်သွားမှ သူမလည်း သူ့အိမ်လေးကို ကြည့်မိသည်။
သမင်ဦးချိုများ၊ တန်ဖိုးရှိသော ကျားသားရေတို့အပြင် ယုန်၊ ငှက်တို့
ကိုလည်း ရုပ်လုံးကြွများအဖြစ် တွေ့ရလေ၏။

"ဟင်… ဒါက…"

ညာဘက်ခေါင်းရင်းမှာ ကျွန်းနှင့်ပြုလုပ်ထားသော စာအုပ်
စင်၊ စာအုပ်တိုင်းမှာ အင်္ဂလိပ်လိုရေးထိုးထားသည်။





သူ့အိပ်ပျော်နေတာကြောင့် သူမ စာအုပ်ကို သွားယူကြည့်
တော့…

စစ်ရပ်နိုင်

B.E (Civil) ဟုရေးထိုးထား၏။ ကြည့်စမ်း သူဟာ
အင်ဂျင်နီယာတစ်ယောက်ပါလား။ သည်လောက်ပညာတတ်တဲ့
သူက ဘာဖြစ်လို့ တောထဲမှာ လာမြုပ်နှံနေရတာပါလိမ့်။

ထို့စဉ် …

"ဖျတ်"ခနဲ စာအုပ်ထဲမှာ ကဒ်ပြားလေးတစ်ခုကျသွား
တာကြောင့် ကြည့်လိုက်တော့

"အို"

ဆံပင်တိုတိုနှင့် ခေတ်မီချောမောလှပသော မိန်းကလေး
တစ်ယောက်၏ဓာတ်ပုံဖြစ်နေသည်။

ဒါ… သူချစ်သူလားဟု သူမတွေးရင်း ဓာတ်ပုံနောက်သို့
ကြည့်လိုက်၏။

မောင့်အတွက်…

သီဂီတဲ့။

သေချာသွားပြီ… ဓါတ်ပုံထဲကမိန်းကလေးဟာ သီဂီပဲ။
မျက်ခုံးမွေးသေးသေး၊ နှုတ်ခမ်းပါးပါးနှင့်သီဂီသည် ညို့မျက်ဝန်းများ
ဖြင့် သူမကိုကြည့်နေသယောင်။



www.burmeseclassic.com

www.burmeseclassic.com



အင်း… သူဟာ… ဒီမိန်းမကြောင့် တောတောင်ထဲမှာ လာပုန်းနေသလား။ သီဂီဟာဘယ်လိုမိန်းကလေးမျိုးလဲ၊ အမှန်ဆို သူဟာ ယောကျ်ားကောင်းပီသစွာ ချောမောခန့်ငြားတဲ့လူ တစ်ယောက်ပါ။

"သီဂီဟာ လှသလောက် ခေတ်ဆန်တဲ့မိန်းကလေး တစ်ယောက်ပါ ဒေါက်တာ"

"ရှင် … အို"

ကြည့်စမ်း… သူ့အိပ်ရာမှန်းကာ သူမကို ကြည့်လိုက်လား။ ပိုင်ရှင်မသိပဲ သူ့ပစ္စည်းကိုင်သလိုဖြစ်သွားတာကြောင့် သူမ ရှက်သလိုဖြစ်သွား၏။

"ဟို …ကျွန်မ ဒီစာအုပ်တွေမြင်တာနဲ့"

"ကျွန်တော် နားလည်ပါတယ် ဒေါက်တာ၊ ကျွန်တော်လို လူတစ်ယောက် ဘာကြောင့် ဒီလိုနေရာ ရောက်နေတယ်ဆိုတာ… ဒေါက်တာသိချင်မှာပါပဲ"

စောစောက ဆေးထိုးလိုက်တာကြောင့် ယခုတော့ သူ အတော်သက်သာသွားဟန်။

"ရှင် အဖျားကျသွားပြီ"

"ဟုတ်တယ် ဒေါက်တာ ကျေးဇူးပါပဲ"

"အို… မဟုတ်တာ၊ တကယ်တော့ ဦးစဝ်ရန်နိုင် ဒီလို





ဖျားရတာ ကျွန်မကြောင့်ပါပဲရှင်"

သူမ စိတ်မကောင်းစွာပြောတော့ သူခေါင်းခါယမ်းသည်။

"အဲဒီလို မယူဆပါနဲ့ အကြောင်းတိုက်ဆိုင်လို့ ဖြစ်သွားတာပါ ဒေါက်တာ…"

"ဘာပဲဖြစ်ဖြစ်…ရှင် ကျွန်မကို ရေထဲက ကယ်ခဲ့တယ် မဟုတ်လား၊ အဲဒီနေ့ကတည်းက ရှင့်အတွက် ကျွန်မ စိတ်ပူမိပါတယ်"

"ကျွန်တော်လည်း ကိုယ့်ကိုကိုယ် သတိမထားလိုက်မိလို့ပ. ဒေါက်တာ"

ထိုစဉ် နော်ဖော့ ဆန်ပြုတ်ပန်းကန်လုံးနှင့်ရောက်လာ၏။ သူမက သူ့ကို စားပွဲခုံလေးပြင်ပေးလိုက်သည်။

"အဖတ်တော့ စားလို့မရသေးဘူး၊ ဒီဆန်ပြုတ်လေးကို နည်းနည်းခြင်း သောက်ပါဦး ဦးစဝ်ရန်နိုင်"

"ဟုတ်ကဲ့"

ယခုတော့ သူက ကလေးတစ်ယောက်လို စကားနား ထောင်ကာ ဆန်ပြုတ်ကို တစ်ဇွန်းချင်းသောက်နေ၏။ လူတွေဟာ ကျန်းမာတဲ့အချိန်မှာ ကိုယ့်အားကိုယ်ကိုးကာ မာနထားနိုင်ပေမယ့် ယခုလို ဖျားနာတဲ့အခါမှာတော့ တစ်ပါးသူ၏ အကူအညီကို ရယူဖို့ လိုအပ်တယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"နောဖော့ ဦးစဝ်ရန်နိုင်ရဲ့ အဝတ်အစားတွေကိုပါ တစ်ခါတည်း ရှင်းပေးလိုက်ပါကွယ်"

"ဟာ ... နေပါစေ ဒေါက်တာ"

သူက အားနာဟန်ဖြင့် တား၏။ သို့သော် သူမခိုင်းတာနှင့် သွက်လက်သောနောဖော့က လုပ်ပြီးသားဖြစ်၏။

တစ်ယောက်တည်းနေတာမို့ သူဖျားတော့ အိမ်ကိုဘာမှ မရှင်းနိုင်၊ ကြိုးတန်းလန်းမှာ အဝတ်အစားတွေ တန်းလန်းနှင့်ဖြစ်နေ၏။

"မမ ကျွန်မချောင်းထဲသွားပြီး ဒီအဝတ်တွေ လျှော်လိုက်ဦးမယ်"

"အေး ... အေး"

သည်နေ့ကို သူ့အတွက်တမင်ပေးလိုက်၏။ သူမနှင့် နောဖော့ကြား သူဘာမှ ဝင်မပြောတော့ပေ။

"ဆေးသောက်ပြီး တစ်ရေးပြန်အိပ်လိုက်ပါ"

"ဟုတ်ကဲ့"

အစားဝင်သွားတာမို့ သူ့ကိုဆေးတိုက်ပြီး ပြန်သိပ်လိုက်သည်။ သူအိပ်ပျော်သွားတာနှင့် သူမကိုယ်တိုင် သူ့အခန်းကို ရှင်းလင်းပေးလိုက်၏။



"သီဂီကခေတ်မီတယ်၊ အသိုက်အဝန်းက ချမ်းသာတယ်လေ၊ ကျွန်တော်က တောသား... အားကစားနဲ့ပညာမှာတော်တယ်...

ဒီတော့ သီဂီက ကျွန်တော်ကို သဘောကျလာတယ် ဒေါက်တာ"

နေခြည်နုနုက တောင်ပြာတန်းများကြားမှ နွေးထွေးစွာ ဖြာကျနေ၏။ သူမ၏ ဂရုတစိုက်ကုသမှုကြောင့်သူသည် နှစ်ရက်သုံးရက်အတွင်း သိသာစွာ နေကောင်းလာသည်။

သည်နေ့တော့ သူနှင့်အတူ ခြံထဲဆင်းလျှောက်ရင်း သူမကို အတိတ်ကအကြောင်းတွေ ပြောပြနေခြင်းပါ။

"လူခိုးကျွန်တော်က သီဂီ မိတ်ဆက်လာတော့ အတော်အံ့သြဝမ်းသာသွားတယ်၊ သီဂီဆိုတာ... ကျွန်တော်တို့ကျောင်းသားတွေကြားမှာ ရေပန်းစားနေတဲ့ အလှဘုရင်မလေး တစ်ယောက်လေ"

သူမက သူပြောသမျှ ငြိမ်သက်စွာနားထောင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူက တောင်ပြာတန်းများကို ငေးကြည့်ရင်း တစ်လုံးချင်း ပြောသည်။

"နောက်တော့ ကျွန်တော်သွားလေရာ သီဂီဟာ အရိပ်လေးတစ်ခုလို ပါလာတယ်၊ ကျွန်တော့်အတွက် အားလုံးအဆင်သင့်ဖြစ်အောင် သီဂီ ဖန်တီးပေးတယ်၊ သီဂီဂရုစိုက်မှုက ကျွန်တော့်ကို တခြားလူတွေမနောလိုဖြစ်လောက်အောင်ပါပဲ...

နောက်ဆုံး ကျွန်တော်တို့ ချစ်သွားကြတယ် ဒေါက်တာ၊ အမှန်ပြောရရင် သီဂီရဲ့ဂရုစိုက်လွန်မှုတွေကြောင့် ကျွန်တော့်နှလုံးသားတွေ လှုပ်ရှားသွားတာဖြစ်မှာပါ"

သူ့အတိတ်ကိုနားထောင်ရင်း မောင်နှင့်သူမအဖြစ်လိုပါလား ဟု သတိရကာ ရင်ထဲနာကျင်ချင်မိ၏။

သူမတုန်းကတော့ မောင်က ဖွတ်အတင်းလေ၊ အလွှာချင်းမတူလို့ချစ်ရမှာကြောက်တဲ့သူမကို ပြင်းထန်သောချဲ့နှင့် ရအောင်ယူခဲ့သည်။

"ကျွန်တော်တို့ ချစ်သူဘဝမှာ ရယ်စရာကောင်းတာက... သီဂီက ဟိုသွားချင်၊ ဒီသွားချင်ဖြစ်သလောက် ကျွန်တော့်ကတော့ တစ်နေရာမှာပဲ အေးအေးဆေးဆေးနေချင်တယ်...

အထူးသဖြင့် သီဂီရဲ့ အသိုက်အဝန်း၊ ဂုဏ်ပကာသနကို မက်တဲ့ သီဂီအသိုက်အဝန်းကို ကျွန်တော်ရှောင်တယ်၊ သူတို့ဟာလူ တစ်ယောက်ကို တန်ဖိုးဖြတ်တာ... ဂုဏ်ပကာသနနဲ့လေ"





ကြည့်စမ်း... မောင်ရဲ့မာမီကို သတိရလိုက်သည်။ သူမလည်း ဒီလိုပဲ တန်ဖိုးဖြတ်ခံရတာမဟုတ်လား။

ဘာကြောင့်များ ဦးစဝ်ရန်နိုင်နဲ့ သူမဟာ အဖြစ်ချင်းလာတူနေပါလိမ့်။

"နောက်ဆုံးတော့ ဘယ်လိုပဲရှောင်ပါစေ သူ့မိဘတွေနဲ့ကျွန်တော် တွေ့ရတာပါပဲ ဒေါက်တာ၊ လူချမ်းသာတွေရဲ့ထုံးစံအတိုင်း သူတို့သမီးနဲ့ ကျွန်တော့်ကို သဘောမတူပါဘူး၊ ဒါပေမယ့် သီဂီက ကျွန်တော့်ဘက်မှာ ရပ်တည်တယ်"

"ဪ"

သည်လိုဆိုတော့ သီဂီဆိုတဲ့မိန်းကလေးဟာ သဘောမဆိုးပါလား၊ သူ့ကို တကယ်ချစ်တာပါလားဟု သူမတွေးမိနိုက် သူစကားဆက်၏။

"သီဂီက ကျွန်တော့်ကိုပဲ လက်ထပ်မယ်ပေါ့၊ အဲဒီအတွက် ကျွန်တော်လိုက်လျောရမှာက... သီဂီနဲ့အတူ ကျွန်တော်နိုင်ငံခြားကို အပြီးထွက်ရမယ်တဲ့"

"ဟင်"

ထိုစကားကြောင့် သူမအံ့သြတုန်လှုပ်သွားရသည်။ ဘာကြောင့်များ ဒီလောက်တိုက်ဆိုင်နေတာလဲ။ မောင်နဲ့သူမလည်း ဒီလိုဖြစ်ခဲ့တာပဲ။

"ဒီ... ဒီတော့ ဦးစဝ်ရန်နိုင်ရဲ့ ဆုံးဖြတ်ချက်က"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း… ကျွန်တော်ငြင်းလိုက်တယ်… ကျွန်တော်နဲ့ အကျွင့်စရိုက်မတူတဲ့ အသိုက်အဝန်းနောက်ကို အပြီးလိုက်ဖို့ဆိုတာ မလွယ်ဘူးလေ…

ကျွန်တော်ကို ချစ်ရင် သီဂီနေခဲ့ရမယ်လို့ အငြင်းအခုံဖြစ်ကြတယ်လေ၊ ဒီတစ်ခါတော့ သီဂီကလဲ မလျှော့ဘူး၊ ကျွန်တော်ကလည်း မလျှော့ဘူး၊ နောက်ဆုံးရလဒ်ကတော့ သီဂီဟာ သူ့မိဘ သဘောတူတဲ့ လူနဲ့လက်ထပ်ပြီး နိုင်ငံခြားထွက်သွားတာပဲ"

"အို"

သူမ ထိုတစ်ခွန်းသာ ရွတ်နိုင်လျက် ခေါင်းငိုက်စိုက်ကျသွားရ၏။ ဦးစဝ်ရန်နိုင်နှင့်သူမဟာ တကယ်ကို ဘဝတူတွေပါလား။

စိတ်ထဲမှာ မောင်ကို ပြင်းပြင်းထန်ထန် သတိရနာကျင်လာသည်။

"သီဂီထွက်သွားပြီးနောက်ပိုင်း ကျွန်တော်လည်း… လောကကြီးကို တော်တော်စိတ်ကုန်ပြီး ဒီမှာတစ်ယောက်တည်း အေးအေးဆေးဆေးလာနေခဲ့တာ…"

"ရှင့်ရင်ထဲမှာ တကယ်ပဲ အေးချမ်းခဲ့ရဲ့လား ဦးစဝ်ရန်နိုင်"

သူ့မျက်နှာကို ရိဝေစွာကြည့်ပြီး သူမတစ်ခွန်းချင်း မေးလိုက်၏။

သူသက်ပြင်းချသည်။





"အမှန်ပြောရရင် အစပိုင်းအချိန်တွေမှာ ကျွန်တော် အတော်ခံစားရပါတယ်… စိတ်ထဲမှာလည်း မိန်းမတွေကို နာကြည်းခဲ့တယ်"

"သြော်… ဒါကြောင့် ကျွန်မနဲ့စတွေ့တော့ ဦးစဝ်ရန်နိုင် မျက်နှာမကောင်းတာကိုး"

သူမကိုလာကြိုစဉ် သူ့မျက်နှာပျက်သွားတာကို သတိရလျက် ပြောမိ၏။ သူက အားနာတောင်းပန်ဟန်ဖြင့်ကြည့်သည်။

"ဆောရီးပဲ …ဒေါက်တာ ကျွန်တော်ဟာ သီဂီနဲ့ပတ်သက်ပြီး မိန်းမလှလေးတွေမြင်ရင် ကြောက်တတ်နေတယ်"

"ဒါပေမယ့်…မိန်းမတိုင်းဟာ ရှင်ထင်သလို မဟုတ်ပါဘူး၊ ဦးစဝ်ရန်နိုင်"

အခွင့်ရခိုက် သူမဟာသူစိတ်ထဲစွဲနေတာကို ဖျောက်ဖျက်ဖို့ကြိုးစား၏။ ယခုတော့ သူသဘောပေါက်လွယ်စွာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ဒေါက်တာ၊ ခုလိုဒေါက်တာနဲ့ အနီးကပ်ဆက်ဆံလိုက်မှ ကျွန်တော် အယူအဆတွေဟာ အတော်မှားယွင်းခဲ့ပါလားလို့ သိလိုက်ရပါတယ်"

"ကျွန်မလည်း အတူတူပါပဲ ဦးစဝ်ရန်နိုင်"

"ဗျာ"

သူအံ့သြသလိုကြည့်တော့ သူမခပ်မဲ့မဲ့လေး ပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်တိုက်ဆိုင်တာပဲ ဦးစဝ်ရန်နိုင်၊ ကျွန်မဟာလည်း ဂုဏ်ပကာသနမက်မောတဲ့ အသိုင်းအဝိုင်းထဲက ယောကျာ်း တစ်ယောက်ကြောင့် ရင်မှာဒဏ်ရာရထားသူပါ"

"ဟင် ...ဒါဆို"

"ဟုတ်တယ်...ကျွန်မချစ်သူက ကျွန်မကိုထားပြီး နိုင်ငံခြားထွက်သွားတယ် ဦးစဝ်ရန်နိုင်"

"သြော်...ဒေါက်တာရယ်"

သည်လောက်တိုက်ဆိုင်တဲ့အဖြစ်ကြောင့်သူလည်း အံ့သြ နေပုံပါ။ သူ့မျက်ဝန်းတွေက သူမအတွက် စိတ်မကောင်းဟန်။

"ဘာလဲဟင်...ရှင်က ကျွန်မအတွက် စိတ်မကောင်း ဖြစ်နေသလား ဦးစဝ်ရန်နိုင်"

"မှန်တာပြောရရင် ဒေါက်တာဟာ...ဒီကို ရောက်လာ တာ အကြောင်းတစ်ခုခုနဲ့ထင်ပေမယ့် ကျွန်တော်နဲ့ အဖြစ်ခြင်း ဒီလောက်တိုက်ဆိုင်မယ် မထင်ဘူး"

"အဟင်း ... လူ့ဘဝဆိုတာကလည်း အံ့သြစရာကောင်း တယ်လေ ဦးစဝ်ရန်နိုင်၊ တူတာရှတယ်ဆိုတာ...ကျွန်မတို့ ဦးစဝ် ရန်နိုင်တို့ကို ပြောတာထင်ပါရဲ့"

ကြေကွဲသော မျက်ဝန်းများကြားမှ သူမပြုံးတာ...သူ့ အတွက် ကရုဏာဖြစ်ထွန်းသွားစေ၏။ သူခေါင်းခါယမ်းသည်။

"ဒေါက်တာလို ချောမောလှပပြီး သဘောပြည့်တဲ့ မိန်း





ကလေးမျိုးကို ထားတဲ့လူဟာ အတော်အံ့သြစရာကောင်းတယ်ဗျာ"

"အဟင်း...ဟင်း ဒါဆို...ဦးစဝ်ရန်နိုင်လို လူတစ် ယောက်ကို ပစ်သွားတဲ့သီဂီဟာလည်း အံ့သြစရာဖြစ်နေမှာပေါ့ရှင်"

"အေးဗျာ"

သူ့မမျက်နှာပျက်လျက် ခေါင်းညိတ်၏။ သူမအနီးကပ် ဆက်ဆံကြည့်မှ သူကစိတ်သဘောထားကောင်းမွန်ကာ ယောကျာ်း ပီသတဲ့လူတစ်ယောက်အဖြစ် သိရသည်။

"ဘာပဲဖြစ်ဖြစ် ဒေါက်တာအတွက် ကျွန်တော် စိတ်မ ကောင်းပါဘူး"

"ဘယ်တတ်နိုင်မလဲ ဦးစဝ်ရန်နိုင်၊ ဒါဟာကျွန်မဘဝရဲ့ ကံပဲပေါ့"

သူမကတရားလေးနှင့်ဖြေ၏။ ထိုကြောင့် သူပို၍လေးစား သွားရသည်။

"သူ့ ကျွန်မကို ပစ်သွားပေမယ့် ကျွန်မရည်မှန်းချက် အတိုင်း ဆက်လုပ်ခဲ့တယ်လေ၊ ဒီကိုရောက်လာတာ ကျွန်မရည်ရွယ် ချက်ကြောင့်ပါ၊ သူ့ကြောင့်စိတ်လေပြီး ရောက်လာတာ မဟုတ်ပါ ဘူး ဦးစဝ်ရန်နိုင်"

မျက်နှာလေးတည်ကြည်စွာဖြင့် သူမပြောစကားကို သူငြိမ် သက်စွာ နားထောင်၏။

"ကျွန်မတို့ ပညာတွေသင်ခဲ့တာ လူတစ်ဦးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အတွက် မဟုတ်ဘူးလေ၊ အများပြည်သူအတွက်မဟုတ်လား၊ ဒီတော့ ကျွန်မတို့ပညာတွေကို တစ်ဦးတစ်ယောက်ကြောင့် အဆုံးအရှုံးမခံနိုင်ဘူး''

ပြောရင်းသူ့ကို အကဲခတ်သည်။ သူမမျက်ဝန်းတွေရှလေး နက်တည်ငြိမ်နေ၏။ သူမဆက်ပြောသည်။

''ဦးစဝ်ရန်နိုင်ဟာ အရည်အချင်းရှိတဲ့ လူတစ်ယောက်ပါ၊ ဒီလို လူတော်တစ်ယောက်ဟာ…ပညာတွေကို အလကားလွှင့်ပစ်သလို ဖြစ်နေတာ နှမြောစရာပါ''

သူဟာ သူမ့ကို ဖြည်းညင်းစွာ လှည့်ကြည့်၏။ သူမနှင့် မျက်ဝန်းချင်းဆုံသည်။ တော်တော်နှင့် အကြည့်မလွှဲနိုင်ကြပေ။

''ကျွန်တော် ဘာလုပ်ရမလဲဆိုတာ စဉ်းစားပါ့မယ် ဒေါက်တာ''

ထိုစကားကြောင့် သူမမျက်လုံးလေး လင်းလက်သွားကာ လှပသော အပြုံးလေးဖြင့် ခေါင်းညိတ်လိုက်မိတော့၏။



ဒေါက်တာယုယမေကြောင့် သူ့ဘဝသည် အပြောင်းအလဲ စတင်ခဲ့ပြီ။ သူမနှင့်တွေ့ပြီးနောက်ပိုင်း သူတစ်ညလုံးစဉ်းစား၏။

တကယ့်ကို တိုက်ဆိုင်တဲ့အဖြစ်တွေနဲ့ လာတွေ့နေရသည့် သူနှင့်မေ…။ စိတ်သဘောထားကောင်းမွန်သလို ချောမောလှပသည့် ရုပ်ရည်လေးဖြင့် စေတနာပြည့်ဝသော ဒေါက်တာမလေး။

ဒေါက်တာရယ်… ခင်ဗျားလို မိန်းကလေးတစ်ယောက်ကို ရက်ရက်စက်စက် ပစ်သွားတဲ့လူဟာ…ဘယ်လိုလူစားပါလဲ။

ဒေါက်တာလို တန်ဖိုးရှိတဲ့ မိန်းမတစ်ယောက်ကို လက်လွှတ်လိုက်တဲ့အတွက် သူတစ်နေ့ သေချာပေါက် နောင်တရမှာပါ။

ညက ဒေါက်တာယုယမေ၏ အကြောင်းများ၊ သူ့အကြောင်းများ စဉ်းစားရင်း မိုးလင်းကာနီးမှ အိပ်ပျော်ခဲ့ရသည်။

သည်မနက် အိပ်ရာနိုးတော့ နေမင်းကြီး၏ အလင်းရောင်ကိုပင် ကောင်းစွာမြင်ရပြီ။ ဆန်းကြယ်စွာပင် ဒီမနက်အိပ်ရာထချိန်မှာ သူ့စိတ်တို့အထူးလန်းဆန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှနိုးတာနှင့် သူပထမဆုံး သတိရတာက ဒေါက်တာယုယမေ။ နေမင်း၏ အလင်းရောင်သူ့အခန်းတွင်းသို့ လင်းထိန်စွာဝင်ရောက်နေပြီမို့ အိပ်ရာမှဝုန်းခနဲထလိုက်၏။

ထို့နောက် ရေချိုး၊ အဝတ်အစားလဲကာ ခြံထဲမှ အလှဆုံးသစ်ခွတွေခူးပြီး သူ၏အဖော် အစိမ်းရောင်ဂျစ်ကားလေးဖြင့် ရွာထဲထွက်ခဲ့သည်။

တစ်ချက်တစ်ချက် ကားမှန်ထဲမှ တစ်ဆင့်မြင်နေရသောသူ့ရုပ်ကို ကြည့်ပြီးပြုံးချင်သလိုလို။

သူမသာမြင်ရင် ပြုံးမည်လား။ အမြဲတမ်းမရိတ်ဘဲထားသော မုတ်ဆိတ်, ပါးမြိုင်မွေးများကို ယခုအခါ သေသပ်ရှင်းလင်းစွာရိတ်ထားတာကြောင့် ထိုနေရာများ စိမ်းဖန့်နေ၏။

ဟော…ဟိုမှာ ဒေါက်တာ။ နောဖော့မပါဘဲ တစ်ယောက်တည်း ခြင်းလေးဆွဲကာ အပြာရောင်ဆွယ်တာထူထူလေးဖြင့် ဒေါက်တာယုယမေကို တွေ့လိုက်ရတော့ သူ့ရင်ထဲလှုပ်ခနဲ။

"ဒေါက်တာ"

"အို"

ကားကို သူမဘေးနားရပ်ရင်းသူခေါ်လိုက်၏။ ရုတ်တရက် သူ့ကို မမှတ်မိဟန်။

သူပြုံးလိုက်ကာ…

"ကျွန်တော်ပါ ဒေါက်တာ"





"ဟင်… ဦးစဝ်ရန်နိုင်"

သူမ အံ့သြစွာဖြင့် သူကိုသေချာကြည့်မိ၏။ ကြည့်စမ်း နှုတ်ခမ်းမွှေးမရှိ၊ မုတ်ဆိတ် ပါးမြိုင်းမွေးတွေ ရှင်းလင်းလျက် သေသပ်သော အဝတ်အစားတို့ဖြင့် ခန့်တည်နေသည့် ဦးစဝ်ရန်နိုင်။

သူကားပေါ်မှ ပြုံး၍ဆင်းလာ၏။ သူ့လက်ထဲမှာ လှပသော ပန်းတွေ။

"ကျွန်တော့ လက်ဆောင်ပါ ဒေါက်တာ"

"အို… လှလိုက်တဲ့ပန်းတွေ, ကျေးဇူးပါပဲ ဦးစဝ်ရန်နိုင်"

မိန်းကလေးသဘာဝ ပန်းကိုမြင်တော့ သဘောကျတာမဆန်း။ အထူးသဖြင့် သူယူလာသော သစ်ခွပန်းတို့က ပို၍ရှားပါးသည်မဟုတ်လား။

"ဒေါက်တာ ဆေးခန်းသွားမှာ မဟုတ်လား"

"ဟုတ်တယ် ဦးစဝ်ရန်နိုင်၊ ဒီနေ့ နောဖော့မလာဘူးလေ၊ ဒါကြောင့် ကျွန်မတစ်ယောက်တည်း"

"ဒါဆို ကျွန်တော် လိုက်ပို့ပါရစေ ဒေါက်တာ"

သူကခွင့်တောင်းလာကော့ သူမ မငြင်းပါ။ ကားရှေ့ခန်းမှာ တက်လိုက်၏။ သူကျေနပ်စွာပြုံးလျက် ကားမောင်းထွက်ခဲ့သည်။

"ဆေးခန်းဖွင့်ဖို့ စောပါသေးတယ် ဒေါက်တာ၊ ကျွန်တော်နဲ့ စကားနည်းနည်းပြောကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပုံစံပြောင်းလဲနေပြီဖြစ်သောသူကို သူမယုံကြည်လိုက်ပါသည်။ သူ့ရဲ့ပုံစံပြောင်းသလို သူ့ရဲ့စိတ်ထားတွေပြောင်းဖို့ အဓိကလေ။

"ရပါတယ် ဦးစဝ်ရန်နိုင်"

"ဒါဆို… ကျွန်တော် ရှာထိပ်က ယန်းခင်းဆီသွားတာပေါ့"

သူကားလေးကို မနှေးမမြန်မောင်းလျက် ရှာထိပ်တွက်ခဲ့၏။ ချောင်းလေးဘေးမှာ ရှုမောမဆုံး ယန်းခင်းကြီးလေ။

"အို … လှလိုက်တာ"

"အဘာလယ်မှာ ကျွန်တော်စိုက်ထားတာလေ၊ ယန်းသည်တွေ ကျွန်တော်ဆီက ဖောက်သည်ယူကြတယ်"

"ဩော်"

ယခုလိုကြတော့လည်း သူကရောက်တဲ့နေရာမှာ တန်ဖိုးရှိအောင် နေတတ်ပါလားဟု တွေးမိကာ အထင်ကြီးရ၏။

"ယန်းစိုက်တာ တောပစ်တာတွေဟာ… ကျွန်တော့်ပညာနဲ့ တခြားစီဖြစ်နေတယ်လို့ ဒေါက်တာထင်မှာပဲနော်"

သူမငြိမ်နေလိုက်၏။ တခြားစီပေမယ့် ဒီအရာတွေအားလုံးကလည်း သူ့ရဲ့ အလုပ်၊ လုပ်တဲ့စိတ်ဓာတ်ကို ဖော်ပြတာပဲလေ။

"အဟွန်း… တကယ်တော့ ကျွန်တော်လက်တွေက





အလုပ်နဲ့ ပြတ်လို့ မဖြစ်ပါဘူး ဒေါက်တာ၊ ဒီလက်တွေက အမြဲတစ်ခုခုကို လုပ်နေရမှလေ… ဒီလိုပဲ ကျွန်တော်ဦးနှောက်ကလည်း"

"ဦးစဝ်ရန်နိုင်အတွက် အမြဲတမ်းပညာတွေ ထက်မြက်နေမှာပါလေ"

သူမဝင်ပြောလိုက်၏။ သူက သူမကိုငေးကြည့်သည်။ ထို့နောက် ခေါင်းအသာညိတ်၏။

"ကျွန်တော် စာတွေအမြဲပြန်ဖတ်တယ် ဒေါက်တာ၊ ခြံထဲက သစ်လုံးအိမ်ကိုလည်း ကျွန်တော် စိတ်ကြိုက်ဆောက်ခဲ့တာပဲ"

"ဒါကြောင့် ပုံစံက သဘာဝကျပြီး သိပ်လှနေတာကိုး၊ ဦးစဝ်ရန်နိုင်ရဲ့ စိတ်ကူးအတွေးတွေက သိပ်ကောင်းတာပဲ၊ အဲဒီပညာတွေကို အများရဲ့အကျိုးအတွက် အသုံးချလိုက်ရင် ဘယ်လောက်ကောင်းမလဲရှင်"

ချိုအေးသော သူမအသံလေးက သူ့နားထဲ ရေစီးသံလို။ လှပသော သူမမျက်နှာလေးဟာ လန်းဆန်းသော ပန်းတွေနဲ့အပြိုင်။

"ကျွန်တော်ဆုံးဖြတ်ချက် ချလိုက်ပါပြီ၊ ဒေါက်တာလို မိန်းကလေးတစ်ယောက်တောင် အချစ်ကြောင့် စိတ်မလေး သွင်း၊ အများကောင်းကျိုးလုပ်နိုင်ခဲ့သေးတာ ကျွန်တော်ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နိုင် ရမှာလဲလို့"

"အို …ဟုတ်တာပေါ့ရှင်၊ ဦးစဝ်ရန်နိုင်ဟာ စိတ်ဓာတ်နိုင်မာတဲ့ ယောကျ်ားဆိုတာ ကျွန်မသိပါတယ်"

သူ၏ဆုံးဖြတ်ချက်ကို မပြောင်းလဲရန်အတွက် သူမ တက်ကြွစွာ ထောက်ခံလိုက်၏။

"ကျွန်တော်ကို သိပ်လည်း အထင်မကြီးပါနဲ့ ဒေါက်တာ၊ ဒီဆုံးဖြတ်ချက်ဟာ ဒေါက်တာကြောင့် ကျွန်တော် ပြောင်းလဲသွားတာပါ"

"ဘာပဲဖြစ်ဖြစ် ဦးစဝ်ရန်နိုင်ရဲ့ ကောင်းတဲ့စိတ်ဓာတ်ကို ကျွန်မကြိုဆိုပါတယ်ရှင်"

အပြုံးလေးဖြင့် သူမပြောတော့ သူဖျတ်ခနဲ တစ်ချက် စိုက်ကြည့်၏။

"ဒေါက်တာ ဒီမှာနေရတာပျော်ရဲ့လား"

"ရှင်"

ရုတ်တရက်သူ့အမေးကြောင့် သူမ အံ့သြသွားရသည်။

"ဒေါက်တာအနေနဲ့ လူကဒီမှာနေရပေမယ့် စိတ်ကတော့ တစ်စုံတစ်ယောက်ကို အမြဲသတိရနေမှာပေါ့နော်"

"အို… အဲဒါက…"

"ကျွန်တော် ကိုယ်ချင်းစာပါတယ်၊ အထူးသဖြင့်





ဒေါက်တာက မိန်းမသားဆိုတော့ ပိုခံစားရမယ်ဆိုတာ"

သူမသက်ပြင်းလေးချလိုက်မိသည်။ မောင်နဲ့ခွဲစက သူမ ရင်ထဲ လွမ်းစိတ်တွေပြည့်နှက်နေသလို တစ်ဖက်ကလည်း နာကျင်စိတ်တွေနဲ့လေ။

သူခေါ်ရာမလိုက်တဲ့ သူမကို မောင်ရက်စက်စွာထားသွားတာ မဟုတ်လား။

ဘယ်မှာလဲ သူမအပေါ်ထားတဲ့ မောင်ရဲ့အချစ်ဆိုတာ… အလွမ်းကို အနာနှင့်ဖြေခဲ့သည်။ ယခုတော့ နယ်မြေသစ်မှာ အလုပ်ကိုကြိုးစားရင်း တိုက်ဆိုင်တဲ့အခါမှသာ မောင့်ကိုတစ်ခါတစ်ရံ သတိရမိ၏။

"ကျွန်တော် ပြောလိုက်လို့ ဒေါက်တာ စိတ်မကောင်းဖြစ်သွားပြီလားဗျာ"

ငြိမ်သက်နေသော သူမကိုကြည့်ပြီး သူမေးသည်။ သူမ ခေါင်းအသာခါယမ်းလိုက်၏။

"ဟင့်အင်း… ကျွန်မစိတ်မထိခိုက်ပါဘူး ဦးစဝ်ရန်နိုင်၊ အတိတ်ဟာပြီးခဲ့ပါပြီ လူ့သဘာဝအရ သူ့ကို တစ်ခါတစ်ရံ သတိရတတ်ပေမယ့်…ကျွန်မရဲ့ လူနာတွေလောက် အာရုံမရောက်မိတော့တာ အမှန်ပါပဲ၊ ဒါကြောင့် ကျွန်မ ဒီမှာ နေလို့ရတာပေါ့ရှင်"

အမှန်စကားကို သူမပြောတော့ သူလေးစားအထင်ကြီးသွား



www.burmeseclassic.com

www.burmeseclassic.com



ရ၏။

"ကျွန်တော်ကိုကော ဒေါက်တာ ဘယ်လိုမြင်လဲဟင်"

သူမ ပြောရမှာ အားနာသလိုပြုံးမိ၏။ သူသိဟန်ဖြင့်

"အားမနာပါနဲ့ ဒေါက်တာ ပြောပါ"

အတိတ်မှာ နစ်မြုပ်နေတယ်လို့။

"အဟွန်း…ဟွန်း ဒေါက်တာ ထင်ချင်စရာပါပဲလေ၊ ကျွန်တော် ပုံစံက အဲဒီလို ဖြစ်နေတာကိုး"

ခပ်လွန့်လွန့် ရယ်မောကာနေသော သူ့ကိုကြည့်ကာ မေးလိုက်၏။ သူ့မျက်နှာချက်ချင်း တည်သွားပြီး လေးနက်စွာပြော သည်။

"ကြာခဲ့ပါပြီ ဒေါက်တာ၊ ကျွန်တော် ဒီမှာနေတာက အေးချမ်းမှုကို ကြိုက်လို့ပါ…ခုချိန်ကစပြီး ကျွန်တော်ဘဝကို အများ အတွက် ဒေါက်တာလိုပဲ အကျိုးရှိရှိ အသုံးချဖို့ ဆုံးဖြတ်လိုက်ပါပြီ ဗျာ"

"အို… ကျွန်မ ဝမ်းသာလိုက်သာရှင်"

တကယ်ပဲ ဒါဟာသူမဘဝအတွက် ဝမ်းသာကျေနပ်စရာ ဖြစ်ခဲ့၏။ လမ်းမှားရောက်နေတဲ့ လူတစ်ယောက်ကို လမ်းမှန်သို့ ပို့နိုင်တာ မဟုတ်လား။



"မောနေပြီလား ကိုနိုင်"

"သြော်…ယု၊ အဟွန်း မမောပါဘူးဗျာ တကယ်မော တာက၊ ဟော … ဟိုက အလုပ်သမားတွေလေ"

သည်နေ့ သူဦးဆောင်ကာ ကျေးရွာစာကြည့်တိုက်ကို စတင်တည်ဆောက်ခြင်းဖြစ်၏။ ရွာ၏ကောင်းကျိုးမို့ အားလုံးက ပျော်ရွှင်စွာပင် ဝင်ရောက်ကူညီလုပ်ကိုင်ကြ၏။ အသွင်ပြောင်း လာသော သူ့ကိုလည်း အားလုံးက ဝမ်းသာစွာ ကြိုဆိုကြသည်။

"သူတို့မောတာလည်း မောတာပေါ့ ကိုနိုင်၊ တကယ် တမ်း ကိုနိုင်က ဦးဆောင်စီစဉ်ရသူဆိုတော့ ပိုမောတာပေါ့၊ ဒါကြောင့် ကျွန်မက ကိုနိုင်အတွက် အမောပြေ လက်ဖက်သုပ်နဲ့ ရေနွေးကြမ်း လာပို့တာ"

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော်ကလည်း ယုသုပ်ကျွေးမှ လက်ဖက်သုပ်ကို ကြိုက်တတ်နေတာ…အဟွန်း"

ယခုတော့ သူတို့နှစ်ဦးကြားမှာ အခေါ်အဝေါ်တွေ ပြောင်းလဲတာ၊ အခင်ဆုံးမိတ်ဆွေတွေအဖြစ် ရပ်တည်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမက အလုပ်မအားတဲ့ကြားမှ သူ့အတွက် ကိုယ်တိုင် လက်ဖက်သုပ်ပေးခြင်းဖြစ်သည်။ သူကလည်း သူမသုပ်ပေးတဲ့ လက်ဖက်သုပ်ကိုမှ ကြိုက်တာလေ။

"ခုလို ရွာအတွက် ကိုနိုင် ကြိုးစားတာမြင်ရတော့ ကျွန်မ ဖြင့် စိတ်ထဲသိပ်ကြည်နူးတာပဲ၊ အဘဦးပန်းဆိုင်တို့ကလဲ ဝမ်းသာ လွန်းလို့ အလုပ်သမားတွေကို ထမင်းကျွေးဖို့ဆိုပြီး...အိမ်မှာ ရွာက ကောင်မလေးတွေနဲ့ အားပါးတရ ချက်ပြုတ်နေလေရဲ့"

"အမှန်တော့ ကိုယ့်စိတ်ထဲမှာ ဒီရွာကလေးအတွက် လုပ်ပေးချင်တာ ကြာပါပြီ၊ ဒါပေမယ့် ကျွန်တော်ကို ဆုံးမမယ့်သူ ပေါ်ထွက်လာဖို့ စောင့်နေတာလေ ယု"

ထိုစကားကြောင့် သူမသူ့ကို မသိမသာလေး မျက်စောင်း ထိုး၏။

"ကျွန်မ ဆုံးမတာထက် ကိုနိုင်စိတ်က...ပိုကောင်းနေလို့ ပါရှင်၊ ရွာစာကြည့်တိုက်အတွက် စာအုပ်တွေတောင် မြို့ကို ကျွန်မ လှမ်းမှာထားပြီ"

"ဟောဗျာ... ကျွန်တော်လည်း မှာထားတယ် ယု"

"ကြည့်စမ်း...အကြံချင်း တူလိုက်တာ"

နှစ်ယောက်သား မတိုင်ပင်ပဲ ဒီလောက်စိတ်တူနေကြတာ ကို ကိုယ်စီအံ့သြလေ၏။ တစ်ဦးနှင့်တစ်ဦး အကြည့်ချင်း ဆုံပြီး





ပထမဆုံး မျက်လွှာချ လိုက်တာက သူမ။

ယုရယ်...

ဘာကြောင့်များ ကိုယ်နဲ့မင်းအကြံချင်း ဒီလောက်တူနေရ တာပါလိမ့်။

"ယု"

"ရှင် ကိုနိုင်"

"ယုလည်း အလုပ်များတဲ့ကြားက ကျွန်တော်အတွက် ဂရုစိုက်ပေးရလို့ ပင်ပန်းနေမှာပဲနော်"

"အို ...မဟုတ်တာ၊ ခုတလော ဆေးခန်းမှာ လူနာကျဲ တယ်လေ၊ အဲဒါ ဝမ်းသာစရာမဟုတ်လား ကိုနိုင်၊ ဒါကြောင့် အားလပ်တဲ့အချိန်မှာ ကိုနိုင်တို့ကို တတ်နိုင်သလောက် ကျွန်မကူညီ တာပါ၊ နောဖေ့လည်း အိမ်မှာအဖွဲ့ဝင်တွေနဲ့ ချက်ပြုတ်နေလေရဲ့ ကိုနိုင်"

"အဟွန်း ကောင်းပါတယ်ဗျာ၊ အားလုံး တက်ညီလက်ညီ လုပ်ရတဲ့သူတွေလည်းဝမ်းသာအားရနဲ့ မြန်မြန်ပြီးကြတာပေါ့ ယု ရယ်"

တကယ်ပဲအားလုံးက တက်တက်ကြွကြွနှင့်မို့ ပျော်ရွှင်စရာ ပင်ကောင်းလှ၏။ မနက်တုန်းက ကောက်ညှင်းပေါင်းနှင့်အကြော် များကို သဒ္ဓါပေါက်သူတွေက ကျွေးကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒီရွာမှာ စာကြည့်တိုက်ဖွင့်လိုက်တဲ့အတွက်··· ရွာသူရွာသားတွေအတွက်··· မျက်စိဖွင့် နားဖွင့်ဖြစ်သွားတာပေါ့ ယု''

''ဟုတ်တယ် ကိုနိုင်၊ ဒါမှ သတင်းတွေ၊ ခေတ်ရဲ့ အခြေအနေအားလုံး မျက်ခြေမပြတ်ဖြစ်မှာ၊ ကျွန်မကတော့ ဒီရွာစာကြည့်တိုက်မှာ ဂျာနယ်ကအစ ထားဖို့စိတ်ကူးတယ် ကိုနိုင်''

''သိပ်ကောင်းတဲ့အကြံပေါ့ယု ကလေးတွေအတွက် ကာတွန်းကအစ မှာပေးရမယ် ဒါမှ စာကို သူတို့စိတ်ဝင်စားလာကြမှာ''

ယခုလိုကြတော့လည်း အများအကျိုးအတွက် လုပ်ပေးရတာ အင်မတန်ပီတိဖြစ်စရာပါလားဟု သူတွေးကာ ကျေနပ်နေမိ၏။ သူ့ကို လမ်းပြပေးတဲ့သူမကိုလည်း ကျေးဇူးတင်မိသည်။

''ယု ···ဒီရွာကိုရောက်လာတာ လူကြီးတွေပြောသလို ဘုရားပေးတဲ့လက်ဆောင်ပဲ''

''အို··· အဲဒီလောက်လည်း မဟုတ်ပါဘူး ကိုနိုင်ကမှ···လူတော်လူကောင်းတစ်ယောက်ပါနော်''

သည်တော့ သူမကို ခပ်စူးစူးလေးကြည့်မိ၏။

''ယုစိတ်ထဲ ကျွန်တော်ကို တကယ်ပဲ အဲဒီလို ထင်တယ်ပေါ့''

''အင်းလေ···ဒီလိုအများအကျိုးဆောင်ရွက်ဖို့ဆိုတာ





တော်လို့ပေါ့ ကိုနိုင်''

သူတစ်ချက်ပြုံး၏။

''အဟွန်း··· ယုပြောသလို အလုပ်ကြောင့် ကျွန်တော်က··· တော်ရင်တော်လိမ့်မယ်၊ ဒါပေမယ့် လူကောင်းတော့ မဟုတ်နိုင်သေးဘူးထင်တယ်ဗျ''

''အို ··· ဘာဖြစ်လို့''

မျက်လုံးလေးဝိုင်းကာ သူမနားမလည်သလိုမေးတော့ သူတည်ငြိမ်စွာဖြင့် သူမကိုကြည့်သည်။

ထို့နောက် လေးနက်သောအသံဖြင့် စကားကိုတစ်လုံးချင်းဆို၏။

''ကျွန်တော် ··· ယုကို ချစ်နေမိလို့''

''အို''

မထင်မှတ်သောစကားကြောင့် သူမမျက်နှာလေး ရဲရဲနီသွားသည်။

''ဘယ်လိုလဲ ယု၊ ကျွန်တော်ဟာ လူကောင်းမဟုတ်ဘူးဆိုတာ သိပြီလား''

''ကိုနိုင်ကလဲ''

''တကယ်ပြောတာပါယု၊ ဒီလိုလူကောင်း သူကောင်းဖြစ်ဖို့ ကျွန်တော်ဆုံးဖြတ်တာ ယုကို ချစ်မိလို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဟို… ကြာနေပြီ ကျွန်မသွားတော့မယ်"

"ယူ"

သို့သော် သူမကခြေလှမ်းလေးသွက်သွက်ဖြင့် ထွက်ခဲ့၏။ ယောကျာ်းတွေနှင့်ပတ်သက်လျှင် ဒါဟာ သူမအတွက် ပထမဆုံး အကြိမ်မဟုတ်ဘဲနဲ့ ဘာကြောင့်များ ဒီလောက်ရင်ခုန်မိပါလိမ့်။

မောင်…

မောင်ကတော့ နိုင်ငံရပ်ခြားမှာ… တခြားမိန်းမတစ် ယောက်နှင့် ဘယ်လောက်များ ပျော်နေပြီလဲမသိ။

တကယ်တော့ ကိုယ့်ကိုမချစ်လို့ ပစ်သွားသူတစ်ယောက် အား တမ်းတနေခြင်းမှာ သူမသာ အရှုံးဖြစ်လိမ့်မည်။

"ရွာထဲက လူတွေပြောနေကြတယ် မမ"

"ဘာများလဲ နော်ဖော့"

"ဟို… ဦးနိုင်နဲ့ မမကို သိပ်လိုက်တာပဲတဲ့"

"အို"

ယခုဆိုသူက အမြဲတမ်း သပ်ရပ်ခံ့ညားနေတာမို့ ယောကျာ်းပီသသော သူ့အသွင်က ပေါ်လွင်နေ၏။ ထို့အတူ နက်မှောင်သော ဆံပင်အရှည်ကြီးများနှင့်သူမက ဒီရောက်မှ အသား တွေပိုဖြူကာ… ပါးလေးတွေနီရဲလျက် အလှတွေပိုတိုးလာရသည် မဟုတ်လား။





သည်တော့ ရွာသူရွာသားတွေအမြင်မှာ သူတို့နှစ်ယောက် ကို ဒီလိုမြင်ကြတာမလွန်ပါ။

ထိုသတင်းကိုသယ်ဆောင်လာသော နော်ဖော့မျက်နှာက လည်း ပြုံးစိစိ။

"ဘာဖြစ်နေတာလဲ နော်ဖော့"

စိတ်မလုံသော သူမကမေးတော့ နော်ဖော့မဝံ့မရဲမျက်နှာ လေးဖြင့်

"ဟို… နော့ နော်ဖော့လည်း မမတို့နှစ်ယောက်ကို တကယ်လိုက်ဖက်တယ်လို့ ထင်မိပါတယ်ရှင်"

"ဟယ်… ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာ လဲ"

ရှက်ရှက်ဖြင့် သူမအော်လိုက်ရပေမယ့် ရင်ထဲကကြိတ်ခုန် နေ၏။

ဘာကြောင့်များ သူမတို့နှစ်ယောက် ဒီလောက်အသွင်တူရ တာပါလိမ့်။

ကြည့်စမ်း… ခုတော့သူကိုယ်တိုင်က ပေါ်လွင်ထင်ရှားစွာ ရင်ဖွင့်လိုက်ပြီ။

"ချစ်တယ်"တဲ့။

သူ့ရင်ထဲမှာ "သီဂီ"ကို တကယ်ပဲ မေ့ပျောက်သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



လား။ သူမကော မောင့်ကို မေ့ပြီလား။ စဉ်းစားချင်စရာတွေပါ။

"မမ"

"ဟင်... နောဖော့"

လမ်းမှာထမင်းကျွေးလာတဲ့ နောဖော့တို့အဖွဲ့နှင့် သူမတိုးလေ၏။

"ဘယ်သွားမလို့လဲမမ ဒီမှာ ဦးနိုင်တို့ကို ထမင်းကျွေးသွားမလို့၊ နောက်မှာ အဘတို့လည်းပါတယ်၊ အိမ်မှာ ဘယ်သူမှ မကျန်ဘူး၊ မမပါလိုက်ခဲ့တော့"

"အို... ဟင့်အင်း၊ ဟို နောဖော့တို့သွားနှင့်ပါကွယ်၊ မမကိစ္စလေးရှိလို့ အိမ်ခဏပြန်ဦးမယ်"

"ဒါဆို... ပြန်လာခဲ့နော် မမ"

"အေး... အေး"

နောဖော့ကျေနပ်အောင် ပြုံးစလွယ်ခေါင်းသာညိတ်လိုက်ရ၏။ တကယ်တမ်း သူ့ရှိရာပြန်သွားဖို့ဆိုတာ သူမအတွက် မျက်နှာပူစရာမဟုတ်လား။

နောဖော့ကတော့ တကယ်ထင်ကာ အဖွဲ့တွေနှင့်ထွက်သွားသည်။ လမ်းမှာအဘတို့နှင့်တွေ့တာမို့ နှုတ်ဆက်လိုက်ရသေး၏။

ဟင်း...

အိမ်ရောက်မှ သက်ပြင်းချနိုင်၏။ နောဖော့ပြောတဲ့အတိုင်း





အိမ်မှာဘယ်သူမှ ကျန်မနေပါ။ တစ်အိမ်လုံး သူမတစ်ယောက်တည်း အခန်းထဲမှာ လဲလျောင်းရင်း သူမက အဖြစ်အပျက်များကို တွေးနေမိလေ၏။





www.burmeseclassic.com

www.burmeseclassic.com

"ခေါက်... ခေါက်"

ညင်သာသောတံခါးခေါက်သံကြောင့် အတွေးလွန်နေရာမှ သူမသတိဝင်လာ၏။ ကြည့်စမ်း... သူမဘယ်လောက်ကြာအောင် အတွေးသံသရာထဲ နစ်မျောနေပါလိမ့်။

"ဘယ်သူလဲ"

သူမမေးရင်း အဝတ်အစားများကို သေသပ်အောင်ပြင်လျက် တံခါးဖွင့်ပေးလိုက်သည်။

"ယု"

"အို... ကိုနိုင်"

ကြည့်စမ်း... သူမလုံးဝမထင်မှတ်ထားတာသူပဲ။ သူက သူမကို စိမ်းစိမ်းကြီးကြည့်ကာ ဖျတ်ခနဲ အခန်းထဲဝင်လာ၏။

"အို... ဒါဘာလုပ်တာလဲ ကိုနိုင်"

"ကိုယ့်ကို ယုစိတ်ဆိုးသွားတာမဟုတ်လား"

မျက်နှာအနည်းငယ်နီလျက် သူမေး၏။





သူမကာမဖြေပဲ...

"နောဖော့တို့ မလာဘူးလား ကိုနိုင်"

"လာတယ်... အားလုံးထမင်းစားကုန်ကြပြီ၊ ကိုယ်တစ်ယောက်ပဲ မစားတာ"

"ဟင်... ဘာဖြစ်လို့လဲ"

သည်တော့သူက သူမကိုစိုက်ကြည့်ကာ...

"ယု ...မျက်နှာကို မမြင်ရလို့"

"အို"

"ပြောစမ်းပါ... ကိုယ့်ကိုမမြင်ချင်လို့ အားလုံးနဲ့အတူ ထမင်းတောင် ယုလာမစားတာ မဟုတ်လားဟင်"

– သူမ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ကာ မျက်နှာမကောင်းစွာ သူမေးသည်။

"အို... လွှတ်ပါ"

"မလွှတ်ဘူး ယု၊ ယုကို ကိုယ်ချစ်တယ်ဆိုတာ... အပေါ်ယံပြောတာမဟုတ်ဘူး၊ ရင်ထဲအသည်းထဲက လေးလေးနက်နက် ဖြစ်ပေါ်လာတဲ့ မေတ္တာမျိုးနဲ့ ပြောခဲ့တာပါ"

"အဟင်း ...ဒါဆို သီဂီကကော"

"ဘာ"

"ဟုတ်တယ်လေ... ကိုနိုင်ရင်ထဲမှာ သီဂီဆိုတဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



လေးကိုရော တကယ်မေ့နိုင်လို့လား"

မထင်မှတ်ပဲ ဝန်တိုတဲ့စကားတွေဆိုသော သူမကိုယ်သူမ အံ့ဩနေမိ၏။ သူက ခေါင်းကို သွက်သွက်ခါယမ်းသည်။

"ကိုယ့်ဘဝထဲမှာ… သီဂီမရှိခဲ့တာကြာပြီ ယု၊ တကယ်တော့ သီဂီရဲ့အရေးပေးမှုတွေကြောင့် ကိုယ်ဟာသူ့ကိုချစ်တယ်လို့ ထင်ခဲ့တာ၊ ဒါကြောင့် သူခေါ်ရာကိုယ်လိုက်မသွားတာပေါ့ ယု"

"ဒါဆိုရင်ဘာကြောင့် ဒီတော ဒီတောင်ထဲမှ တစ်ယောက်တည်း လာနေရတာလဲ ကိုနိုင်"

"ကိုယ်ပြောပြီးပြီလေ… ကိုယ်ဟာ အေးချမ်းမှုကိုကြိုက်ပါတယ်လို့၊ ဒါကြောင့်သာ အေးချမ်းတဲ့ယုအလှကိုမြင်တော့ ကိုယ်တုန်လှုပ်ခဲ့ရတာပေါ့"

"ဘာပြောလိုက်တယ် ကိုနိုင်"

သူမအတွက် သူ့စကားတွေဟာ ဆန်းကြယ်ထူးခြားနေ၏။ သူက သူမကိုမြတ်နိုးစွာကြည့်သည်။

"ဟုတ်တယ်ယု၊ မထင်မှတ်ပဲ ယုကို တွေ့တဲ့နေ့ကစပြီး ကိုယ့်မသိစိတ်က ယုအပေါ်စွဲလမ်းခဲ့တာဝါ၊ ဒါပေမယ့် သီဂီနဲ့ ပတ်သက်ပြီး မိန်းမတွေကို ကိုယ်က မုန်းချင်တယ်လေ၊ ဒါကြောင့် ယုကိုလည်း မချစ်မိအောင်ကြိုးစားရင်း ယုနဲ့တွေ့အခါတိုင်း… အမြဲတမ်းတင်းတင်းမာမာ ဆက်ဆံခဲ့မိတယ်လေ"





- "အို"

ယခုမှ သူဘာကြောင့် သူမနဲ့တွေ့တိုင်း မျက်မှောင်ကြီးကုပ၊ ဘုဂလန့်စကားတွေပြောရသည့်အကြောင်းအရင်းကို သိသွားရ၏။

"အချစ်ဆိုတာ ကြာရှည်ထိန်းချုပ်လို့ မရပါဘူး ယုရယ်၊ ဘယ်လောက်ပဲ မချစ်ဖို့ကြိုးစားပေမယ့်… အဲဒီကြားထဲက ပိုတိုးပြီး ချစ်လာတာလေ…ဒါကြောင့် ကိုယ်ထိန်းချုပ်တဲ့ကြားက ယုကို ဖွင့်ပြောမိတာပါ"

"ကျွန်မအထင်တော့ ဒါဟာ နီးစပ်မှုကြောင့်လို့"

"ဘာ… ဘာပြောတယ် ယု၊ ဒါ… ကိုယ့်အချစ်ကို စော်ကားတာပဲ၊ နီးစပ်မှုကြောင့်သာဆိုရင်… ကိုယ်ဘာကြောင့် သီဂီကို လိုက်လိုက်လှဲလှဲ မချစ်ရတာလဲဟင် ကဲ… ပြောပါဦး"

သူမမျက်လုံးများကို စိုက်ကြည့်ကာ သူမေးသည်။ တကယ်တော့ ဒါလည်းစဉ်းစားစရာမဟုတ်လား။

"ဘာပဲဖြစ်ဖြစ် ကိုနိုင်နဲ့ ကျွန်မက မဖြစ်ပါဘူး"

"ဘာကြောင့်လဲ ယု၊ ကိုယ့်မှာ သီဂီရှိခဲ့လို့လား"

"အို… အဲဒါအပြစ်ဆိုရင် ကျွန်မကိုယ်တိုင်က အပြစ်မကင်းဘူးလေ၊ ဒီလို မိန်းကလေးတစ်ယောက်ကို ရှင် ကြာရှည်ချစ်နိုင်ပါ့မလား ကိုနိုင်"

ထိုအမေးကြောင့် သူမျက်မှောင်ကြီးတွန့်သွား၏။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ကိုဖြုန်းခနဲ ဆွဲကာ…

"လာ… လိုက်ခဲ့"

ဟုခေါ်လေ၏။

"အို …ဘယ်ကိုလဲ"

သူမက ရှန်းရင်းမေးသည်။ သူပြန်ကြည့်ကာ

"မင်းက ကိုယ့်အချစ်ကို မယုံဘူးမဟုတ်လား၊ ဒါကြောင့် အဘတို့ရှေ့မှာ ခုချက်ချင်းလက်ထပ်မလို့"

"ဟင်… ရှင်ရူးနေသလား ကိုနိုင် လက်ထပ်တဲ့ကိစ္စဟာ ကလေးကစားစရာလား"

လက်ကိုဆောင့်ရုန်းရင်း ဒေါသလေးဖြင့် သူမမေးလိုက်၏။ သူကအံကြိတ်ကြည့်သည်။

"ဒါဖြင့် မင်းဘာကြောင့် ကိုယ့်အချစ်ကို မယုံဘူးပြောလဲ ယု"

"အို …ဒါက"

"ဒီမှာ… မင်းဟာ… ယောကျ်ားဘယ်နှစ်ယောက်နဲ့ ပတ်သက်ခဲ့ပါစေ၊ ခုချိန်မှာ မင်းဟာ လွတ်လပ်နေတဲ့သူမို့ ကိုယ် အချိန်မရွေး လက်ထပ်ရဲတယ်ယု၊ ကိုယ့်အချစ်ကို ဒီလိုနည်းနဲ့ စိန် မခေါ်ပါနဲ့"

"ကိုနိုင်ရယ်"





ခံစားချက်ပြင်းစွာ သူပြောလာသော့ သူမဘာမှမပြောနိုင် တော့။ အနီးကပ်တွေမြင်နေရသော သူ့ရဲ့ယောကျ်ားပီသမှုတွေ ကြောင့် သူမစိတ်လှုပ်ရှားခဲ့ရကာ အမှန်။

တစ်သက်လုံး ဘယ်သူမှဒုံးမလို့မရခဲ့တဲ့သူဟာ သူမနဲ့ကြ တော့ လုံးဝအသွင်ပြောင်းလဲသွားခဲ့၏။ ဒါဟာ သူမကို ချစ်လို့တဲ့။

"ယု"

သူတိုးတိတ်ညင်သာစွာခေါ်တော့ မျက်တောင်ကော့ကြီး များပင့်ကာ သူ့မကြည့်မိသည်။

"ပြောပါဦးယုရယ်၊ ကိုယ်ဟာ ယုနဲ့ မထိုက်တန်လို့လား"

"အို… မဟုတ်တာ… ကျွန်မကိုယ်တိုင်က အကြွင်းမဲ့ ပါ"

သူမရှက်သံလေးဖြင့်ပြောမိ၏။ သူက ရုတ်တရက်သူမ ကိုယ်လေးကို ရင်ခွင်ထဲဆွဲယူသည်။

"အဲဒီစကားမပြောပါနဲ့၊ ကိုယ့်အတွက်ယုဟာ တန်ဖိုးရှိတဲ့ ပန်းကလေးပါဗျာ"

ပြောရင်း သူမမျက်နှာလေးကိုမော့သူကာ ညင်သာစွာ နမ်းရှိုက်လိုက်၏။

"အို"

သူမမျက်နှာလေး နီသွားလျှက် ငြင်းဖို့ကြိုးစားပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူမ နှုတ်ခမ်းတွေကို စကားဆိုခွင့်မပေးတော့။ သူရယ်…

"ကိုယ့်ကို ချစ်လားယု"

"ကျွန်မ… မသိဘူး"

သူ့ရင်ခွင်ထဲမှာ လှိုက်မောစွာပြောမိသည်။ တကယ်တော့ ဒါဟာ အမှန်စကားပါ။ သူပြုံးသည်။

"ကိုယ်ကတော့ သိတယ်"

"ဘာသိတာလဲ"

"အဟွန်း… ယု… ကိုယ့်ကိုချစ်တယ်ဆိုတာလေ"

"အို… သွား"

သူမလက်ချောင်းလေးတွေက သူ့ရင်ဘတ်ကြီးကို တွန်းထုတ်လိုက်ပေမယ့် ရွေ့မသွား၊ သူမကိုယ်လေးသာ သူ့လက်တွေကြားမှာ ပိုမိုတင်းကြပ်သွားရ၏။

"ဘာကြောင့်များ ကိုယ်တို့နှစ်ယောက်ဟာ အရင်ဦးဆုံး မတွေ့ခဲ့ကြပါလိမ့် ယုရယ်"

သူက သူမနှင့်တွေ့ရသည့်အချိန်ကို နောက်ကျဟန်ဖြင့် ညည်းညူစွာပြော၏။

"ဘဝကံက ဒီအချိန်ကြမှ ပါလာတာကိုး"

သူမအပြောကြောင့် သူ့မျက်ခုံးများမြင့်တက်သွားသည်။

"ဘဝကံ ဟုတ်လားယု"





"ဟုတ်တယ်လေ၊ ရေစက်က ခုမှဆုံကြတာပဲ ကိုနိုင်"

"ဒါ… ဒါဆို… ယုက ကိုယ့်ကိုချစ်တယ်ပေါ့နော်"

"အို"

ရှက်စွာဖြင့်… သူမ၏စကားကို အခွင့်အရေးယူကာ သူလိုချင်ရာပြောတာမို့ မျက်လွှာလေးချမိသည်။

"ပြောစမ်းပါ ယုရယ်၊ ကိုယ့်ကို ချစ်တယ်လို့"

"မသိဘူးကွယ်"

"ကဲ… ဒါဖြင့် သိအောင်"

"အို… သူနော်"

ထိုမျှသာ သူမဆိုနိုင်ပြီး အသံလေးတိတ်သွားရတာ အချိန်ကြာမြင့်စွာလေ၊ ဖြူနုသောသူမလည်တိုင်လေးလည်း နွေးထွေးသွားကာ အချစ်၏ညှို့ငင်ရာနောက် တိတ်ဆိတ်စွာ လိုက်ပါခဲ့မိပြီ မဟုတ်လား။





www.burmeseclassic.com

www.burmeseclassic.com

ဘဝဆိုတာ အမြဲတမ်းနဲ့ကြည်းကြေကွဲနေစရာ မကောင်းပါ။ ယခုတော့လည်း အထီးကျန်ခြောက်သွေ့စွာ ခံစားနေရတဲ့ စဝ်ရန့်နိုင်နဲ့ ဒေါက်တာယုယမေတို့အတွက် သာယာကြည်ပြည့်မှုကို စတင်ခံစားရလေပြီ။

သဘာဝအလှများဖြင့်ပြည့်နေသော ဤဒေသလေးသည် သူမတို့အတွက် နေရာမှန်လေးဟုဆိုရမည်။

"ကို"

"ဗျာ"

"အဟင်း… ယုလေ ကိုနဲ့တွေ့စက ကိုကို တကယ့် လူဆိုးကြီး ထင်နေတာ"

ပထမစတွေ့ချိန်မှာ သူ့အပေါ်အထင်လွဲမှားမှုတွေကို ယခုအခါမှာရယ်စရာလို ပြောတတ်နေပြီ။

" အဟွန်း… ဟုတ်တာပေါ့ဗျာ၊ ကိုယ်က အရုပ်လူဆိုးလေ"



"အို"

သူကပါးစပ်မှပြောတာတင်မဟုတ်ပဲ သူမကိုယ်လေးကို တစ်ခါတည်းဆွဲယူပွေ့ဖက်၏။ နောက်တော့ ဖြူနုသောမျက်နှာလေးအနှံ့ ရှိုက်နမ်းသည်။

"အို … ကိုကလဲ"

"တကယ်ပြောတာ… ကိုက ယုဟာ အသက်ငါးဆယ်လောက် ဗိုက်ပူပူဆရာဝန်မကြီးတစ်ယောက်လို့ ထင်ခဲ့တာ၊ တကယ်တမ်း ယုကိုတွေ့တော့ ကိုမှာ… နေခင်းအချိန် လမင်းတစ်စင်းပြုတ်ကျလားသလားလို့"

"ကိုက ပိုလိုက်တာ"

သူ့မမျက်စောင်းလေးထိုးတော့ သူပြုံး၍ခေါင်းခါသည်။ သူမကိုယ်လေးကို ပိုရှ၍တင်းတင်းဖက်ကာ လည်တိုင်လေး ရှိုက်နမ်းပြန်၏။

"တကယ်ပြောတာ၊ ဒါကြောင့် ကိုအသည်းအရည်ပျော်သွားတာ ယု"

"ဟုတ်ပါ့မလား၊ တော်ကြာ အချစ်ဦးပြန်လာလို့… ကိုက ယုကိုမေ့သွားရင် ဘယ်နှယ့်လုပ်မလဲ"

ခပ်ပြုံးပြုံးလေးသူမမေးတော့ မျက်မှောင်ကြီးတွန့်၏။

"ယုနော်… ဒါ ကိုကို အထင်သေးတာလား၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ယုနဲ့ကို လက်ထပ်ကြမို့ မြော်တော''

''အို… ဘာဆိုင်လဲ''

''ဆိုင်တာပေါ့ဗျာ… ယုကကိုယ့်ကို စိတ်မချသလို ကိုယ်လည်းယုကို စိတ်မချဘူး တော်ကြာ ယုရဲ့အဆက်ပေါင်း''

သူ့စကားမဆုံးသေးပါ၊ သူမက သူ့နှုတ်ခမ်းကို လက်ဖဝါးလေးဖြင့် အမြန်ပိတ်သည်။

''ဟင်းနော် …ကို၊ လျှောက်မပြောနဲ့… သူနဲ့ယု ဘာမှ မဆိုင်တော့ဘူး၊ ကိုသာ မပြတ်နိုင်တာ''

''ဟော့… ဒီလိုတော့ ကျုပ်အချစ်ကို မစော်ကားနဲ့ဗျာ၊ ခင်ဗျားမယုံရင်… အဘတို့ကိုပြောပြီး လက်ထပ်မယ်''

''အမယ်… သူ နစ်နာနေပါဦးမယ်နော်''

သည်တော့ သူရယ်၏။ သူမပါးလေးကို တစ်ချက်နမ်းကာ…

''နစ်နာပါစေဗျာ ယုအတွက်ပဲ''

''တော်ပါ… ကဲ… ဖယ်၊ **နောဟော့ကိုထားပြီး** ထွက်လာခဲ့တာ ကို''

''နေပါဦးကွာ''

**အချစ်ဦးတွေမဟုတ်ပေမယ့် သူတို့နှစ်ယောက်၏** သံယောဇဉ်က ရှိမြဲနေသလိုပါပဲ။ ယခုဆို စာကြည့်တိုက်လေးလည်းပြီးလုပြီ။





ညနေဘက်မှာ သူကရောက်လာတတ်ပြီး သူမနှင့်အတူ ရွာထိပ်လမ်းလျှောက်ကြ၏။

''မြို့ထဲမှာ ကို တစ်ယောက်တည်းနေတာ မပျင်းဘူးလား''

''ပျင်းတာပေါ့၊ ဒါကြောင့် မိန်းမအမြန်ယူချင်နေတာ''

''ကြည့်စမ်း… ကဲ''

သူ့လက်တွေထဲရောက်လျှင် သူမသည်ဘယ်တော့မှ မလွတ်တော့ပေ။ သူမဆွဲဆိတ်တော့ သူအော်၏။

''အား''

''အို… ဘာဖြစ်လို့ အော်တာလဲ မနာဘဲနဲ့''

''ယုက ရက်စက်တယ်ကွာ မနာရှိပါ့မလား၊ ဒီမှာ ယု လက်သည်းဒဏ်ရာ''

''ဟင်''

သူ့လက်ဖျံပေါ်မှာ သူမလက်သည်းဒဏ်ရာထင်းလို့၊ သူမ စိတ်မကောင်းစွာဖြင့် သူ့လက်ကိုယူကာ နှုတ်ခမ်းလေးဖြင့် ဖိကပ်လိုက်၏။

''မှ… မှ''

နူးညံ့သော နှုတ်ခမ်း၏အထိအတွေ့က သူ့တစ်ကိုယ်လုံး လှိုက်မြောစေသည်။ သူပြုံးကာ… လက်ကိုဖျတ်ခနဲရုတ်သိမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒဏ်ရာက ဒီမှာ"

"အို"

သူမနှုတ်ခမ်းလေးထက်မှာ သန်မာသေ၊ သူ့နှုတ်ခမ်းအစုံက မြဲလို့။ သူ့ရင်ဘတ်ကို သူမတွန်းထုတ်ပစ်လိုက်၏။

"ကိုနော်… လူလည်မကျနဲ့"

"အဟွန်း… ဟွန်း၊ ဒဏ်ရာချင်းမှားသွားလို့ပါဗျာ"

"တဲ… ပြန်မယ်"

သူမ ရုတ်ခနဲနေရာမှ ထရပ်၏။ သူက သူမလက်ကို ဆွဲကာ…

"ဘာလဲ… စိတ်ဆိုးသွားတာလား ယု"

သူမ မျက်စောင်းထိုးကာ

"အင်း… ဟုတ်တယ်"

ဟုပြောတော့ သူတကယ်မှတ်လျက် မျက်နှာပျက်၏။

"ယုရယ်၊ ကိုကချစ်လို့"

"ဒီက မုန်းတယ်ရှင့်"

"ဗျာ"

သူပါနေရာမှထလျက် သူမနှင့် မျက်နှာချင်းဆိုင်သည်။ သူမကို မကျေနပ်သလိုကြည့်သည်။

"စောစောက ယုဘာပြောတာလဲ"





"ကြားတဲ့အတိုင်းပဲ"

"ယုနော်… ကို့စိတ်ကို မဆွနဲ့ ပြန်မလွှတ်ပဲ နေလိုက်မယ်"

ဖျတ်ခနဲ သူမကိုယ်လေးကိုကောက်ချီလျက် သူပြောသည်။ သူ့ပုံစံက တကယ်လုပ်မည့်ဟန်၊ သူမမျက်လုံးလေးဝိုင်းသွား၏။

"အို …ဘာလုပ်တာလဲ၊ ဖယ်ပါ"

"ပြော… ကို့ကိုချစ်တယ်လို့"

ကြည့်စမ်း… သူက အကြပ်ကိုင်လို့ပါလား။ သူမ မပြောပဲ နှုတ်ခမ်းလေးတင်းတင်းစေ့ထား၏။ သူကလည်း စိုက်ကြည့်နေသည်။ အချိန်အနည်းငယ်ကြာတော့ သူမျက်နှာပျက်လာကာ…

"ယု…ယု မင်းကိုယ့်ကို တကယ်ပဲ မုန်းသွားတာလား"

ပြောပြီး သူမကိုယ်လေးကိုအောက်ချပေးကာ တစ်ဖက်ကျောခိုင်းသွားလေ၏။

သူမ အစလွန်သွားပြီ။

သူတကယ်စိတ်မကောင်းဖြစ်သွားပုံပင်။ ထို့ကြောင့် သူ့နောက်မှရပ်ကာ လက်လေးနှစ်ဖက်ဖြင့် သူ့ခါးကိုသိမ်းဖက်လိုက်၏။

"ကို"

"ဟင်… ယု"

သူရုတ်ခနဲလှည့်လျက် သူမနှင့်ရင်ချင်းအပ်သည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com



နောက် သူမကိုယ်လေးကို တအားဖက်ကာ…

"ယု… ယုရယ်၊ မင်းမုန်းမှာကို ကိုကြောက်တယ်"

"အိုကွယ်"

ရှုးရှုးမှုးမှုးအနမ်းတွေလေ။ သူမမျက်ဝန်းလေး မှိတ်ကာ သက်ပြင်းလေးချမိ၏။ စကားလေးတောင် မခံနိုင်ပါလားကိုရယ်။ တကယ်လို့များ သူမနဲ့ခွဲရလျှင် ကိုဘယ်လိုလုပ်မလဲ။

"ယု"

"ဟင်"

"စာကြည့်တိုက်ပြီးရင် ကိုတို့လက်ထပ်ကြရအောင်နော်"

သူမမျက်နှာလေးကို ဆွဲမော့ယူကာ မျက်ဝန်းများကို စိုက်ကြည့်ရင်းပြောသည်။

"မမြန်လွန်းဘူးလားကို"

"ဟင့်အင်း…ကိုတို့အတွက်က နောက်တောင်ကျပါသေးတယ် ယု"

"လူကြီးတွေက…"

"ဒီမှာ ယု၊ အဘတို့က ကို့ကို အိမ်ထောင်ပြုစေချင်တာကြာပြီ၊ ကို စိတ်ကြိုက်မတွေ့ရင် သူတို့စိတ်ကြိုက်ရှာပြီး ပေးစားတော့မှာဗျ"

အင်မတန်အရေးကြီးဟန်ဖြင့် သူမခါးလေးကိုသိမ်းဖက်





ကာ သူပြောသည်။

"ဟင်… ဒါဆို ကိုနဲ့သဘောတူတဲ့မိန်းမရှိနေပြီပေါ့"

သူမမျက်နှာလေးပျက်ချင်ချင်ဖြင့် မေးတော့ သူပြုံး၏။

"အဟွန်း… ဟုတ်တယ်ယု"

"ဩော်… ကိုက… ဒါကို ဝမ်းသာနေတယ်ပေါ့လေ… ဒါနဲ့များ ယုနဲ့လက်ထပ်ဖို့ပြောတာ ဘာအဓိပ္ပာယ်လဲကို"

သူ့လက်တွေကို ဖယ်ထုတ်ကာ သူမရုန်းထောင်တော့ သူရယ်၏။ သူရယ်လေ… သူမက စိတ်ဆိုးလေ။

"ဒီမှာကို… ဒါဟာရယ်စရာမဟုတ်ဘူး၊ ယုဘဝမှာယောကျ်ားတွေကိုကြောက်လို့ နောက်ထပ်အချစ်ဆိုတာ အဝင်မခံခဲ့တာ…ခုတော့ ကိုဖွတ်တိုးလို့"

"ဘာဖြစ်လဲ"

သူပြုံးစေ့စေ့မေး၏။ သူမအံလေးကြိတ်ကာ သူ့ကိုစူးစိုက်ကြည့်သည်။

"ကို့ကိုမုန်းတယ်"

"ဗျာ"

"တုတ်တယ်… ကျွန်မကိုလှည့်စားလို့ မုန်းတယ်"

"ယောဗျာ ကိုက… ယုကို ဘယ်မှာလှည့်စားလို့လဲ… ကိုက ယုကို လက်ထပ်ဖို့ပြောတာ ချစ်လို့၊ ပြီးတော့ အဘတို့သဘော



www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့မိန်းမက…"

"အို … မကြားချင်ဘူး"

သူမနားလေးနှစ်ဖက်ကိုပိတ်ကာ မျက်ဝန်းလေးများမှိတ်၍ အော်လိုက်၏။

"ဟော … စကားဆုံးအောင် နားထောင်လေ၊ အဘတို့ သဘောတူတဲ့မိန်းမက… ဒေါက်တာယုယမေဗျ"

"ဟင်"

ကြားလိုက်ရသောစကားကို သူမ မယုံသလို မျက်လုံးလေး မှတ်ခနဲ ဖွင့်ကြည့်၏။ ထိုအခါသူက သူမကိုပြုံးပြုံးကြီး စိုက်ကြည့်လို့။

"ကို"

"ယု"

"အို… ကိုရယ်"

နှစ်ယောက်သား တင်းတင်းဖက်မိကြလျက် အပြန်အလှန် နမ်းရှိုက်မိကြတာ ဘယ်သူကစမှန်းမသိလိုက်တော့အောင်ပါပဲ။ တောင်ပြာတန်းများကြားမှာ နေလုံးကြီးက ကွယ်ပျောက်သွားလေပြီ။



"ဦးနိုင်နဲ့ မမတို့အတွက် နောဖော့ဝမ်းသားပါ့က်တာ"

သူမတို့အကြောင်း သိသွားတော့ နောဖော့ ဝမ်းသာအားရ ပြောသည်။ သည်လိုသိသွားရတာ သူကြောင့်ဖြစ်၏။

"ကျွန်တော်နဲ့ယု မေတ္တာမျှနေကြပါပြီ"

ဟု လူကြီးတွေကို ဖွင့်ဟဝန်ခံကာ လက်ထပ်ဖို့ကိစ္စစီစဉ်ရန် ဆောင်ရွက်ခဲ့တာမဟုတ်လား။ သူတို့အကြောင်းသိတော့ လူကြီးတွေကလည်း ဝမ်းသာလို့နေသည်။

"ဒီသတင်းဟာ အဘတို့အတွက် တကယ်မင်္ဂလာရှိတာပဲကွယ်၊ လူလေးနဲ့ဒေါက်တာတို့ဟာ နတ်ဖက်တဲ့စုံတွဲပဲ…

မင်္ဂလာကိစ္စကို အဘကိုယ်တိုင်စီစဉ်ပေးမယ်"

ရွာကလူတွေလည်း ဝမ်းသာနေကြ၏။ သူက သူမလက်ကို တင်းတင်းဆုပ်ကိုင်ကာပြုံး၍မေးသည်။

"မင်္ဂလာကိစ္စအတွက် ယုအမေကိုကော သွားပြောကြမလားဟင်"

www.burmeseclassic.com

သူမခေါင်းခါယမ်းလိုက်၏။ တရားဘောင်မှာရှိနေသော အမေ့ကို ဘာဒုက္ခမှ မပေးလိုတော့ပေ။

"နေပါစေ ကို အမေဟာခုဆို စစ်ကိုင်းမှာ တရားရိပ်ထဲ အေးချမ်းနေပါပြီ၊ ယုနဲ့ပတ်သက်ရင် အမေ့ဆန္ဒက ယုစိတ်ချမ်းသာဖို့ အဓိကပါ၊ ဒါကြောင့် ယုကြောင့် အမေကို ဘာမှအနှောင့်အယှက် မဖြစ်စေချင်တော့ပါဘူး"

ပထမတစ်ကြိမ်သူမအိမ်ထောင်ရေးမှာ အမေအတော်လေး စိတ်မချမ်းမြေ့ခဲ့တာ သိ၏။ ထို့ကြောင့် ဒီကိစ္စမှာ အမေကို ဘာမှ မပူပင်စေချင်တော့။

"ကောင်းပြီလေ၊ ကိုက ယုသဘောပါပဲ၊ ဘာပဲဖြစ်ဖြစ် လပ်ထပ်ပြီးရင်တော့ ကိုတို့ အမေကိုသွားပြီးကန်တော့ကြတာပေါ့"

"ဟုတ်ကဲ့…ကို"

သူမဘဝထဲကို ဒုတိယအကြိမ်မြောက် ဝင်လာသော 'ကို'သည် အမေနှင့်သူမအတွက် စိတ်အေးချမ်းနိုင်မှာပါ။

ကိုက စိတ်လောနေသဖြင့် စာကြည့်တိုက်လေးပြီးခဲ့တဲ့နေ့ မှာပင် သူမတို့ မင်္ဂလာပွဲကို ကျင်းပ၏။ မင်္ဂလာပွဲညှို့ခံရာက… စာကြည့်တိုက်အသစ်စက်စက်လေးထဲမှာ။

တစ်ရွာလုံး မီးခိုးတိတ်ကာ အဘဦးဆောင်၍ ဝက်သား ကြက်သား၊ ငါး၊ ဘာလာချောင်ကြော်၊ သရက်ချဉ်သုပ်၊ ဟင်းချို





စသည်ဖြင့် ထမင်းရည်ချောင်းစီး ကျွေးလေ၏။

ရယ်စရာကောင်းတာက သူမတို့အတွက်ပေးသော လက်ဖွဲ့ များထဲမှာ ဝက်တို့၊ ကြက်တို့ပါဝင်နေသလို၊ အဘက နွားတစ်ရှဉ်း တဲ့။

"ယုတို့ မြို့ကိုပြောင်းသွားရင် ဒီကောင်တွေ ဘယ်လို ထားခဲ့မလဲ ကို"

သူမအမေးကြောင့် ကိုပြုံး၏။

"အဘတို့ကိုပဲ ပေးခဲ့ရမှာပေါ့ယု၊ ဘာလဲ ယုက မြို့ပြန် ချင်ပြီလား"

"အို… မဟုတ်ပါဘူး"

ရွာသူရွာသားတွေက သူမတို့နှစ်ယောက်ကို "သိပ်လိုက် တာပဲ"ဟု ချီးကျူးမဆုံးပေ။ ဓာတ်စက်ကြီးဖွင့်ကာ တောဆန်ဆန် မင်္ဂလာဆောင်မှာ သူမအတွက် တစ်မျိုးပျော်စရာပင်။

မထင်မှတ်ပဲ မြို့ကြီးပေါ်က ခမ်းနားတဲ့မင်္ဂလာဆောင်မှာ သူမစိတ်ကျဉ်းကျပ်ခဲ့ရတာ အမှတ်ရမိနေ၏။

ကြည့်စမ်း… ခုတော့ သူမစိတ်တွေ လွတ်လပ်လိုက်တာ။ လာကြတဲ့ ဧည့်ပရိတ်သတ်တွေကလည်း ဟန်ဆောင်မှုမရှိ၊ ပွင့်ပွင့် လင်းလင်းနှင့် အားလုံးပျော်နေကြ၏။

မင်္ဂလာပွဲပြီးတော့ အဘတို့ကို ကန်တော့ကြသည်။

www.burmeseclassic.com



"သာခု… သာခု… သာခု၊ လူလေးနဲ့သမီးတို့ အိုအောင်မင်းအောင် ရာသက်ပန်ပေါင်းကြပါစေကွယ်"

ဘာအဆင်တန်ဆာမှမပါသော အဘ၏ဆုတောင်းသံက လှိုက်လှိုက်လှဲလှဲ။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ကိုနှင့်သူမက ပြိုင်တူအသံထွက်လာတာကြောင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပြုံးမိ၏။

သူမတို့မင်္ဂလာဦးအတွက် အခန်းကို ခြံထဲရှိကို၏သစ်လုံးအိမ်လေးမှာ ပြင်ထားသည်။ ယခုတော့ ကိုရှိရာထိုအိမ်လေးသို့ သူမပြောင်းရွှေ့ရမည်ဖြစ်၏။

"ကဲ… ကဲ သားတို့၊ သမီးတို့လည်း ပင်ပန်းကြပြီ၊ အနားယူဖို့သွားကြတော့ကွယ်"

"ဟုတ်ကဲ့"

သူ၏ဂျစ်ကားစီမ်းလေးနားသို့ အားလုံးလိုက်ပို့သည်။ နောဖော့က လက်ဆောင်ပစ္စည်းများ တင်ပေးရင်း

"မမ မနက်ဖြန် ဆေးခန်းကို အေးအေးဆေးဆေးမှ လာနော်၊ နောဖော့ဘာသာ ကြိုဖွင့်ထားလိုက်မယ်"

"အေးကွယ်"

သည်ရွာလေးမှာရှိသော တစ်ဦးတည်းသောဒေါက်တာဖြစ်တဲ့





သူမအတွက် ခွင့်ရက်ဆိုတာမရှိပါ။ ထို့ကြောင့် မင်္ဂလာဆောင်ပြီးလည်း… သူမ မပျက်မကွက်ဆေးခန်းထိုင်ရမည်ဖြစ်၏။

"ကဲ… အားလုံးပဲသွားတော့မယ်"

သူက အားလုံးကိုပြုံးပြနှုတ်ဆက်ပြီး ကားမောင်းထွက်ခဲ့၏။ အဘဦးဆောင်ကာအားလုံးက အပြုံးပန်းတဝေဝေနှင့် လက်တွေ့ပြကာ ကျန်ခဲ့သည်။

"ယု"

"ကို"

"ပျော်ရဲ့လားဟင်"

"အင်း"

ကားမောင်းရင်း ကိုက သူမကို အပြုံးဖြင့် လှည့်မေး၏။ သူမခေါင်းလေးညိတ်ရင်း သူ့ပခုံးပေါ်ခေါင်းလေးမှေးတင်လိုက်သည်။

"အဟွန်း …ကိုလည်းသိပ်ပျော်တာပဲ ယု၊ ကို့အတွက် ယုကို ပိုင်ဆိုင်ရတာ အိပ်မက်လိုပဲ"

"ဟင်… ဘာဖြစ်လို့"

သူမနားမလည်သလိုကြည့်ကာမေးတော့ သူရှေ့တည့်တည့်ကြည့်ကာပြုံးသည်။

"အော်… ယုကစည့်သည့်မဟုတ်လား၊ တစ်နေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ထားပြီး ယုပြန်ရင်''

''အို… ကိုကလဲ ယုကဘာကြောင့်ကို့ကိုထားရမှာလဲ၊ ယုနဲ့အတူ ကိုအမြဲရှိနေရမယ်''

''တကယ်လားဗျာ''

''ကိုနော်… ဘာလဲ ကိုက ကျန်နေခဲ့ချင်လို့လား''

''အဟွန်း …မဟုတ်ပါဘူးဗျာ ယုနဲ့သာဆိုရင်… ဟောဒီကမ္ဘာမြေကြီးဆုံးတဲ့အထိ ကိုက လိုက်မှာပါ''

ကြည့်စမ်း သူမတို့ရှေ့စရီးမှာ ကြည်လင်သော မိုးကောင်းကင်၊ ထို့နောက်ပြာလွင်သည့် တောင်တန်းများ၊ ပတ်ဝန်းကျင်က အေးစိမ့်လာကာ တောင်ခြေရှိ ကို၏ခြံထဲသို့ မှောင်လုလုမှာရောက်ခဲ့သည်။

''အေးတယ်ယု၊ အနွေးထည်ဝတ်ထား''

''ဟုတ်ကဲ့ ကို''

သေတ္တာကိုဖွင့်ကာ အနွေးထည်ထူထူ တစ်ထည်ကိုထုတ်၍ သူမဝတ်လိုက်၏။ သူက အထုပ်အပိုးတွေအိမ်ပေါ်တင်နေသည်။

''ယု ဗိုက်ဆာနေပြီလား''

''ကိုကော''

''အဟွန်း …မနက်ထဲက ဝမ်းသာပီတိနဲ့ ဗိုက်ထဲပြည့်နေတာ… ခုမှဆာလာသလိုလိုပဲယု''





အမှန်တော့ သူမလည်း ထိုအတိုင်းဖြစ်နေ၏။ မနက်က မင်္ဂလာပွဲမှာ သူမတို့ဘာမှဟုတ်တိပတ်တိ မစားမိခဲ့ကြပေ။

''ဒါဖြင့် ယု ထမင်းတည်လိုက်မယ်လေကို''

''အဟွန်း …နေပါစေဗျာ အဘကဒါတွေသိလို့ နောမော့ကို ထမင်းချိုင့်ပြင်ပြီး ထည့်ခိုင်းလိုက်တာ… ယုခဏထိုင်နေ၊ ကို ဟင်းတွေပြန်နွေးလိုက်ဦးမယ်''

''အို… ယုလည်း ကူလုပ်ပေးမှာပေါ့ ကို''

''ယု ပင်ပန်းပါတယ်၊ ထိုင်နေပါကွယ်''

သူမကိုညာသော သူသည် တစ်ယောက်တည်းလုပ်သွား၏။ မကြာခင်ပူနွေးသော ထမင်းပွဲကအသင့်။ ကိုက ခြံထဲမှ မုန်ညင်းရွက် လတ်လတ်ဆတ်ဆတ်များကို ခူးကာ ကြက်သွန်ဖြူ ဆားပြားရိုက်၍ ကမန်းကတန်းကြော်လိုက်သေး၏။ ဟင်းရည်က လွယ်တဲ့စွန်တန် ဖြစ်သည်။ ခြံထဲက ဂေါ်တသီးစိမ်းတွေကို နှစ်ခြမ်းခွဲထည့်ထားတာမို့ မွှေးပျံ့ကာ သောက်ချင်စဖွယ်။

''ကဲ… ယုရေ စားဖို့အသင့်ပဲ၊ နောက်နေ့တွေကြမှ… ကို့လက်ရာ ဟင်းအသစ်အဆန်းတွေ ချက်ကျွေးမယ်ဗျ''

''ကိုက ဟင်းချက်တတ်လို့လား''

''အဟွန်း …နောက်နေ့စားကြည့်ပေါ့ ယု''

သူမပန်းကန်ထဲသို့ ဟင်းတွေခပ်ထည့်ပေး၏။



www.burmeseclassic.com

"ကိုစားပါ၊ ယုတော့ ဒီအရွက်ကြော်ပိုကြိုက်တယ်"

လတ်လတ်ဆတ်ဆတ် မှုန်းညှင်းကြော်များကို သူမပိုစားမိသည်။

"အသီးအနှံတွေကတော့ ခြံထဲမှာအပြည့်ပဲယု၊ ဈေးခါနီးမှ ခူးပြီး ချက်ပြုတ်ရုံပဲ"

"ကောင်းတာပေါ့၊ အဲဒါမှ အာဟာရရှိတာကို"


ရာသီဥတုကအေးတာမို့ မီးလင်းဖိုနားမှာပဲ သူမတို့စားပွဲခင်းကာ ထမင်းစားကြသည်။ မနက်က ပင်ပန်းလို့လားမသိ နှစ်ယောက်သား ထမင်းစားကောင်းလှ၏။

"ယုအတွက်… ဟန်းနီးမွန်းထွက်မပေးနိုင်တာ… ကိုစိတ်မကောင်းပါဘူးဗျာ"

"အို ကိုကလဲ၊ ဒီခြံလေးက ဘယ်လောက်သာယာအေးချမ်းလဲဟင်၊ ဒီထက်ကောင်းတဲ့ ဟန်းနီးမွန်းဘယ်မှာရှိမလဲကို"

"ယုရယ်"

ရှိသမျှနှင့် ကျေနပ်ရောင့်ရဲတတ်သော သူမစိတ်ဓာတ်ကို လေးစားမိ၏။ ထို့ကြောင့်… မြတ်နိုးနှစ်သက်စွာဖြင့် သူမမျက်နှာလေးအား သူတစ်မှိန်စိမ့်ငေးကြည့်မိတော့သည်။





ပတ်ဝန်းကျင်မှာ အမှောင်ကလွှမ်းနေပြီ။ ကိုက ထမင်းပွဲကို သေချာကျနစွာသိမ်းဆည်းရှင်းလင်း၏။ သူမကို ဘာတစ်ခုမှ ကူမလုပ်နိုင်းပေ။

"အေးတယ်ယုရဲ့၊ မီးဖိုနားမှာပဲနေ"

ကြည့်စမ်း… ကိုဟာ သူမအပေါ်ဘယ်လောက်များ ကြင်နာတတ်လဲဆိုတာ။ ထို့ကြောင့် ကိုနှင့်လက်ထပ်ရတာ သူမအတွက် ကံကောင်းတယ်ဟု ထင်မိ၏။

မကြာခင် ကိုရောက်လာသည်။

"ယု တစ်ယောက်တည်းပျင်းနေပြီလားဟင်"

"ဟင့်အင်း"

ယောကျ်ားပီသစွာခန့်ညားသောကို့မျက်နှာကိုကြည့်ကာ သူမပြုံး၍ ခေါင်းခါယမ်းလိုက်၏။

ကိုက သူမနားလာထိုင်ကာ သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်"

"ကို"

နှစ်ယောက်သားမျက်ဝန်းချင်း ဆုံ၏။

ထို့နောက်လှိုက်လှဲသောအနမ်းများ၊ စောစောက အေးစက်နေသော သူမ၏နှုတ်ခမ်းလေးတွေ အချိန်ကြာမြင့်စွာ နွေးထွေးသွားရသည်။

"ဒီနေ့ဟာ ကို့အတွက် အိပ်မက်လိုပဲ ယု"

"အိပ်မက်မဟုတ်ပါဘူးကိုရယ်"

သူမပြောရင်း လက်တွေ့သက်သေပြသည့်အလား၊ သူ့ကို နမ်းရှိုက်လိုက်၏။

"ယု… ယုရယ်"

"အို"

ကိုက သူမကိုယ်လေးကို ဆတ်ခနဲပွေ့ချီကာ အိပ်ခန်းဆီ ခေါ်ခဲ့၏။ မီးလင်းဖိုလေးမှာလည်း ထင်းတွေကုန်သွားတာမို့ မီးငြိမ်းခဲ့ပြီ။ သည်တော့ ချမ်းအေးသောရာသီဥတုကို ခုခံနိုင်ရန်အတွက်… သူမ တစ်ကိုယ်လုံး ကျယ်ပြန့်သော ကို့ရင်ခွင်ထဲ တိုးဝင်လို့လေ။

"သိပ်ချစ်တာပဲယုရယ်"

နောက်ဆုံး ကို့ဆီက ထိုစကားသံသဲ့သဲ့သာ သူမကြားရင်း မကြာခင်နွေးထွေးသော ရင်ခွင်မှာနှစ်ခြိုက်စွာ အိပ်ပျော်သွားရတော့





၏။

သူမဘယ်လောက်ကြာအောင် နှစ်ခြိုက်စွာအိပ်ပျော်သွားတယ်မသိ၊ မျက်ဝန်းများဖွင့်လာချိန်မှာ အလင်းရောင်ဖျော့ဖျော့ကို မြင်နေရပြီ။

"အို… ကို"

ကြည့်စမ်း… ကိုက သူမကို ရင်ခွင်ထဲတင်းတင်းဖက်ကာ… မအိပ်ဘဲ ကြည့်နေတာပါလား။

"အစောကြီးရှိသေးတယ် ယု၊ ပြန်အိပ်ဦးလေ"

သူမပါးလေးများကို အသာနမ်းရှိုက်ရင်း သူပြောသည်။

"ကျွန်မ အကြာကြီးအိပ်ပျော်သွားလားကို"

"အင်း… ယုအိပ်ပျော်နေပုံလေးက… သိပ်ချစ်စရာကောင်းတာပဲဗျ"

"ဟင်… ကိုက မအိပ်ပဲယုကို ကြည့်နေတာလား"

သူမအံ့ဩသလိုမေးတော့ သူပြုံးကာ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်… ကို့ရင်ခွင်ထဲက အချစ်နတ်သမီးလေး ပျောက်သွားမှာစိုးလို့"

"အို ကိုကလဲ"

"တကယ်ပြောတာ… ယုက ကို့ရင်ခွင်ထဲက ခွတ်



www.burmeseclassic.com

www.burmeseclassic.com



အတင်း တိုးဝင်အိပ်နေတာ နိုးမှာစိုးလို့ ကိုဖြင့် မလှုပ်ရဲဘူး"

သည်တော့ သူမရှက်သလို ပြုံးမိ၏။ ကို့ကျောပြင်ကို ဖြူနုသွယ်လှပြည့်တင်းသောလက်လေးတွေဖြင့် အသာဖက်ရင်း ကို့ရင်ဘတ်ကို အသာနမ်းလိုက်မိ၏။

"အေးတာကို ကိုရဲ့"

"ဒါဆို... ကို့ ရင်ခွင်ကနွေးသလားဟင် ယု"

သူမပြုံး၍ "အင်း"ဟု ခေါင်းညိတ်တော့ ကို ကျေနပ် သွားပုံ။ သူမမျက်နှာလေးကို တစ်ရှိုက်ရှိုက်မက်မက် နမ်းသည်။

"ကို... ပြန်အိပ်လေ၊ ယု ကို့အတွက် မနက်စာပြင်ပေး မယ်"

သူ့ရင်ခွင်ထဲမှ ရုန်းထွက်ဖို့ပြုရင်း သူမပြောလိုက်၏။ သို့သော် သူက လက်မခံပါ။

"ဒီအချိန်အပြင်မှာ သိပ်အေးတယ်ဗျ၊ စောလည်းစော သေးတယ်၊ မထနဲ့ဦး"

ပြောရင်း ကိုက သူမကိုယ်လေးကို ပို၍တိုးဖက်၏။ ထို့နောက် သူ၏လိုက်ဖြာသောအနမ်းတွေ။

"ယု"

"ကို"

"ကို့ကိုချစ်လား"





"အို... ကြည့်စမ်း လက်ထပ်တောင်ပြီးနေမှပဲ"

"ဒါပေမယ့် ယုနှုတ်ဖျားက ကို့ကိုချစ်တယ်လို့ တစ်ခါမှ မပြောရသေးဘူးလေ"

သေချာစဥ်းစားကြည့်တော့ သူပြောတာဟုတ်နေသလို ပါပဲ။ ရင်ထဲကအရမ်းချစ်ခဲ့ပေမယ့် သူမနေတိုင်း ကောင်းကောင်းမဖြေ ခဲ့ပါ။

"ပြောစရာလိုသေးလားကိုရယ်"

"လိုတာပေါ့ဗျာ၊ ယောကျ်ားတိုင်းဟာ ကိုယ့်မိန်းမဆီက 'ချစ်တယ်'ဆိုတဲ့စကားကို ကြားချင်တယ်ယု"

သူပြောရင်း သူမမျက်နှာလေးကိုစိုက်ကြည့်၏။ ကို့ မျက်ဝန်းတွေက သူမထံမှတစ်စုံတစ်ရာကို မျှော်လင့်နေသလို။

သူမပြုံးလိုက်၏။

ထို့နောက် ကိုယ့်လည်တိုင်ကို အသာဖက်တွယ်ရင်း

"ချစ်ပါတယ် ကိုရယ်... ကို့ကိုချစ်လို့ ယု လက်ထပ်ခဲ့ တာပေါ့"

"အချစ်ရယ်"

"ချစ်တယ်"ဆိုတဲ့သူမ၏စကားတစ်ခွန်းမှာ ကိုဘယ် လောက်များ စိတ်လှုပ်ရှားသွားတယ်မသိ၊ လေးနက်ပြင်းပြသော အချစ်တွေက သူမထံကျရောက်လာတာမို့ မျက်ဝန်းလေးများ



www.burmeseclassic.com

www.burmeseclassic.com



မေးမိုတ်သွားရ၏။

"ကို… ကို"

"ဟင်… ယု"

"မိုးလင်းပြီကို ထတော့"

"ဟောဗျာ"

သည်တစ်ကြိမ်မှာ သူနှစ်ခြိုက်စွာအိပ်ပျော်သွားခဲ့၏။ မိုးလင်းတာနှင့် သူမက သူ့ရင်ခွင်မှ အသာထကာ ကိုယ်လက်သန့်စင်ပြီး မနက်စာပြင်သည်။

ဆေးခန်းသွားဖို့အသင့်ပြင်ပြီးမှ သူ့ကိုနှိုးလိုက်ခြင်းပါ။

"ကြည့်စမ်း ယုတောင် ပြင်ဆင်ပြီးသွားပြီ"

"ကိုက အိပ်ရေးကြီးတာကို"

"ဟုတ်တယ် စောစောပိုင်းကမှ ကိုအိပ်ပျော်သွားတာ"

သူမမျက်စောင်းထိုးတော့ ကိုရယ်၏။ အိပ်ရာကမထသေးဘဲ သူမကိုယ်လေးကို လှမ်းဆွဲဖက်သည်။

"ဟိတ်… မကဲနဲ့၊ ဆေးခန်းသွားရတော့မယ် ထကွာ"

"ကျွတ်… ယုရယ်… ဒီတစ်နေ့ဆေးခန်းမသွားပါနဲ့လား"

"ကိုနော်… ကလေးမဟုတ်ပဲနဲ့… ထကွာ… ကျီမကြနဲ့"





သူ့ကိုယ်ကြီးကို သူမဖွတ်အတင်းဆွဲထူပြီး အိပ်ရာသိမ်းလိုက်၏။ ကိုက မကြည်သာသောမျက်နှာမှုန်မှုန်ဖြင့် ရေချိုးရန်ထွက်သွားသည်။

တကယ်တော့ ဒီပိုရက်တွေဆိုတာ ချစ်စခင်စဇနီးမောင်နှံများအတွက် တစ်မိနစ်, တစ်စက္ကန့်တောင်' မခွဲချင်ဘူးလေ။

သို့သော်… ကိုယ်ရေးထက် အများအရေးကို သူမတို့ကြည့်ရမည်မဟုတ်လား။

"နောက်နေ့တွေ ယု အိပ်ရာက စောစောမထပါနဲ့ကွာ၊ ဒါတွေကို လုပ်ပါ့မယ်"

အသင့်ပြင်ထားသော မနက်စာများကိုကြည့်ပြီး သူပြောသည်။

"အမယ်လေး… ကိုရယ်၊ ယုက အိမ်ထောင်ရှင်မပါ၊ ကို့ကိုပြုစုရမှာ ယုတာဝန်လေ"

"ယုက အလုပ်တစ်ဖက်နဲ့ ပင်ပန်းမှာစိုးလို့ပါ"

သူ၏ကြင်နာသိတတ်မှုကြောင့် သူမပီတိဖြစ်ရပါသည်။

"ဟုတ်ပါပြီ၊ နေ့လယ်စာတော့ ကိုလက်ရာစားရမှာနော်"

"အပွန်း… စိတ်ချပါဗျာ၊ အကောင်းဆုံး ချက်ကျွေးမယ် ယု"

မနက်စာစားပြီးတာနှင့် သူမကို သူ့ဂျစ်ကားလေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့၏။

"နေ့လယ်ကြရင် ကိုလာကြိုမယ်ယု"

"ကို ပင်ပန်းပါတယ်"

"လုံးဝ မပင်ပန်းပါဘူး၊ ကို့မိန်းမလာကြိုတာပဲ"

"ဟင်း… ကိုနော်"

သူတို့ဆေးခန်းရောက်တော့ နောဖော့က အသင့်စောင့်နေသည်။

"အတော်ပဲ မမ၊ မမကိုတွေ့ချင်လို့တဲ့ ညှို့သည်တစ်ယောက်ရောက်နေတယ်"

"ဘယ်သူလဲ နောဖော့"

သူမ မျက်မှောင်လေးအသာတွန့်ကာ မေးလိုက်၏။ နောဖော့ ခေါင်းခါယမ်းကာ…

"ဟင့်အင်း …နောဖော့လည်း မသိဘူး မမ၊ ဦးလေးကြီးတစ်ယောက်ပဲ… အခန်းထဲမှာ ထိုင်စောင့်ခိုင်းထားတယ်"

"ဩော်… ဟုတ်လား"

ဘယ်သူများပါလိမ့်ဟု သူမတွေးရင်း ခန်းဆီးလိုက်ကာကို အသာဖယ်ကာ အထဲဝင်လိုက်၏။

ညှို့သည်က သူမကို နောက်ကျောပေးကာထိုင်နေသည်။ သူမခြေသံကြားတော့ ညှို့သည်က ဖြည်းဖြည်းခြင်း လှည့်ကြည့်





လာ၏။

"မေ"

"ဟင်… ရှင်"

ရုတ်တရက် သူမခြေလှမ်းတွေ ရပ်တန့်သွား၏။ ရှေ့တည့်တည့်မှ မြင်နေရသူကို မယုံနိုင်စွာ သူမငေးစိုက်ကြည့်မိသည်။ သူကိုယ်တိုင်ကလည်း သူမကိုတစ်ခဏမျှငေးစိုက်ကြည့်ပြီးမှ သတိဝင်လာ၏။

"မေ… မေ မောင့်ကို မမှတ်မိတော့ဘူးလားဟင်"

"အို"

သည်တစ်သက် မောင့်မျက်နှာကို သူမဘယ်တော့မှ မမြင်နိုင်ဟု ထင်ထားကာမှ ပြန်လည်ဆုံတွေ့ရတာ ဘာကြောင့်လဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာမင်းဇေယျာ… ဒါမှမဟုတ် သူမရဲ့တစ်ချိန်က မောင်။ နိုင်ငံခြားမှာတစ်ခြားမိန်းမတစ်ယောက်နှင့် ပျော်နေလောက်ပြီဟု ထင်ထားကာမှ သူမထံပြန်ရောက်လာခြင်းပါလား။

"မောင့်ကို မထင်မှတ်ဘဲ တွေ့လိုက်ရတော့ မေသိပ်အံ့သြသွားမှာပဲနော်၊ တကယ်တော့ မေသာမဟုတ်ပါဘူး၊ မောင့်ကိုယ်မောင်လည်း အံ့သြမိပါတယ်မေ"

ဒေါက်တာက… သူမနှင့်မျက်နှာချင်းဆိုင်လာရပ်ရင်း စကားတွေအဆက်မပြတ်ပြောနေ၏။ သူမက ဘာသံမှ မထွက်နိုင်ပေ။

"မာမီနဲ့အတူ နိုင်ငံခြားလိုက်ထွက်ခဲ့တာ… မာမီစိတ်ချမ်းသာအောင်လို့ပါ၊ ဒါပေမယ့် ဟိုမှာကြတော့… အားလုံးက ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ မာမီကို ဂရုမစိုက်နိုင်ကြဘူး၊

ကိုယ်လည်း အတူတူပါပဲမေ၊ အလုပ်ဝင်ခဲ့တော့ မာမီနဲ့နေဖို့ အချိန်နည်းသွားတယ်၊ အဲဒီမှာ မာမီဟာ အထီးကျန်ဝေဒနာ





ခံစားရင်း ရောဂါဝင်လာတယ်၊ မာမီရောဂါဖြစ်နေတာကို သာမန်ပဲကိုယ်ထင်ခဲ့တယ်…

တစ်ည မာမီအမောဖောက်တော့မှ ဆေးရုံအပြေးအလွှားတင်မိတယ်မေ၊ ဒါပေမယ့် ကိုယ်တို့ နောက်ကျသွားတယ်၊ မာမီဟာ မဆုံးခင် ကိုယ့်ကို တစ်ခွန်းပဲမှာသွားတယ်…

"သား မြန်မာပြည်ပြန်ပါတဲ့"

ကြည့်စမ်း… မြန်မာပြည်မှာ မိဘဆွေတွေပေါများစွာဖြင့် အရှိန်အဝါပြင်းပြင်းနဲ့ရပ်တည်ခဲ့သော သူမယောက္ခမကြီး… ကွယ်လွန်သွားပါရောလား။

မာမီထက်စာလျှင် စစ်ကိုင်းမှာအေးချမ်းစွာတရားအားထုတ်နေတဲ့ သူမမိခင်ကြီးကမှ မြတ်သေးပါလား။ ဘာအံပူအပင်မှမရှိ တရားရိပ်မှာ မိတ်ဟောင်းဆွေဟောင်းများနှင့် ကျန်းမာအေးချမ်းနေ၏။

"ကိုလည်း သိပ်နောင်တရမိတယ်မေ၊ တကယ်တော့ ဟိုကိုရောက်ပေမယ့် မောင်တစ်နေ့မှ မပျော်ခဲ့ဘူး၊ အဲဒါ မေ မရှိလို့လေ၊ မောင်ခေါ်ရာ မလိုက်လို့… မေ့ကိုစိတ်နာချင်ပေမယ့် ချစ်စိတ်က မရဘူး… အချိန်တန်တော့ မေ့ကိုပဲ သတိရနေခဲ့တယ်"

သူမမျက်နှာကို စူးစူးနင့်နင့်ကြီးကြည့်ကာ ဒေါက်တာ တစ်ခွန်းချင်းပြောသမျှ… နာကျင်သောနှလုံးသားဖြင့် တိတ်ဆိတ်စွာ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်မိ၏။

"ခုတော့ မောင်နောင်တရပါပြီမေ၊ ဟောဒီမြန်မာပြည်မှာပဲ မေနဲ့အတူ မောင်တစ်သက်လုံး နေပါတော့မယ်ကွယ်"

ပြောရင်း ဒေါက်တာက သူမပခုံးလေးကို ကြင်နာစွာဆုပ်ကိုင်လာ၏။ သူမအသာခေါင်းခါယမ်းကာ ဒေါက်တာလက်တွေကို ဖယ်ရှားမိသည်။ ဒေါက်တာ မျက်နှာပျက်သွားလျက်...

"ဘာဖြစ်လို့လဲမေ၊ မောင့်ကို မေ ခုထိ စိတ်နာနေတုန်းပဲလားဟင်"

တစ်ချိန်ကချစ်ခဲ့ဖူးသူမို့ သူမရင်နာရပါ၏။ ဒေါက်တာကို ကြေကွဲစွာကြည့်မိသည်။

"ကျွန်မက ဒေါက်တာ ဟိုမှာအိမ်ထောင်ကျသွားပြီထင်နေခဲ့တာ"

သူမလေသံက တိုးဖျော့အက်ကွဲနေသည်။ သူခေါင်းခါယမ်းကာ...

"မဟုတ်တာဗျာ၊ ကိုယ်မှ မေ့ကို မမုန်းနိုင်ပဲ... မိန်းမတွေ အများကြီးတွေ့ပေမယ့် မောင့်စိတ်က မေ့ကိုပဲ အမြဲသတိရနေတယ်"

"အို"

တမ်းတတဲ့ မောင့်မျက်ဝန်းတွေကြောင့် သူမဖျတ်ခနဲ





မျက်လွှာချလိုက်မိ၏။

"မေ"

"အို...ဟင့်အင်း"

လက်ကမ်းလာတဲ့ မောင့်ကို သူခေါင်းခါယမ်းလိုက်၏။ မောင်မျက်နှာပျက်လျက်...

"မေရယ်... မောင့်ကို သိပ်စိတ်နာနေပြီလား"

"ဟင့်အင်း... ဟင့်အင်း ကျွန်မ ဒေါက်တာကို စိတ်မနာပါဘူး"

"ဒါဆို"

"ဒါပေမယ့် ဒေါက်တာ... အသောကောင်းပေမယ့် အခါနှောင်းခဲ့ပါပြီ"

"ဗျာ ...မေ ဘာကိုဆိုလိုတာလဲ"

ဒေါက်တာက နားမလည်သောမျက်ဝန်းတွေဖြင့် သူမကိုမေး၏။ သူမသက်ပြင်းချကာ ဒေါက်တာကို ရီဝေစွာကြည့်မိစဉ်

"ယု"

"ကို"

ခန်းဆီးဖယ်ကာ ရောက်လာတာက... ကို။ မနေ့ကမှ လက်ထပ်လိုက်သော သူမ၏ခင်ပွန်း။

ဒေါက်တာက ကိုနှင့်သူမအား နားမလည်သော မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ကြည့်လေ၏။

"ဒေါက်တာ…ဒါ…ကျွန်မရဲ့ ခင်ပွန်း… ဦးစစ်ရန်နိုင်ပါ"

"ဗျာ"

အိုကွယ်… ဒေါက်တာမျက်နှာပျက်သွားလိုက်တာ… ဟင့်အင်း… ဒီလောက်မခံစားပါနဲ့ ဒေါက်တာရယ်။

"ကို…သူက… ခုမှ နိုင်ငံခြားကပြန်ရောက်လာတဲ့ ဒေါက်တာမင်းဇေယျာ"

"ဟင် …ဒေါက်တာမင်းဇေယျာ"

ကို ကိုယ်တိုင်လည်း ဒေါက်တာအား တွေ့လိုက်ရတဲ့အတွက် အလွန်အံ့ဩသွားပုံ။ ယောကျ်ားနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိသည်။

ထို့နောက် နှစ်ယောက်စလုံး၏အကြည့်က… သူမထံ ပြိုင်တူ ရောက်လာသည်။

"ကျွန်မကို ခွင့်လွှတ်ကြပါ"

ဝမ်းနည်းစွာဖြင့် ယောကျ်ားနှစ်ယောက်ကို သူမတောင်းပန်လိုက်၏။ သူတို့ ခေါင်းခါယမ်းလိုက်သည်။

"ယု… ယုရယ်… တကယ်တော့ ကျွန်တော်ဟာ… ယုကို နောက်မှ တွေ့တဲ့လူပါ၊ ဒေါက်တာကသာ ယုကို အရင်ပိုင်





ဆိုင်ခဲ့တဲ့လူပါ၊ ဒါကြောင့် ကျွန်တော်ကပဲ ယုကို… ကျေနပ်စွာ စွန့်လွှတ်ပေးပါရစေ"

"အို… ကို"

မထင်မှတ်တဲ့ ကို၏ ပြတ်သားစွာငဲ့ညှာမှုကြောင့် ရင်ထဲမှာ ကျင်သွားရသည်။ ထိုအချိန် ဒေါက်တာလှုပ်ရှားလာ၏။

"ဒီလိုတော့ မလုပ်ပါနဲ့ ဦးစစ်ရန်နိုင်၊ အမှန်တော့ ကျွန်တော်ကသာ မေ့ကို အရင်စွန့်လွှတ်ခဲ့တာပါ၊ ဒါကြောင့် မေ့ကို တကယ်ပိုင်ဆိုင်ထိုက်သူဟာ… ဦးစစ်ရန်နိုင်ပါ၊ မေ့အကြောင်းကို မသိလို့ ဒီအထိလိုက်လာမိတဲ့ ကျွန်တော့်ကိုသာ ခွင့်လွှတ်ပါဗျာ"

ကြည့်စမ်း ဒေါက်တာကလည်းသူ၏သဘောထားကြီးမှုကို ဖော်ပြနေပါလား။ တစ်ချိန်က ဒေါက်တာသာ ဒီလိုသဘောထားရှိခဲ့ရင် သူမတို့နှစ်ယောက်ကြား ဒီလိုကြေကွဲစရာတွေ ဖြစ်လာမည်မထင်။

"ဒေါက်တာရယ်"

သူတို့နှစ်ဦးကြားမှာ သူမမျက်ရည်တို့ရစ်ဝဲလာရ၏။ ကဲ… ယုယုမေ… ညည်းဘာလုပ်မလဲ။ သူမနဲ့ပတ်သက်တဲ့ယောကျ်ားသား နှစ်ယောက်လုံးက သဘောထားကြီးသည့်လူတွေဖြစ်နေပြီ။

ပြီးတော့ သူတို့နှစ်ယောက်လုံးက သူမအပေါ် သံယောဇဉ်ကြီးမားကာ ကောင်းသူတွေ။ ဘယ်သူ့ကိုစွန့်လွှတ်ရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုက အရင်ဆုံးသူမအား စူးစိုက်ကြည့်၏။ တစ်သက်စာ အကြည့်တွေလား ကိုရယ်ဟုသာ သူမမေးလိုက်ချင်သည်။

"ကို သွားတော့မယ်ယု"

ထို့နောက် ကိုချာကာနဲ့၊ သူမနှုတ်က ဘာမှမတားနိုင်တော့၊ ဒုတိယအလှည့် ဒေါက်တာ… သူမကို ရိုသေညို့မှိုင်းတမ်းတစွာ တစ်ချက်စိုက်ကြည့်ပြီး နေရာမှ ဖြည်းညင်းစွာထွက်သွား၏။

"ဒေါက်တာ"

ဟု သူမလှမ်းခေါ်ကာတားလိုက်ချင်ပေမယ့် နှုတ်ဖျားက ဘာမှမထွက်။ ယခုတော့ အခန်းထဲမှာ သူမတစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့၏။

စွန့်ခွာသွားကြပြီ။

သူမကိုချစ်တဲ့ ယောကျ်ားသားနှစ်ယောက်က ခုတော့ လှည့်မကြည့်စတမ်းပါလား။

မြူနှင်းသောပါးပြင်မို့မို့ပေါ်သို့ သူမမျက်ရည်တွေ စီးကျလာ၏။

"ရှိုက်သံ"

ယခုတော့ သူမရဲ့ရှိုက်သံကိုကြားပြီး ချော့မြှူနှစ်သိမ့်မည့်လူ တစ်ယောက်မှ မရှိပါလားကွယ်။

"မမ"





နောဖော့ဝင်လာသည်။ ငိုနေသည့်သူကို နောဖော့ အံ့သြသွားလိုကြည့်၏။ ထို့နောက် သတိပေးသံဖြင့်…

"မမ… မမ၊ ဦးနိုင်နဲ့ညီသည်တို့ ထွက်သွားကြပြီ"

"ဟင်"

ရင်နင့်ကြေကွဲစရာအဖြစ်အပျက်များကြောင့် ဆုံးဖြတ်ချက် ဘာချရမှန်းမသိသောသူမ ဖျတ်ခနဲ အသိဝင်လာ၏။

ထို့နောက် သူမနေရာမှ ချာခနဲလှည့်ထွက်ခဲ့၏။ အပြင်ဘက်မှာတော့ လားရာချင်းဆန့်ကျင်စွာ… ကျောခိုင်းကာသွားနေသည့် ယောကျ်ားသားနှစ်ဦး…

ရုတ်ခနဲ သူမခြေလှမ်းတို့က အပြေးထွက်လိုက်သည်။ နှုတ်မှလည်း

"ကို"

သူမခေါ်သံကြောင့် ကို့ခြေလှမ်းတို့ ရပ်တန့်သွားလေ၏။ ထို့နောက်အံ့သြစွာ သူမကိုလှည့်ကြည့်သည်။

"ယု"

"ကို… ကို… ယုကို မထားခဲ့ပါနဲ့"

"ယု… ယုရယ်"

မောပန်းနွမ်းလျစွာ ရင်ခွင်ထဲဝင်ရောက်လာသောသူမကို ကိုက လွှတ်ထွက်သွားမည့်အလား တအားတင်းကြပ်စွာဖက်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကိုနှင့်သူတို့နှစ်ယောက်သား အဝေးရောက်သွားပြီ ဖြစ်တဲ့ ဒေါက်တာမင်းဇေယျာကို စိတ်မကောင်းစွာ လှမ်းကြည့်မိသည်။

ခွင့်လွှတ်ပါ မောင်…

တကယ်တော့ မောင့်ကို ကျွန်မကစလို့ စွန့်ခွာခဲ့တာမဟုတ်ပါဘူး။ မောင်ထားတဲ့ဘဝမှာ ကျွန်မနေခဲ့ရတာပါ…။ နောက်တစ်ကြိမ် အသွင်စရိုက်ချင်းမတူတဲ့ မောင့်ဘဝထဲကို ကျွန်မပြန်ပြီး မဝင်ရောက်ပါရစေနဲ့ မောင်ရယ်…။

သည်အချိန်မြူနှင်းတို့က အတားအဆီးမဲ့စွာ ကျရောက်လျက်…၊ ထွက်ခွာသွားသော ဒေါက်တာကို ဖုံးလွှမ်းသွားလေတော့၏။

နှလုံးစိတ်ဝမ်းငြိမ်းချမ်းပါစေ

ဆုအဥ္စလီ



www.burmeseclassic.com